မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ပန်ဆင်သူအကျိုးကိုဆောင်နိုင်

တရားကိုစောင့်သူသည် တရား၏တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရ သကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော် သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့ နည်းဟူမူကား အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကို ဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၂)

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလကွယ်နေ့ ၂၀၁၉ ခုနှစ်၊ မေ ၄ ရက်၊ ကြာသပတေးနေ့ အတွဲ (၅၈)၊ အမှတ် (၁၈၆)

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

အိန္ဒိယ၊ ဟန်ဂေရီ၊ ဩစတြေးလျနှင့် ဆွစ်ဇာလန်သံအမတ်ကြီးတို့အား သီးခြားစီလက်ခံတွေ့ဆုံ

နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးနှင့် နိုင်ငံတကာမျက်နှာစာများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆွေးနွေး

နေပြည်တော် မေ ၃

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မကြာသေးမီက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများအဖြစ် ခန့်အပ်ခြင်း ခံရသော အိန္ဒိယသံအမတ်ကြီး မစ္စတာ ဆော်ရက်(ဘ်)ကူးမား၊ ဟန်ဂေရီသံအမတ်ကြီး မစ္စတာ ဆေးလ်ဗက်စတာဘတ်စ်၊ ဩစတြေးလျသံအမတ်ကြီး မစ္စ အင်ဒရီရာ ဖော့ခ်နာနှင့် ဆွစ်ဇာလန်သံအမတ်ကြီး မစ္စတာ တင်မ် အန်ဒါလင်တို့အား ယနေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ သီးခြားစီ လက်ခံတွေ့ဆုံခဲ့သည်။

အမြင်ချင်းဖလှယ်

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ရေအရင်းအမြစ်စီမံခန့်ခွဲမှုကဏ္ဍများအပါအဝင် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးနှင့် နိုင်ငံတကာမျက်နှာစာများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့ကြသည်။

သတင်းစဉ်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အိန္ဒိယသံအမတ်ကြီး မစ္စတာ ဆော်ရက်(ဘ်)ကူးမားအား လက်ခံတွေ့ဆုံစဉ်။

သတင်းစဉ်

ထူးခြားသည့် နေ့အပူချိန်များ ၃-၅-၂၀၁၉

ချောက်မြို့	၄၂	ဒီဂရီစင်တီဂရိတ်	မင်းဘူးမြို့	၄၀	ဒီဂရီစင်တီဂရိတ်
မကွေးမြို့	၄၁	ဒီဂရီစင်တီဂရိတ်	အောင်လံမြို့	၄၀	ဒီဂရီစင်တီဂရိတ်
တောင်တွင်းကြီးမြို့	၄၁	ဒီဂရီစင်တီဂရိတ်	ဆင်ဖြူကျွန်းမြို့	၄၀	ဒီဂရီစင်တီဂရိတ်
တောင်ငူမြို့	၄၁	ဒီဂရီစင်တီဂရိတ်	ပြည်မြို့	၄၀	ဒီဂရီစင်တီဂရိတ်
ဘော်လခဲမြို့	၄၁	ဒီဂရီစင်တီဂရိတ်	ဘားအံမြို့	၄၀	ဒီဂရီစင်တီဂရိတ်
မိတ္ထီလာမြို့	၄၀	ဒီဂရီစင်တီဂရိတ်			

မိုး/ဇလ

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ (၁) နှစ်တာ အချုပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ (၁)နှစ်တာအဖြစ် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ တတိယ (၁)နှစ်တာ ဆောင်ရွက်ချက်များကို အချုပ်ပို လေးမျက်နှာဖြင့် ဖော်ပြထားပါသည်။

မြန်မာ့အလင်း

ဒီမိုကရေစီနှင့် နိုင်ငံရေးပါတီများ

ဒီမိုကရေစီစနစ်အောက်တွင် နိုင်ငံရေးပါတီများ၊ နိုင်ငံရေးသမားများ၏ အခန်းကဏ္ဍမှာ အရေးကြီးလှပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံကဲ့သို့ ဒီမိုကရေစီစနစ် ခိုင်မာ အခြေတကျမဖြစ်သေးသည့် တိုင်းပြည်အဖို့ အရည်အချင်းပြည့်ဝသည့် နိုင်ငံရေးသမား အများအပြား ပိုမိုလိုအပ်သည်မှာ အမှန်။

နိုင်ငံရေးပါတီကောင်း၊ သို့မဟုတ် နိုင်ငံရေးသမားကောင်းတစ်ဦး၏ အဓိကအကျဆုံး အရည်အချင်းမှာ ပြည်သူလူထုနှင့်အတူ ရပ်တည်ရင်း ပြည်သူလူထု၏ ဆန္ဒသဘောထားကို သေသေချာချာ နားလည်ခြင်းဟု ယူဆပါသည်။ နိုင်ငံရေးမူဝါဒလမ်းစဉ်တို့ကို ဦးဆောင်ချမှတ်နိုင်ရန် လိုအပ်ပြီး လူထုနှင့် နီးကပ်မှုကအရေးကြီးပါသည်။ လူထု၏ နောက်က ဒရောသောပါးလိုက်နေရသည့် နိုင်ငံရေးသမားများ ဖြစ်ဖို့ မသင့်သလို၊ လူထုနှင့် မနီးစပ်သည့် လုပ်ငန်းစဉ်များကိုဖော်ထုတ်နေသူများလည်း ဖြစ်ဖို့ မသင့်ပါ။ တစ်နည်းအားဖြင့်ဆိုရလျှင် အလွန်အင်မတန်ကောင်းမွန်လှသည်ဟု ကိုယ်တိုင်မည်သို့ပင် ယုံကြည်သည့် လုပ်ငန်းစဉ်ဖြစ်စေကာမူ ပြည်သူလူထုက လက်ခံသဘောတူခြင်းမရှိလျှင် အောင်မြင်အောင် ဆောင်ရွက်နိုင်မည် မဟုတ်ပါ။

ထို့အတူ လူထုနှင့် အေးအတူပူအမျှ ခံစားစံစားလိုစိတ်ရှိပြီး ကိုယ်ကျိုးစီးပွားကို နောက်တန်းပို့ထားနိုင်မှ နိုင်ငံရေးသမားကောင်း ဖြစ်ပါမည်။ ဒီမိုကရေစီအမှောင်ဖုံးကာလများက ကိုယ်ကျိုးရှာ စည်းစိမ်ကြီးသူ အခွင့်ထူးခံ နိုင်ငံရေးသမားများကြောင့် နိုင်ငံဆင်းရဲ ပြည်သူမွဲခဲ့သည့် သမိုင်းက သက်သေခံနေပါသည်။

ထို့ပြင် လူထုနှင့် နီးစပ်သော အနစ်နာခံ နိုင်ငံရေးသမားဖြစ်ရုံ မျှမက လူထုကို ဦးဆောင်မှုပေးနိုင်သည့်၊ မူဝါဒနှင့် ပေါ်လစီရေးရာ ပိုင်နိုင်သည့်၊ ဇွဲလုံ့လရှိရှိ အလုပ်လုပ်နိုင်သည့် အရည်အချင်း အရည်အသွေးကောင်းများလည်း ရှိရန်လိုပါမည်။ မည်သို့သော အလုပ်မျိုးက ပြည်သူလူထုအတွက် ထိရောက်အကျိုးရှိမည်ဆိုသည်ကိုပါ နားလည်ပါးနပ်ရန်လည်း လိုပါမည်။ ပြီးနောက် လူထုနှင့်ဆက်သွယ်ပြောဆိုနိုင်စွမ်း၊ နားထောင်နားလည်နိုင်သော နှလုံးသားရှိရန်လည်း လိုအပ်ပါမည်။

မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်နှင့် လွန်မင်းစွာ အလှမ်းဝေးသည့် အမှုအလေ့ကြားမှာ နှစ်ငါးဆယ်ကျော် ခြောက်ဆယ်ခန့် ကျင်လည်ခဲ့ရသည် ဖြစ်သည့်အတွက် ထိုကာလများတွင် နိုင်ငံရေး ပီပီသသလုပ်ခွင့်ရသည့် နိုင်ငံရေးသမားဟူ၍ မရှိခဲ့ရ။ နိုင်ငံရေးသမားဟုဆိုလျှင် ရာသက်ပန် အတိုက်အခံလုပ်နေကြရတော့မည့်သူများလိုလို၊ သို့မဟုတ် ထောင်နှင့် အကျဉ်းစခန်းများ၊ စစ်ကြောရေးစခန်းများတွင် ကျင်လည်နေရသူများ လိုလို၊ သို့မဟုတ် လှုပ်၍မရအောင် ထိန်းကွပ်ခံထားရသူများလိုလိုသာ ဖြစ်နေခဲ့သည် မဟုတ်ပါလား။

သည်လိုကြားထဲတွင် လမ်းစဉ်ပါတီအစိုးရက ပါတီစုံဟုအမည်တပ် ကြွေးကြော်လိုက်သည့်အခါ၊ ၁၉၈၈ ဒီမိုကရေစီအရေးတော်ပုံကို အာဏာသိမ်းလိုက်သည့်အခါ၊ ထိုပါတီစုံအထွေထွေရွေးကောက်ပွဲ ပေါ်ပေါက်လာခဲ့သည့်အခါ အရေးတော်ပုံ၏ ရလဒ်တစ်ခု အောင်မြင်မှုတစ်ခုအနေဖြင့် နိုင်ငံရေးပါတီများ ပေါ်ပေါက်လာခွင့်ရခဲ့ကြခြင်း ဖြစ်ပေ၏။

လူထု၏ ဒီမိုကရေစီစနစ်ပေါ် ယုံကြည်ချက်၊ အာဏာရှင်စနစ်ကို မလိုလားချက်တို့၏ အခြေခံဖြင့် ဒီမိုကရေစီရေး နိုင်ငံရေးပါတီများ ပေါ်ပေါက်ခဲ့ခြင်းဖြစ်၏။ သို့သော်လည်း နိုင်ငံရေးအင်အားစုများအတွင်း၌ ပါတီအဖွဲ့အစည်းနှင့် နိုင်ငံရေးဆောင်ရွက်သည့် အစဉ်အလာ ခါးဆက်ပြတ်မှုဖြစ်ပေါ်ခဲ့ပြီး နိုင်ငံရေး ပီပီသသနှင့် နိုင်ငံရေးအင်အားကောင်းသည့် ပါတီများများစားစား မပေါ်ပေါက်နိုင်ခဲ့ဟု မြင်ပါသည်။

ယခုအခါတွင်မူ နိုင်ငံရေးကို အတော်အသင့် ကျကျနနလုပ်ခွင့်ရသည့် ခေတ်ကို ရောက်ရှိလာပြီ၊ ဒီမိုကရေစီ အခွင့်အရေးများလည်း အတော်အတန် ရရှိလာခဲ့ကြပြီဟု ယူဆပါသည်။ ထို့ပြင် ပြည်သူလူထု၏ နိုင်ငံရေး နိုးကြားမှု ပါးနပ်မှုတို့ကလည်း နိုင်ငံရေးပါတီတို့အတွက် အားတက်စရာ ဖြစ်ပါသည်။ သည်လိုအချိန်တွင် သည်လိုအခွင့်အရေးများပေါ်မူတည်ပြီး နိုင်ငံအတွင်း၌ အလွန်လိုအပ်နေသည့် နိုင်ငံရေးသမားကောင်းများ အင်နှင့်အားနှင့်ပေါ်ထွန်းလာရေးအတွက် နိုင်ငံရေးပါတီများက စနစ်တကျ ဦးစားပေးဆောင်ရွက်ကြလိမ့်မည်ဟု ယုံကြည်မျှော်လင့်နေပါကြောင်း။ ။

ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ ဗြိတိန်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၃

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ရဲမြင့်ဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး H. E. Mr. Daniel Patrick Chugg အား ယမန်နေ့က ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံဆွေးနွေးသည်။

ဒုတိယဝန်ကြီး ဒေါက်တာ ရဲမြင့်ဆွေနှင့် ဗြိတိန်နိုင်ငံ သံအမတ်ကြီးတို့ တွေ့ဆုံဆွေးနွေးကြစဉ်။

တွေ့ဆုံဆွေးနွေးရာတွင် သဘာဝ သယံဇာတများ ထိန်းသိမ်းကာကွယ်ရေး လုပ်ငန်းများ၊ ရာသီဥတုပြောင်းလဲမှု လျှော့ချရေးလုပ်ငန်းများ၊ ပတ်ဝန်းကျင်ထိခိုက်မှု ကာကွယ်ခြင်း လုပ်ငန်းများတွင် စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် နည်းပညာပိုင်းဆိုင်ရာ ကိစ္စရပ်များ၊ သတ္တုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများနှင့်မြန်မာနိုင်ငံ Forest Law Enforcement, Governance and Trade, Voluntary Partnership Agreement (FLEGT - VPA) လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရေးတို့အတွက် ဗြိတိန်နိုင်ငံ Department for International Development (DFID) ၏ အကူအညီဖြင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ အမြင်ချင်း ဖလှယ်ဆွေးနွေးကြကြောင်း သိရသည်။

သတင်းစဉ်

မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းရေးဆွဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် မေ ၃

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းရေးဆွဲခြင်းဆိုင်ရာ ညှိနှိုင်းအလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့နံနက်က နေပြည်တော် M Gallery Hotel ၌ ကျင်းပသည်။

ရှေးဦးစွာ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က လူသားအားလုံး သာတူညီမျှ ရရှိခံစားနိုင်စေရေးအတွက် မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့် ပတ်သက်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၈ ခုနှစ် အာဆီယံနိုင်ငံများမှ သဘောတူညီခဲ့သည့် ASEAN Enabling Masterplan ကို အခြေခံ၍ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP)နှင့် ချိတ်ဆက်ပြီး မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ စီမံကိန်း၏ ကဏ္ဍအလိုက်ထားရှိရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းစွာရေးဆွဲနိုင်ရန် လိုအပ်ကြောင်း၊ ထို့ပြင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး ပန်းတိုင်များ(၂၀၃၀)၊ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း၊ ဆက်စပ်ဝန်ကြီးဌာနများ၏ ဥပဒေ/ နည်းဥပဒေများ လုပ်ငန်းအစီအစဉ်များနှင့် ချိတ်ဆက်ရေးဆွဲရန် လိုအပ်ကြောင်း၊ ဆပ်ကော်မတီများအနေဖြင့် နယ်ပယ် ၆ ရပ်ဖြစ်သော ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်ရရှိရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ သဘာဝဘေးနှင့် အခြားအရေးပေါ်အခြေအနေများ၊ အလွယ်တကူ လက်လှမ်းမီရရှိနိုင်ရေးတို့ကို ဆက်စပ်ဝန်ကြီးဌာနများနှင့် ချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆွေးနွေးပွဲနှင့် သုတေသနလုပ်ငန်းများမှ ရရှိလာမည့်ရလဒ်များကို အခြေခံ၍ စနစ်ကျသောဦးစားပေးရွေးချယ်မှုများ၊ ဘဏ္ဍာငွေ ရေးဆွဲထည့်သွင်းခြင်း လုပ်ငန်းစဉ် အဆင့်ဆင့်ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ယခုနှစ် ဒီဇင်ဘာလအတွင်း မဟာဗျူဟာစီမံကိန်းမူကြမ်းကို တင်ပြသွားရန် လျာထားကြောင်း ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

ထို့နောက် UNICEF Myanmar မှ ဌာနေကိုယ်စားလှယ် (ကိုယ်စား) Mr. Samman J.Thapa က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ဦးစားပေးနယ်ပယ် ၆ ခုနှင့် ပတ်သက်၍ ဆွေးနွေးခြင်း၊ မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်နှင့် အခြားအကျိုးတူပူးပေါင်းဆောင်ရွက်နေသည့် မသန်စွမ်းအဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးတိုးတက်မှုမိတ်ဖက်အဖွဲ့အစည်းများ၏ အယူအဆ၊ သဘောထားများကို အကြံပြုတင်ပြ ဆွေးနွေးခြင်း၊ မေးခွန်းများ မေးမြန်းခြင်းတို့ကို သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဆွေးနွေးကြသည်။

အလုပ်ရုံဆွေးနွေးပွဲကို နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

၂၀၂၀ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ညှိနှိုင်းစည်းဝေး

ရေဦး မေ ၃

ရေဦးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက စီစဉ်ဆောင်ရွက်သည့် ၂၀၂၀ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက်က ရွှေနဒီဦးခန်းမ၌ ကျင်းပသည်။

မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများလုပ်ငန်း ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတွင် မြို့နယ်ရွေးကောက် ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိန်လင်းက မြို့နယ်ကော်မရှင်ဖွဲ့စည်းပုံ၊ ရပ်/ကျေးကော်မရှင်ဖွဲ့စည်းပုံ၊ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ၂၀၂၀ တွင် ကျင်းပမည့် ရွေးကောက်ပွဲကို စံ ၅ ချက် (လွတ်လပ်ရမည်၊ မျှတရမည်၊ အများယုံကြည်လက်ခံမှုရှိရမည်၊ ပြည်သူ၏ ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ်သည် တစ်ထပ်တည်းကျရမည်၊ ဘက်မလိုက်ရ) ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း။

ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲအရာရှိ ဒေါ်ဖြူဖြူအောင်က အခြေခံမဲဆန္ဒရှင်စာရင်း ကောက်ယူပြုစုရမည့်ပုံစံများကို ရှင်းပြခဲ့သည်။ အဆိုပါဆွေးနွေးပွဲသို့ ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၇ အုပ်စုမှ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သန်းသန်း (ပြန်/ဆက်)**

နိုင်ငံရဲ့ပုံရိပ် ပြန်လည်တောက်ပမြင့်မားလာအောင်

ကျွန်တော်တို့ရဲ့ နိုင်ငံသူ နိုင်ငံသားတွေ မျှော်လင့်တောင့်တနေတဲ့ လိုအင်ဆန္ဒတွေကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်ဖို့ မဏ္ဍိုင်ကြီးတွေအလိုက် ကျွန်တော်တို့အားလုံး ဆတက်ထမ်းပိုး ကြိုးပမ်းကြရဦးမှာ ဖြစ်ပါတယ်။ အလားတူ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့အလယ်မှာ ကျွန်တော်တို့ နိုင်ငံရဲ့ ပုံရိပ် ပြန်လည်တောက်ပမြင့်မားလာအောင်၊ ကျွန်တော်တို့နိုင်ငံသူ နိုင်ငံသားတွေရဲ့ ဂုဏ်သိက္ခာ ပို၍ပို၍ မြင့်တက်လာအောင် ကျွန်တော်တို့အားလုံး ဆက်လက်ပြီး ကြိုးစားကြရဦးမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

စုပေါင်းအင်အား

ကျွန်မတို့နိုင်ငံအတွက် အလိုအပ်ဆုံးဖြစ်တဲ့ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေး တည်ဆောက်ရာမှာ စုပေါင်းအင်အားဟာ အဓိကပါ။ တိုင်းရင်းသားများအကြား နှစ်ရှည်လများစွာ ဖြစ်ပွားလာခဲ့တဲ့ လက်နက်ကိုင်ပဋိပက္ခများ ငြိမ်းအေးစေဖို့ အပြန်အလှန် နားလည်မှု၊ အပြန်အလှန် လေးစားမှုက အခြေခံအုတ်မြစ်ပါ။ ဒီအုတ်မြစ်ကို စုပေါင်းအင်အားနဲ့ ခိုင်မာအောင် ဆောက်တည်နိုင်ပါတယ်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁-၄-၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဆွစ်ဇာလန်သံအမတ်ကြီး မစ္စတာ တင်မ် အန်ဒါလင် အား လက်ခံတွေ့ဆုံစဉ်။
(သတင်း-ရှေ့ဖုံး)
သတင်းစဉ်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ဥရောပသမဂ္ဂရွေးကောက်ပွဲနောက်ဆက်တွဲ လေ့လာရေးအဖွဲ့ခေါင်းဆောင်အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၃

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် ဥရောပသမဂ္ဂရွေးကောက်ပွဲနောက်ဆက်တွဲလေ့လာရေးအဖွဲ့ (EU Election Follow-up Mission, EU-EFM) ခေါင်းဆောင် Mr. Alexander Graf Lambsdorff နှင့် အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ရွေးကောက်ပွဲများ ကျင်းပရာတွင် စံ (၅)ချက်ဖြင့် ဦးတည်ချက်ထား ဆောင်ရွက်လျက်ရှိမှု၊ EU-EFM ၏ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအကြံပြုချက်များနှင့်စပ်လျဉ်း၍ ကော်မရှင်က ဆောင်ရွက်လျက်ရှိသည့်အခြေအနေနှင့် ရွေးကောက်ပွဲများတွင် ပြည်တွင်း၊ ပြည်ပ စောင့်ကြည့်လေ့လာရေးအဖွဲ့များ ခွင့်ပြုပေးလျက်ရှိမှုတို့ကို ရှင်းလင်းပြောကြားခဲ့ပြီး Mr. Alexander Graf Lambsdorff က ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု၊ မဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ အမျိုးသမီးများ ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ပါဝင်မှုမြှင့်တင်ရေး၊ မဲဆန္ဒနယ်ပြင်ပ ကြိုတင်ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်တို့နှင့်စပ်လျဉ်း၍ သိရှိလိုသည့် မေးမြန်းမှုများအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် EU-EFM တို့အကြား ပူးပေါင်းဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်းပြီး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ဥရောပသမဂ္ဂရွေးကောက်ပွဲနောက်ဆက်တွဲလေ့လာရေးအဖွဲ့ခေါင်းဆောင် Mr. Alexander Graf Lambsdorff အား လက်ခံတွေ့ဆုံစဉ်။
သတင်းစဉ်

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ ဇန်နဝါရီလအထိ မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်အခြေအနေ

နေပြည်တော် မေ ၃

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဇန်နဝါရီလအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၅၅ ဒသမ ၁၄ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၁၈ ဒသမ ၅၅ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၇၃ ဒသမ ၆၉ သန်းဖြစ်ပါသည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၄၅ ဒသမ ၁၄ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၂၂ ဒသမ ၄၈ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၆၇ ဒသမ ၆၂ သန်း ဖြစ်ပါသည်။ သို့ဖြစ်၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဇန်နဝါရီလအတွက် စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၁၄၁ ဒသမ ၃၁ သန်းဖြစ်ပြီး စုစုပေါင်း ကုန်သွယ်မှုပိုငွေမှာ အမေရိကန်ဒေါ်လာ ၆ ဒသမ ၀၇ သန်း ဖြစ်ပေါ်ခဲ့သည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ ဇန်နဝါရီလအထိ မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၉၃၅ ဒသမ ၇၀ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၃၁၈ ဒသမ ၀၈ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၂၅၃ ဒသမ ၇၈ သန်းဖြစ်ပါသည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၀၂၇ ဒသမ ၅၆ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၀၀ ဒသမ ၂၉ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၀၂၇ ဒသမ ၈၅ သန်းဖြစ်ပါသည်။ သို့ဖြစ်၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ ဇန်နဝါရီလအထိ စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၁၂၈၁ ဒသမ ၆၃ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၇၇၄ ဒသမ ၀၇ သန်း ဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေအစီရင်ခံစာအရ သိရှိရသည်။

သတင်းစဉ်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဥရောပသမဂ္ဂရွေးကောက်ပွဲနောက်ဆက်တွဲ လေ့လာရေးအဖွဲ့ခေါင်းဆောင်အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၃

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် ဥရောပသမဂ္ဂရွေးကောက်ပွဲ နောက်ဆက်တွဲလေ့လာရေးအဖွဲ့ (EFM)၏ ခေါင်းဆောင် Mr. Alexander Graf Lambsdorff အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၊ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အမြင်ချင်းဖလှယ် ဆွေးနွေး

ထိုသို့တွေ့ဆုံစဉ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆိုင်ရာကိစ္စ၊ မြန်မာနိုင်ငံ၏ ၂၀၁၅ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲ လေ့လာသုံးသပ်ချက်များနှင့် ၂၀၂၀ခုနှစ်၊ အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်ကိစ္စ၊ ရွေးကောက်ပွဲတွင် မဲဆန္ဒနယ်မြေများ၌ မဲပေးပိုင်ခွင့်ရှိသူများ၏ အခွင့်အရေးဆုံးရှုံးမှု မရှိစေရေးနှင့် မဲဆန္ဒရှင်စာရင်းများ ကွဲလွဲမှုမရှိစေရေးဆိုင်ရာကိစ္စ၊ ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများ စိစစ်ရေးဆိုင်ရာကိစ္စ၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥပဒေနှင့် ပတ်သက်သည့်ကိစ္စ၊ လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး H.E. Mr. Kristian Schmidt တို့ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဥရောပသမဂ္ဂရွေးကောက်ပွဲ နောက်ဆက်တွဲလေ့လာရေးအဖွဲ့ (EFM) ၏ ခေါင်းဆောင် Mr. Alexander Graf Lambsdorff အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဒေါက်တာသန်းမြင့် ထားဝယ်အထူးစီးပွားရေးဇုန်ဆောင်ရွက်မှုအခြေအနေများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၃

နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်တို့သည် မေ ၁ ရက် နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ ဆောင်ရွက်လျက်ရှိသည့် ထားဝယ်အထူးစီးပွားရေးဇုန် တည်ဆောက်ရေး အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ တည်ဆောက်ရေးရုံးခန်းမ၌ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) ဒေါက်တာမြင့်ဆန်းက Two Lane Road Overview ကနဦး တည်ဆောက်ရေးလုပ်ငန်း ကိုးခုအား ခွဲဝေနေရာချထားပေးမှုနှင့် ထားဝယ်အထူးစီးပွားရေးဇုန် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်တို့က လိုအပ်သည်များ မှာကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်တို့ကို ထားဝယ်အထူးစီးပွားရေးဇုန် ဆောင်ရွက်မှုအခြေအနေများ ရှင်းလင်းတင်ပြစဉ်။ သတင်းစဉ်

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်က တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ စီးပွားရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် မြန်မာ-ထိုင်း ဆက်ဆံရေးရုံးများသို့ သွားရောက်ကြည့်ရှုကြရာ မြန်မာ-ထိုင်း ဆက်ဆံရေးမန်နေဂျာ Dr. Somchet Tinnapong က လိုက်လံရှင်းလင်းပြသပြီး နှစ်လမ်းသွားကားလမ်း၏ အစဖြစ်သော (၀)ကီလိုမီတာမှတ်တိုင်သို့ လည်းကောင်း၊ တည်ဆောက်ရေးဇုန်အတွင်းသို့ လည်းကောင်း၊ Small Port ဆိပ်ကမ်းငယ် တည်ဆောက်ထားရှိမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့သည် ယင်းနေ့ မွန်းလွဲပိုင်းတွင် ထားဝယ်မြို့ ထားဝယ်ဟိုတယ် အစည်းအဝေးခန်းမ၌ ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက မိမိတို့အဖွဲ့သည် တနင်္သာရီတိုင်းဒေသကြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရန် လာရောက်ခြင်းဖြစ်ကြောင်း၊ ပြည်တွင်း၌ စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအား ဖိတ်ခေါ်ထားပြီးဖြစ်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် စနစ်တကျ ပြည်ပကုမ္ပဏီများနှင့် ပူးတွဲလုပ်ဆောင်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးစေရန်အတွက် ပြည်တွင်းမှ လုပ်သားများအား အလုပ်အကိုင်ရရှိစေရေး အသုံးပြုပါက စီးပွားရေးတိုးတက်လာမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဘဏ်များမှလည်း SME လုပ်ငန်းရှင်များအား ချေးငွေများ ထုတ်ချေးပေးမည်ဖြစ်ကြောင်း၊ ပြည်တွင်းထုတ်ကုန်များအား တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် တင်ပို့ရောင်းချပါက နိုင်ငံခြားငွေပိုမိုရရှိလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက လိုအပ်သည်များအား ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဆွေးနွေးပြီး နိဂုံးချုပ်စကား ပြောကြားသည်။

သတင်းစဉ်

ရန်ကုန်မြို့ပြ လူထုရထားပို့ဆောင်ရေးစီမံကိန်း အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီ ဒုတိယအကြိမ် အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၃

ရန်ကုန်မြို့ပြလူထုရထား ပို့ဆောင်ရေးစီမံကိန်း အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးတွင် ရန်ကုန်မြို့ပြ လူထုရထားပို့ဆောင်ရေး စီမံကိန်း (Yangon Urban Mass Rapid Transit – YUMRT) အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီ ဥက္ကဋ္ဌ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ရန်ကုန်မြို့ပြ လူထုရထားပို့ဆောင်ရေးစီမံကိန်း ဦးဆောင်ကော်မတီ ပထမအကြိမ် အစည်းအဝေးကို မတ် ၄ ရက်တွင် ကျင်းပခဲ့ပြီး ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ပါကြောင်း၊ ရန်ကုန်မိုးပျံရထားလမ်းနှင့် မိုးပျံအမြန်လမ်းတို့အား ချောမွေ့စွာ အကောင်အထည်ဖော်နိုင်ရန် လိုအပ်ချက်များကို ပြင်ဆင်နိုင်ခဲ့ပါကြောင်း၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ လမ်းအူကြောင်း အတည်ပြုသတ်မှတ်နိုင်ရေးတို့ကို ဆွေးနွေးနိုင်ခဲ့ကြောင်းနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား ဆွေးနွေးပေးရန် ပြောကြားသည်။

ထို့နောက် JICA Study Team မှ ဆက်လက်ဆောင်ရွက်ရမည့် စီမံကိန်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာသူများကလည်း ဝိုင်းဝန်းဆွေးနွေးကြသည်။

အဆိုပါ ရန်ကုန်မြို့ပြလူထုရထား ပို့ဆောင်ရေးစီမံကိန်း အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ရန်ကုန်မြို့ပြလူထုရထား ပို့ဆောင်ရေးစီမံကိန်း အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဥရောပသမဂ္ဂရွေးကောက်ပွဲနောက်ဆက်တွဲ လေ့လာရေးအဖွဲ့၏ ခေါင်းဆောင်အား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၃

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ဥရောပသမဂ္ဂရွေးကောက်ပွဲ နောက်ဆက်တွဲ လေ့လာရေးအဖွဲ့ (EFM) ၏ ခေါင်းဆောင် Mr. Alexander Graf Lambsdorff နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ညှိနှိုင်းခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

ထိုသို့တွေ့ဆုံစဉ် ဥရောပသမဂ္ဂရွေးကောက်ပွဲနောက်ဆက်တွဲလေ့လာရေးအဖွဲ့ (EFM) ၏ ၂၀၁၆ ခုနှစ်က တင်သွင်းခဲ့သော မြန်မာနိုင်ငံရွေးကောက်ပွဲအစီရင်ခံစာနှင့် စပ်လျဉ်းသည့်ကိစ္စ၊ ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဥရောပသမဂ္ဂရွေးကောက်ပွဲ နောက်ဆက်တွဲလေ့လာရေးအဖွဲ့ (EFM) ၏ ခေါင်းဆောင် Mr. Alexander Graf Lambsdorff အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ သတင်းစဉ်

နိုင်ငံတော်အစိုးရက လူတစ်ဦးချင်းစီ၏ အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေမှုများနှင့်ပတ်သက်၍ ဆွေးနွေး

နေပြည်တော် ဧပြီ ၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီး H.E. Ms. Tone Tinnes နှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ် အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးညွန့်အောင်နှင့် အဖွဲ့တို့ကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံး၌ သီးခြားစီ တွေ့ဆုံသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ် အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးညွန့်အောင်နှင့် အဖွဲ့တို့ တွေ့ဆုံအပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

နော်ဝေသံအမတ်ကြီးနှင့် တွေ့ဆုံစဉ် မိုင်းအန္တရာယ် အသိပညာပေးခြင်း၊ မိုင်းဒဏ်ခံရသူများအား ထောက်ပံ့ခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာ လုပ်ငန်းများတွင် နော်ဝေနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Thailand's Mine Action Centre သို့ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များ သွားရောက်လေ့လာနိုင်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်၊ အလုပ်အမှုဆောင်အဖွဲ့နှင့် တွေ့ဆုံစဉ် မသန်စွမ်းသူအသင်းအဖွဲ့ ကိုယ်စားလှယ်များအနေဖြင့် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ ကုလသမဂ္ဂရုံးတွင် ကျင်းပမည့် မြန်မာနိုင်ငံ မသန်စွမ်းသူများ၏ အခွင့်အရေးများအား ပြန်လည်သုံးသပ်ခြင်းအစည်းအဝေးသို့ တက်ရောက်ကြမည်ဖြစ်ရာ နိုင်ငံတော်အစိုးရက လူတစ်ဦးချင်းစီ၏ အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေမှုများ၊ မသန်စွမ်းသူများအရေးနှင့် ပတ်သက်၍ အကောင်အထည်ဖော်ခြင်း နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများ၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီက ဦးဆောင်၍ လုပ်ငန်းကော်မတီ၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကော်မတီများ၊ ကဏ္ဍအလိုက် ဆပ်ကော်မတီရှစ်ခုဖြင့် ဖွဲ့စည်းဆောင်ရွက်နေမှုများ၊ မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ မသန်စွမ်းမှု အဆင့်သတ်မှတ်ခြင်းနှင့် မှတ်ပုံတင်ခြင်း၊ မသန်စွမ်းမှုဆိုင်ရာ ဝေါဟာရအသုံးအနှုန်းများ လက်စွဲလမ်းညွှန်ထုတ်ဝေမည့်ကိစ္စ၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူအားလုံး၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊ သာတူညီမျှရှိစေရေး ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်း ဖြစ်ထွန်းလာရေးကို အလေးထားဆောင်ရွက်နေ

နေပြည်တော် ဧပြီ ၃

ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် အမေရိကန်နိုင်ငံအခြေစိုက် Duane Morris & Selvam LLP တို့ ပူးပေါင်း၍ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်း ဥပဒေများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ Kempinski Hotel ၌ ကျင်းပသည်။

အလုပ်ရုံ ဆွေးနွေးပွဲတွင် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည့် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်း ဥပဒေများကို ပြင်ဆင်ပြဋ္ဌာန်းလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအတွက် များစွာအလားအလာရှိသည့် နိုင်ငံဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင်လည်း ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်း ဖြစ်ထွန်းလာရေးကို အလေးထားဆောင်ရွက်နေပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေတို့ကို

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်း ဥပဒေများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

နိုင်ငံတကာကျင့်သုံးမှုများနှင့် လိုက်လျောညီထွေစွာ ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အငြင်းပွားမှုများ ဖြေရှင်းနိုင်ရေးအတွက် အနုညာတစီရင်ဆုံးဖြတ်ရေး ဥပဒေပြဋ္ဌာန်းခြင်း၊ New York Convention သို့ အဖွဲ့ဝင်အဖြစ် ပါဝင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုကဲ့သို့ ဘာသာရပ်ဆိုင်ရာ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်းဖြင့် အတွေ့အကြုံဗဟုသုတများ တိုးပွားစေပြီး ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဆိုင်ရာ ဥပဒေများကို ထိရောက်စွာ ကျင့်သုံးဆောင်ရွက်နိုင်မည်ဖြစ်ပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေပါကြောင်း ပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများ၊ သက်ဆိုင်ရာ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် Duane Morris &Selvam LLP မှ Mrs. Arafat Selvam ၊ Managing Director Mr. Krishna Ramachandra ၊ ပြည်ထောင်စုရှေ့နေချုပ်(ငြိမ်း) ဒေါက်တာထွန်းရှင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

မြို့ကြီးရေလှောင်တမံမှ ၂၀၁၉ ခုနှစ် နွေစပါးနှင့် နွေသီးနှံ စိုက်ပျိုးကေများအတွက် ရေလုံလောက်စွာ ပေးဝေလျက်ရှိ

မန္တလေး ဧပြီ ၃

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ ကျောက်ဆည်မြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်တို့တွင် ၂၀၁၉ ခုနှစ် နွေစပါးနှင့် နွေသီးနှံ စိုက်ပျိုးကေများ အောင်မြင်ဖြစ်ထွန်းရန်အတွက် မြို့ကြီးရေလှောင်တမံမှ ရေလုံလောက်စွာ ပေးဝေလျက်ရှိကြောင်း သိရသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ အဆိုပါမြို့ကြီးရေလှောင်တမံအား အဆင့်ဆင့်ပြုပြင်ထိန်းသိမ်းမှုများဖြင့် ဆောင်ရွက်လျက်ရှိပြီး စိုက်ပျိုးရေပေးဝေခြင်းများ လုပ်ဆောင်လျက်ရှိသည့်အပြင် မြို့ကြီးရေလှောင်တမံ ရေသောက်စနစ်တွင် တစ်ခုအပါအဝင်ဖြစ်သော ဇီးတောဆည်ရေသောက်စနစ်ကိုလည်း ကမ္ဘာ့ဘဏ်ချေးငွေအကူအညီဖြင့် မကြာမီကာလများတွင် အဆင့်မြှင့်တင်ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

ဓာတ်ရောင်ခြည်ကာကွယ်ရေးဆွေးနွေးစရာ

ခင်မောင်တင်(ဓာတ်ရောင်ခြည်)

ဓာတ်ရောင်ခြည်ဟူသော ဝေါဟာရကိုကြားရလျှင် လူတိုင်း ကြောက်ကြသည်။ ဓာတ်ရောင်ခြည်၊ အဆင်းမရှိ အနံ့မရှိ ဓာတ်ရောင်ခြည်။ မည်သည့်နေရာ၊ မည်သည့်အရပ်မှ လာမည်ကိုတွေး၍ ကြောက်ကြသည်မှာ သဘာဝကျပါသည်။

သို့သော် လူသားတိုင်းသည် ဓာတ်ရောင်ခြည်နှင့် လွတ်ကင်း၍မရပါချေ။ လူတိုင်းလူတိုင်းနေ့စဉ်နှင့်အမျှ ဓာတ်ရောင်ခြည်ထိခြင်းကို ခံနေရသည်။ ကျွန်ုပ်တို့အထိခံနေရသော ဓာတ် ရောင်ခြည်သည် အဆင့်နိမ့်ဓာတ်ရောင်ခြည်ဖြစ်ပြီး ကျွန်ုပ်တို့ ပတ်ဝန်းကျင်တွင် ရှိနေပါတယ်။ ကျွန်ုပ်တို့စားသော အစားအသောက်၊ နေထိုင်သောမြေ၊ တိုက်တာအဆောက်အအုံ၊ ကျွန်ုပ်တို့ရှူရှိုက်နေသောလေနှင့် အာကာသဟင်းလင်းပြင်မှလာသော ကော့စမစ်ဓာတ်ရောင်ခြည်တို့ကို ကျွန်ုပ်တို့ ရှောင်လွှဲ၍ မရပါချေ။ သို့သော် သဘာဝဓာတ်ရောင်ခြည်များသည် လူကိုအန္တရာယ်ဖြစ်စေလောက်သည့်ပမာဏ မရှိပါ။

ထို့ပြင် လူသားများ တီထွင်ဖန်တီးထားသော Man Made Radiation သည်လည်းပါသည်။ ယင်းဓာတ်ရောင်ခြည်များကို အသုံးပြု၍ ရောဂါရှာဖွေစမ်းသပ်ခြင်း၊ ရောဂါကုသခြင်းများ၊ လူသားတို့အား အကျိုးပြုစွမ်းဆောင်မှုများ ပြုကြပါသည်။ တစ်ဖက်တွင် လူသားတို့အား အကျိုးပြုသကဲ့သို့ အခြားတစ်ဖက်တွင်လည်း ထိုဓာတ်ရောင်ခြည်များကို ဂရုမမူ၊ စည်းစနစ်ကျနစွာ အသုံးပြုခြင်းမရှိပါက ဆိုးကျိုးများ ခံစားရနိုင်ပါသည်။ ဆေးဘက်ဆိုင်ရာရောဂါရှာဖွေကုသမှုတွင် အဓိကအားဖြင့် အိပ်(စ်)ရောင်ခြည်နှင့် ဂါမ္မာရောင်ခြည်တို့သည် ထင်ရှားလှပါသည်။ ယင်းဓာတ်ရောင်ခြည်နှစ်မျိုးမှာ အိုင်းယွန်းဖြစ်ဓာတ်ရောင်ခြည်များ ဖြစ်ပါသည်။

တချို့ကမေးကြသည်။ အိပ်(စ်)ရောင်ခြည်ထိရင် သေနိုင်သလားတဲ့။ ဓာတ်ရောင်ခြည်အန္တရာယ်ရှိမှုနဲ့ပတ်သက်ပြီး အကျဉ်းတော့ပြောပြချင်ပါသည်။ ဓာတ်ရောင်ခြည် အန္တရာယ်ကို Short Term Effect နဲ့ Long Term Effect ဆိုပြီး ယေဘုယျ ခွဲခြားထားပါသည်။ Long Term Effect မှာပဲ Somatic Effect နဲ့ Genetic Effect ဆိုပြီး နှစ်မျိုးရှိသည်။ Somatic Effect မှာပဲ Stochastic Effect နဲ့ Deterministic Effect ဆိုပြီး သတ်မှတ်ခဲ့သည်။ အကျိုးသက်ရောက်မှုတွေဟာ ဘာလဲဆိုတာ အသေးစိတ်ရေးမပြတော့ပါ။

ဆေးဘက်ဆိုင်ရာဓာတ်ရောင်ခြည်ထိမှုတွင် ဓာတ်မှန်ဘက်ဆိုင်ရာနည်းပညာရှင်များသည် ခိုင်လုံတရားမျှတမှုအတွက် အချက်အချာအဓိကကျသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။ ထို့ကြောင့် ဓာတ်မှန်ဘက်ဆိုင်ရာနည်းပညာရှင်များသည် မိမိ၏လူနာအား အတတ်နိုင်ဆုံး လိုအပ်သည်ထက် ဓာတ်ရောင်ခြည်မထိစေရေးအတွက် အပြည်ပြည်ဆိုင်ရာ ဓာတ်ရောင်ခြည်ကာကွယ်ရေးကော်မရှင် (ICRP)၊ အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီ (IAEA) နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ပူးတွဲပြဋ္ဌာန်းခဲ့သော " ALARA " As Low As Reasonably Achievable ဆိုသော ကာကွယ်ရေးအခြေခံသဘောတရားကိုလည်း လိုက်နာရန်လိုပါသည်။ ဓာတ်ရောင်ခြည်အန္တရာယ် ကင်းရှင်းရေးဒဿနတွင် သက်ရှိတစ်သျှူးများအပေါ် ဓာတ်ရောင်ခြည်ထိမှု၏ ဇီဝဗေဒဆိုင်ရာ အကျိုးသက်ရောက်မှုကို အခြေခံထားသည့် ယူဆချက်ဖြစ်ပြီး Linear Hypothesis သာဖြစ်သည်။ ဆိုလိုရင်း အဓိပ္ပာယ်မှာ ဓာတ်ရောင်ခြည်ထိမှု ပြင်းအားအလိုက်ထိခိုက်နစ်နာ အန္တရာယ်ဖြစ်စေနိုင်ပါသည်။ ယင်းအန္တရာယ်ဖြစ်မှုတွင် မျိုးဗီဇပြောင်းလဲခြင်းနှင့် ကင်ဆာဖြစ်မှု ပါဝင်၏။ ထို့ကြောင့် ဓာတ်ရောင်ခြည်ထိမှုအန္တရာယ်လျော့နည်းစေရန် ALARA ကို အမြဲစိတ်တွင် စွဲမှတ်ရန်လိုပါသည်။

ထို့အတူပင် ဓာတ်မှန်ဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်တစ်ဦးအနေဖြင့် လုပ်ငန်းခွင်ဝင်တော့မည်ဆိုလျှင် လူနာများအား ဓာတ်ရောင်ခြည်မလိုအပ်ဘဲ မထိစေရန်အပြင် မိမိကိုယ်တိုင်ပင် လုပ်ငန်းခွင်ဓာတ်ရောင်ခြည်ထိမှုနည်းအောင် အခြေခံဓာတ်ရောင်ခြည် ကာကွယ်ရေးစည်းမျဉ်းကို အမြဲတမ်းမှတ်သားထားသင့်ပါသည်။

(၁) Justification of Practice
(၂) Optimization of Protection
(၃) Individual dose Limits တို့ပင်ဖြစ်သည်။

ဓာတ်မှန်ဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအနေဖြင့် ICRP သတ်မှတ်ထားသော ဓာတ်ရောင်ခြည်လုပ်သားများအတွက် လုပ်ငန်းခွင်အန္တရာယ်ထိမှု (Effective Dose)

“ဓာတ်ရောင်ခြည်၊ အဆင်းမရှိ အနံ့မရှိ ဓာတ်ရောင်ခြည်၊ မည်သည့်နေရာ၊ မည်သည့်အရပ်မှ လာမည်ကိုတွေး၍ ကြောက်ကြသည်မှာ သဘာဝကျပါသည်”

တစ်နှစ်လျှင် 20m Sv ထိနိုင်သည်ဟု ဆိုငြားသော်လည်း ဤအဆင့်အထိ မရောက်စေရန် အခြေခံဓာတ်ရောင်ခြည်ကာကွယ်ရေးဥပဒေဖြစ်သော

(၁) ဓာတ်ရောင်ခြည်လွှတ်ကြာချိန် (Time)
(၂) ဓာတ်ရောင်ခြည်လွှတ်ပင်ရင်းနှင့် မိမိအကွာအဝေး (Distance)
(၃) ဓာတ်ရောင်ခြည်အကာအရံများ (Shielding) သတိပြုရမည်ဖြစ်ပါသည်။ ဓာတ်မှန်ဌာနတစ်ခု ဖွဲ့စည်းတည်ဆောက်ပုံကို ပြောချင်ပါသည်။

ဓာတ်မှန်ဌာနတစ်ခု တည်ဆောက်တော့မည်ဆိုလျှင် ICRP တို့ IAEA ၊ WHO စတဲ့ အဖွဲ့အစည်းတွေရဲ့လမ်းညွှန်ချက်အတိုင်း ဆောက်လုပ်ကြခြင်းဖြစ်သည်။ Control Booth ထဲမှာ ဘာ ကြောင့် Apron ဝတ်မရိုက်တာလဲဆိုပြီး မေးတဲ့လူကမေးပါသည်။ Lead Apron ကို ဓာတ်မှန်ဌာန၏ PPE (Personal Protective Equipment) သာဖြစ်ပြီး ရိုးရိုးဓာတ်မှန်ရိုက်ခန်းမှာ Control Booth ဟာ ဓာတ်ရောင်ခြည်ကာကွယ်ရေး လုံခြုံမှုရှိပါသည်။ Fluoroscopy အခန်းထဲမှာ ဝင်ရောက် လုပ်ကိုင်သည့် ဓာတ်မှန်ဆရာဝန် ဓာတ်မှန်ဘက်ဆိုင်ရာ ကျွမ်းကျင်သူပညာရှင်တွေဟာ မဝတ်မနေရပါ။ Portable X-ray သွားသည့် Radiographer တွေ ဝတ်ရပါ။

Control Booth ဆိုသည်မှာ အနည်းဆုံး 2mmPb Equivalent သို့မဟုတ် အုတ်အထူ 9 inches ရှိသည်။ Control Booth သည် Direct Radiation မထိပါ။ Scattered Radiation လောက်သာ ထိခြင်းဖြစ်သည်။။ Scattered Radiation အကြောင်း ရှင်းပြလိုပါမည်။

ဓာတ်မှန်ရိုက်ဖို့ စေလွှတ်သည့်ဆရာဝန်တွေအနေနဲ့ တာဝန်သိမှု၊ တာဝန်ခံမှု ရှိဖို့လိုပါသည်။ လူနာတွေ ဓာတ်ရောင်ခြည်ထိမှုနှင့် ပတ်သက်၍ ဓာတ်မှန်ဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ ဓာတ်မှန်ဘက်ဆိုင်ရာဆရာဝန်များ အလားတူဆေးကုသပေးသည့် ဆရာဝန်များလည်း တာဝန်အသီးသီးရှိကြပါသည်။ ဗြိတိသျှတော်ဝင် ဓာတ်ရောင်ခြည်ဌာန၏ အာဘော်မှာ ဆေးကုသသည့်ဆရာဝန်သည် ဓာတ်မှန်ရိုက်စမ်းသပ်မှုတစ်ခုပြုလုပ်ဖို့တောင်းဆိုခဲ့ရင် သူဟာ လူနာကို ဓာတ်ရောင်ခြည်ထိမှု၊ အကျိုးသက်ရောက်မှုနဲ့ ပတ်သက်ပြီး တာဝန်ယူရမယ်လို့ ဆိုထားပါသည်။

ဆေးကုသည့်ဆရာဝန်များသည် မိမိ၏လူနာအား ဓာတ်မှန်ရိုက်ရန် စေလွှတ်သည့်အခါ ဓာတ်မှန်စမ်းသပ်မှုတောင်းခံလွှာတွင် လူနာမှတ်တမ်းအကျဉ်းကိုလည်း ရေးပေးရန် လိုအပ်ပါသည်။ သို့မှသာ ဓာတ်မှန်ဘက်ဆိုင်ရာ ဆရာဝန်များအနေဖြင့် လူနာခံစားနေရသောရောဂါအတွက် ကောင်းစွာအဖြေရှာပေးနိုင်မည် ဖြစ်ပါသည်။ ထို့အတူပင် တစ်ခါတစ်ရံ ဆေးကုသသည့်ဆရာဝန်သည် ဓာတ်မှန်ဌာနသို့ မိမိစမ်းသပ်စစ်ဆေးခိုင်းသောစမ်းသပ်မှုအတွက် ဆောင်ရန်၊ ရှောင်ရန်အပြင် ဆေးပေးမှုလည်း ပြုလုပ်ရန်လိုပါသည်။

ဓာတ်မှန်ဌာနမှာ အများဆုံးအမေးခံရသည့်မေးခွန်းကရင်ဘတ်အဆုတ်ဓာတ်မှန်ခဏခဏရိုက်ရင် အန္တရာယ်ရှိသလားတဲ့။ နိုင်ငံခြားသွားဖို့ ဆေးစစ်လာသူတွေက မေးကြသည်။ သူတို့အရင်တစ်ခါ နိုင်ငံခြားထွက်တုန်းက ဓာတ်မှန်တစ်ခါရိုက်ခဲ့သည်။ အခုတစ်ခါလည်း ထပ်ရိုက်ခိုင်းပြန်ပြီတဲ့။ ဓာတ်ရောင်ခြည်နဲ့တောဟုတ်တော့ ဟုတ်နေပြီ။ သူတို့အတွေးနဲ့ သူတို့တော့ မှန်နေတာပေါ့။ နိုင်ငံခြားသွားဖို့ ဆေးစစ်သည်။ မစစ်မနေရဘဲ၊ တချို့လည်း အောင့်သက်သက်နဲ့ စစ်သွားရှာသည်။ အခုခေတ်မှာက TB တို့၊ HIV တို့ကလည်း ပေါ်များနေတယ်မို့လား။ HIV ရှိတဲ့လူဟာ TB က အဖော်လိုက်လာတာလေ။ တစ်ခါတလေမှာ ဓာတ်မှန်ကို အသေအချာ ရိုက်ပေးလိုက်ရက်နဲ့ နိုင်ငံခြားရောက်တဲ့အခါ Chest X-ray မရိုက်တော့ဘဲ CT တစ်ခါတည်းဆွဲပစ်လိုက်တော့ ရင်ဘတ်ဓာတ်မှန်မှာ မပေါ်တဲ့ရောဂါ၊ CT ကျမှ ပေါ်လာလို့ သူခမျာ မြန်မာပြည် ပြန်လာရသည်။ ဆေးစစ်ပေးသည့် ဌာနလည်း လေယာဉ်စရိတ်များ လျော်ပေးရသည်ဟု ကြားနေရသည်။

အဲဒီလိုပဲ ဆေးလောကမှာ ဖြစ်တတ်တာလေးပါ။ တချို့နိုင်ငံခြားသွားမယ့်သူတွေဟာ ရင်ဘတ်ဓာတ်မှန်မှာ မရှင်းလို့၊ မသေချာလို့၊ ကွန်ပျူတာဓာတ်မှန် (CT) သွားရိုက်ပါဟု စေလွှတ်ခံရတဲ့သူတွေနဲ့လည်း ကြုံဖူးပါသည်။ ဓာတ်ရောင်ခြည်ထိတာကိုကြောက်တဲ့သူတွေ CT ရိုက်ခိုင်းမှာ စိုးနေပြီပေါ့။

ရိုးရိုးရင်ဘတ်ဓာတ်မှန်ရိုက်ရင် ဓာတ်ရောင်ခြည် ဘယ်လောက်ထိသလဲဆိုတာ သိချင်မှာပဲ၊ ဓာတ်ရောင်ခြည်ထိမှုဟာ ဓာတ်မှန်အရိုက်ခံရသူရဲ့ရင်ဘတ်သိပ်သည်းမှု၊ လူရဲ့အဝ / အပိန်၊ ရိုက်ကူးတဲ့ ဓာတ်မှန်စက်ရဲ့ဓာတ်မှန်စက်ခေါင်းနဲ့ ဓာတ်မှန်ရိုက်ခံသူရဲ့ အကွာအဝေး စတဲ့အချက်များစွာပေါ်မှာ မူတည်ပြီး တစ်ဦးနဲ့တစ်ဦး ဓာတ်ရောင်ခြည်ထိမှုဟာ ကွာခြားပါသည်။ နိုင်ငံတကာ သုတေသနပြုချက်အရ ရင်ဘတ်ဓာတ်မှန် PA တစ်ချပ်မှာ ထိတဲ့ဓာတ်ရောင်ခြည်ထိနှုန်းဟာ မတူကွဲပြားကြပါသည်။ 0.02 မှ 0.1 mSv အတွင်းမှာ ရှိတယ်လို့ American College of Radiology, Radiology Society of North America စတဲ့အဖွဲ့အစည်းတွေက ထုတ်ပြန်ထားပါသည်။ Millisievert (mSv) ဆိုတာကတော့ ဓာတ်ရောင်ခြည်ထိမှုကို တိုင်းတာတဲ့ယူနစ်ပဲ ဖြစ်ပါသည်။

လူတစ်ဦးတစ်ယောက် ရင်ဘတ်ဓာတ်မှန်ရိုက်ရင် ဓာတ်ရောင်ခြည်ထိမှုနဲ့ သဘာဝဓာတ်ရောင်ခြည်ထိမှုကို နှိုင်းယှဉ်ကြည့်ရအောင်လား။ သဘာဝဓာတ်ရောင်ခြည်ထိမှုအကြောင်းကို အရင်ဆောင်းပါးမှာ ဖော်ပြထားတော့ ဒီမှာဖြစ်ရင် အကျယ်ရှင်းမပြတော့ပါ။ လူတစ်ဦးရင်ဘတ်ဓာတ်မှန်တစ်ခါရိုက်တာနဲ့ သဘာဝဓာတ်ရောင်ခြည်ထိမှု ၁၀ ရက်စာနဲ့ တူညီသည်ဟု သုတေသနစာတမ်းတွေမှာ ရေးသားထားပါသည်။

ဓာတ်ရောင်ခြည်ထိမှုနှင့် ပတ်သက်၍ ICRP က ပြည်သူလူထုအတွက် တစ်နှစ်လျှင် 1 mSv ထိနိုင်တယ်ဟု ဆိုပါသည်။ ဒီတော့ ဆေးစစ်ဖို့ ရင်ဘတ်ဓာတ်မှန်ရိုက်သည့် လူတစ်ယောက်ဟာ ICRP Annual Dose Limit ရောက်ဖို့ဆိုရင် ၁၀ ကြိမ်လောက် ရိုက်ခွင့်ရှိပါသည်။ ဒါပေမယ့် ဘယ်သူမှ နိုင်ငံခြားသွား အလုပ်လုပ်ဖို့ တစ်နှစ် ၁၀ ကြိမ် မရိုက်ကြပါ။

ရင်ဘတ်ဓာတ်မှန်ရိုက်ရင် အန္တရာယ် ရှိ မရှိကို လေ့လာကြည့်ရအောင်။ ဓာတ်ရောင်ခြည်ထိရင် အန္တရာယ်ဖြစ်တတ်တဲ့ ဆိုးကျိုးတွေကိုလည်း အရင်ဆောင်းပါးမှာ ဖော်ပြပြီးခဲ့ပြီ။ အခုလတ်တလော ဓာတ်ရောင်ခြည်ကြောင့် အရေပြားမှာ ဘာဖြစ်နိုင်သလဲ။ ပထမဆုံး အရေပြားနီမြန်းခြင်း ဆိုတာဖြစ်မယ်။ အရေပြားနီမြန်းတာ တခြားအကြောင်းတွေကြောင့်လည်း မဖြစ်နိုင်ဘူးလား။ စဉ်းစားကြည့်ကြပါ။ တခြားအကြောင်းတွေကြောင့်လည်း ဖြစ်နိုင်တာပေါ့။ ဥပမာ အပူကြောင့် ပိုးမွှားကိုက်လို့လည်း ဖြစ်နိုင်တာပဲ။ Infection ရောဂါပိုးကြောင့်လည်း ဖြစ်နိုင်တာပဲ။ ယားယံလို့လည်းဖြစ်သည်။ နေပူထဲထွက်ရင် UV ရောင်ခြည်ကြောင့်လည်း အရေပြား နီမြန်းနိုင်သည်။

ဓာတ်ရောင်ခြည်ထိလို့ အရေပြားနီမြန်းလာတာဟာ 3-5 Gy က စပြီးဖြစ်သည်။ 2 Gy အောက်ထိမှုကတော့ အရေပြားမှာ ဘာမှမဖြစ်သေး။ ရောင်ခြည်ထိမှု 5-10 Gy မှာ ဆိုရင်တော့ ရောင်ခြည်ထိပြီး နှစ်ပတ်မှ ရှစ်ပတ်မှာ အရေပြားနီမြန်းမည်။ ဆံပင် အမွေးအမျှင်တွေ ကျွတ်ထွက်ကုန်မည်။ ဒီနေရာမှာ ရင်ဘတ်ဓာတ်ရောင်ခြည်ထိမှုကို mGy နဲ့ ပြခဲ့သည်။ Gy ဆိုတာက Absorbed Dose Unit သာဖြစ်သည်။ Sv ဆိုတာကတော့ Effective Dose သာဖြစ်ပါသည်။ Absorbed dose နဲ့ Effective Dose ဟာ မတူပါဘူး။ Absorbed Dose ကို Radiation weighting factor & Tissue weighting factor နဲ့ မြှောက်မှ Effective dose ကို ရမှာပါ။ ဒီတော့ Lung ရဲ့ Tissue Weighting Factor က 0.12 ဖြစ်ပါသည်။

Erythema dose ကို Sv နဲ့ ပြမယ်ဆိုရင် 0.6 - 1.2 Sv ဖြစ်ပါမည်။ တချို့သုတေသီတွေကတော့ Erythema Dose ဟာ 6 Gy လို့ ဆိုတယ်။ Effective Dose ပြောင်းရင် 6 Gy × 0.12 = 0.72Sv ရမည်။ အချုပ်ပြောမယ်ဆိုရင် Erythema Dose ရဖို့ 0.72 Sv ⟶ 720 mSv ÷ 0.1 mSv= 7200 ရိုက်မှပဲရမည်။ အကြိမ် 7200 ကို ဘယ်သူမှလည်း မရိုက်ကြပါဘူး။ ရိုက်ရင်လည်း ဓာတ်မှန်စက်က မခံနိုင်ပါဘူး။ Erythema Dose ဟာ ဓာတ်ရောင်ခြည်နဲ့ ဆေးကုတဲ့လူနာတွေမှာသာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ရင်ဘတ်ဓာတ်မှန်တစ်ခါ ရိုက်ရင် ထင်ရှားစေနိုင်တဲ့ အန္တရာယ်မရှိဘူးဆိုတာ ပြောချင်ပါတယ်။

နောက်တစ်ခုက Scattered Radiation လွင့်စဉ်ရောင်ခြည်ကို ကြောက်ကြတယ်။ လက်တွေ့စမ်းသပ်ချက်အရ သုတေသီတွေဟာ ပုံသေနိယာမတစ်ခုချခဲ့တယ်။ လူနာရဲ့ Entrance Dose ထိရာ Primary Beam ရဲ့ 90 မှာ ၁မီတာအကွာအဝေးမှတိုင်းရင် 0.1% ပဲ Scattered Radiation ရောက်ပါတယ်။ ဆိုကြပါစို့ Entrance dose ဟာ 0.1 mSv ဆိုရင် မီတာအကွာအဝေးတွင် 0.0001 mSv သာရောက်ပါမယ်။ အဲဒီတော့ ALARA နိယာမအတိုင်း Distance ဆိုတဲ့ အကွာအဝေးကို ကြည့်ရမယ်။ Inverse Square Law အရ ၂ မီတာဆိုရင် တွက်သာကြည့်ကြပါတော့၊ ဒါကြောင့် ဓာတ်ရောင်ခြည်ထိမှာ မကြောက်ကြပါနဲ့။ ဓာတ်မှန်ဌာနတစ်ခုမှာ ရင်ဘတ်ဓာတ်မှန်ဟာ အများဆုံး ရိုက်ရတာပါ။ ။

တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ရန်ကုန်တိုင်းဒေသကြီးအသင်း တံခွန်စိုက်ဆုဖလား ဆွတ်ခူး

နေပြည်တော် မေ ၃

၂၀၁၉ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် (၂၅) နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ညနေ ၄ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး ဒေါ်နန့်ကြင်ကြည်တို့ တက်ရောက်ကြည့်ရှုအားပေးသည်။

ထို့ပြင် ဗိုလ်လုပွဲသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်နှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ ကရင်ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာ့အားကစားကို ကူညီထောက်ပံ့ပေးနိုင်ရေး တရုတ်နိုင်ငံဆိုင်ရာ ကွင်းဆင်းလေ့လာရေး ကိုယ်စားလှယ်အဖွဲ့၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဘောလုံးဝါသနာရှင် ပရိသတ်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် (၂၅) နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး မတ် ၂၁ ရက်မှ မေ ၃ ရက်အထိ ယှဉ်ပြိုင်ကစားကြရာ တတိယနေရာလုပွဲစဉ်ကို ယနေ့နံနက် ၇ နာရီတွင် ရှမ်းပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး ရှမ်းပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ ဗိုလ်လုပွဲကို ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရကာ တံခွန်စိုက်ဒိုင်းကို ရရှိခဲ့သည်။

ပြိုင်ပွဲအပြီး ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က အကောင်းဆုံးဂိုးသမားဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ယဉ်ယဉ်မိုးနိုင်၊ နောက်တန်းအကောင်းဆုံး အားကစားသမားဆု ရရှိသည့် ကရင်ပြည်နယ်အသင်းမှ နှင်းထက်ထက်ဝေ၊ အလယ်တန်းအကောင်းဆုံး အားကစားသမားဆု ရရှိသည့် ရှမ်းပြည်နယ်အသင်းမှ နန်းချိုမွှေး၊ ရှေ့တန်းအကောင်းဆုံး အားကစားသမားဆုရရှိသည့် ကရင်ပြည်နယ်အသင်းမှ နန်းထက်ထက်ဝင်းနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ စန်းစန်းမော်တို့ကို ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ၂၀၁၉ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် (၂၅) နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းအား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။ သတင်းစဉ်

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက ၂၀၁၉ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် (၂၅) နှစ်အောက် အမျိုးသမီးဘောလုံး ပြိုင်ပွဲတွင် တတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းအား ငွေသားဆု ခုနစ်သိန်းနှင့် တစ်ဦးချင်း ဆုတံဆိပ်များကို လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန်က ဒုတိယဆုရရှိသည့် ကရင်ပြည်နယ်အသင်းအား ငွေသားဆု ၁၀ သိန်းနှင့် တစ်ဦးချင်း ဆုတံဆိပ်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းအား ငွေသားဆု ၁၅ သိန်း၊ တစ်ဦးချင်း ဆုတံဆိပ်များနှင့် ၂၀၁၉ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ တံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်သည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဩစတြေးလျနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၃

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ဩစတြေးလျနိုင်ငံသံရုံးမှ သံအမတ်ကြီး မစ္စ အင်ဒရီရာ ဖော့ခ်နာအား ယနေ့ ညနေ ၃ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဩစတြေးလျနိုင်ငံသံရုံးမှ သံအမတ်ကြီး မစ္စ အင်ဒရီရာ ဖော့ခ်နာအား လက်ခံတွေ့ဆုံစဉ်။

ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

ထိုသို့တွေ့ဆုံစဉ် သတ္တုတွင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်ပရင်းနှီးမြှုပ်နှံမှု တိုးတက်ရရှိရေး၊ ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရေးနှင့် ဒေသခံများ၏ လူနေမှုဘဝ မြှင့်တင်ရေးဆောင်ရွက်နိုင်သည့် အစီအမံများ၊ သတ္တုတူးဖော်မည့် မြေအမျိုးအစားအလိုက် မြေယာစီမံ အုပ်ချုပ်သည့် အဖွဲ့အစည်းများနှင့် လုပ်ငန်းစဉ်များ၊ သတ္တုကဏ္ဍအပါအဝင် ကဏ္ဍအလိုက် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း လုပ်ထုံးလုပ်နည်းများ ရေးဆွဲဆောင်ရွက်မှုနှင့် လိုက်နာဆောင်ရွက်လျက်ရှိသည့် ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများ၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ နိုင်ငံအဆင့်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ ထုတ်လွှတ်မှု လျှော့ချရေးအတွက် စွမ်းအင်၊ စက်မှုနှင့် ပို့ဆောင်ရေးကဏ္ဍများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ အရှေ့ဘက်နယ်စပ်ဒေသတစ်လျှောက် မီးခိုးမြူငွေ့ညစ်ညမ်းမှု မြင့်မားနေခြင်း အကြောင်းရင်းနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ ရွှေ့ပြောင်းတောင်ယာစနစ် ပြုပြင်ပြောင်းလဲရေးနှင့် သီးနှံသစ်တောရောနှော စိုက်ပျိုးခြင်းအလေ့အထများ ကျင့်သုံးရေးဆောင်ရွက်မည့် လုပ်ငန်းများ၊ နှစ်နိုင်ငံအကြား ပတ်ဝန်းကျင်၊ သစ်တောနှင့်သတ္တုကဏ္ဍဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ နည်းပညာပူးပေါင်းဆောင်ရွက်ရေးတို့နှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြကြောင်း သိရသည်။

သတင်းစဉ်

"ပျော်ရွှင်ဆင်နွှဲ တိုင်းရင်းသားရိုးရာပွဲ" ရောင်စုံဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

ရန်ကုန် မေ ၃

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို ဖော်ထုတ်နိုင်ရန် ရည်ရွယ်၍ **"ပျော်ရွှင်ဆင်နွှဲ တိုင်းရင်းသားရိုးရာပွဲ"** ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားပါမည်။ အဆိုပါပြိုင်ပွဲကို တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ ယဉ်ကျေးမှုပွဲတော်များ၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ တိုင်းရင်းသားများ၏ ဝတ်စားဆင်ယင်မှုနှင့် ရိုးရာအသုံးအဆောင်ပစ္စည်းများ၊ စာပေ၊ သဘင်၊ ဂီတဖွံ့ဖြိုးတိုးတက်လာမှုများကို ဖော်ညွှန်းရိုက်ကူးထားသည့် ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည် ဖြစ်ပါသည်။

ပြိုင်ပွဲစည်းကမ်းချက်များမှာ ပြိုင်ပွဲတွင် မြန်မာနိုင်ငံသား မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင်ဓာတ်ပုံသည် မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသော ရောင်စုံဓာတ်ပုံ ဖြစ်ရမည်။ ပြိုင်ပွဲဝင် ဓာတ်ပုံအရွယ်အစားမှာ ၁၀ လက်မ× ၁၄ လက်မ အရွယ်အစား တစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပုံအရေအတွက် အကန့်အသတ်မရှိ ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။ မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပါသည်။ ဒီဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်း ပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးသည့် ဓာတ်ပုံများအား ယှဉ်ပြိုင်ခြင်း မပြုရပါ။ ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပုံနှိပ်ထုတ်ဝေပြီးသော ဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများ မဖြစ်ရပါ။ ပြိုင်ပွဲဝင်ဓာတ်ပုံများကို ပေးပို့ရာတွင် ဓာတ်ပုံအရွယ်အစား၊ ၁၀ လက်မ × ၁၄ လက်မ ဓာတ်ပုံ Hard Copy နှင့် Soft Copy(CD) တို့ကို ပူးတွဲပေးပို့ရမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံတွင် အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဓာတ်ပုံ၏အကြောင်းအရာ၊ ရိုက်ကူးသည့်နေရာဒေသ၊ ကိုယ်တိုင်ရိုက်ကူးထားကြောင်း ဝန်ခံချက်တို့ကို ဓာတ်ပုံတိုင်း၏ နောက်ကျော၌ သီးခြားစက္ကူဖြင့်ကပ်၍ တစ်ပါတည်း ပူးတွဲတင်ပြပါရှိရမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများအား ပြိုင်ပွဲကျင်းပသည့်ဌာနအနေဖြင့် အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို ပြိုင်ပွဲဝင်သူမှ သဘောတူခွင့်ပြုရပါမည်။

ပြိုင်ပွဲတွင် ဆုရရှိသူများအား **ပထမဆု** သုံးသိန်းကျပ်၊ **ဒုတိယဆု** နှစ်သိန်းငါးသောင်းကျပ်၊ **တတိယဆု** နှစ်သိန်းကျပ်နှင့် **အထူးဆု** တစ်သိန်းကျပ်စီ စုစုပေါင်းဆု (၈) ဆု ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၂၀၁၉ ခုနှစ်၊ မေ ၂ ရက်၊ ညနေ ၄ နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး (ထုတ်လုပ်)၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့သို့ ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ၎င်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသောဓာတ်ပုံများအား ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သိရှိရသည်။

သတင်းစဉ်

❒ *ကျောဖုံးမှ*

ရထားစီးနင်းရာတွင် ခရီးသွား ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရန် ရထားတွဲတစ်တွဲလျှင် ထိုင်ခုံ ၆၂ လုံးနှင့် ထိုင်ခုံမဲ့ဦးရေ ၂၀ မှ ၃၀ အထိသာ လက်မှတ်ရောင်းချပေးလျက်ရှိသည်။

နှစ်စီးသာပြေးဆွဲနိုင်

မြန်မာ့ (၁၂) လ ရာသီပွဲတော်များတွင် သင်္ကြန်ကာလသည် ခရီးသွားအများဆုံးနှင့် ရထားစီးခရီးသွားများသောကာလလည်းဖြစ်သောကြောင့် မြန်မာ့မီးရထားမှ တွဲဆိုင်းများ တိုးချဲ့ပြေးဆွဲပေးနိုင်သည်နှင့်အမျှ ခရီးသည်စီးနင်းမှုရှိမည်ဖြစ်သော်လည်း စက်ခေါင်းနှင့်တွဲဆိုင်းများ လိုအပ်ချက်ကြောင့်သာ သင်္ကြန်ရထားနှစ်စင်းသာပြေးဆွဲနိုင်ခြင်းဖြစ်သည်။

ရန်ကုန်-မန္တလေးရထားလမ်းပိုင်းများကို အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး ပဲခူး-တောင်ငူကြားတွင် သံလမ်း၊ ကျောက်နှင့်ကျောက်ဇလီဖားတုံးများ သယ်ဆောင်ခြင်းနှင့် လမ်းပိုင်းဆိုင်ရာ တိုင်းတာရေးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိကာ ပေါင် ၁၁၀ ၊ (၈၂)ပေရှည်သော ဂျပန်နိုင်ငံမှ သံလမ်းများ မေလဆန်းတွင်ရောက်ရှိမည်ဖြစ်၍ လက်ရှိအသုံးပြုနေသော သံလမ်းများထက် အရည်အသွေးကောင်းမွန်သော သံလမ်းများကို အသုံးပြုမည်ဖြစ်သောကြောင့် မီးရထားဖြင့် ခရီးသွားလာမှုသည် လာမည့်သုံးနှစ်အတွင်း ပြောင်းလဲမှုများစွာကို ကြုံတွေ့ခံစားရမည်ဖြစ်ကြောင်း သိရသည်။

သင်္ကြန်ကာလတွင် ရန်ကုန်မြို့ပတ်ရထားပြေးဆွဲမှုကို ဧပြီ ၁၄ ရက်မှ ၁၆ ရက်အထိ သုံးရက်တာခရီးစဉ်အား လျှော့ချပြေးဆွဲမည်ဖြစ်ပြီး သင်္ကြန်ကာလတွင် ရပ်နားသောတွဲဆိုင်းများ၏ ကြံ့ခိုင်မှုကို မွမ်းမံဆောင်ရွက်မည်ဖြစ်ကြောင်း၊ လက်ရှိတွင် ရထားတွဲဆိုင်း ၂၅ ဆိုင်းဖြင့် ခေါက်ရေ ၂၂၉ ခေါက်တိတိ ရန်ကုန်ဘူတာကြီးမှ ပြေးဆွဲပေးလျက်ရှိပြီး သင်္ကြန်ကာလတွင် ခေါက်ရေ ၇၀ ကျော်သာ နှစ်စဉ်ပြေးဆွဲလျက်ရှိ၍ ရန်ကုန်ဘူတာကြီးမှ သင်္ကြန်အထူးရထားနှစ်စင်းဖြင့် ခရီးသွားပြည်သူတို့အား ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သန်းထိုက်

မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် မေ ၃ -မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပြည်မြို့တွင် ၁ ဒသမ ၉၉ လက်မ၊ ကွမ်းလုံးမြို့တွင် ၁ ဒသမ ၂၂ လက်မ၊ တကောင်း (စိုက်ပျိုး ရေး)တွင် ၁ ဒသမ ၁၃ လက်မ၊ တွန်းဇံမြို့တွင် ၁ ဒသမ ၀၆ လက်မ၊ ရမ်ကလောင်းတွင် ၀ ဒသမ ၉၄ လက်မ၊ တမူးမြို့တွင် ၀ ဒသမ ၇၅ လက်မ၊ ဟားခါးမြို့နှင့် ကလေးဝမြို့တို့တွင် ၀ ဒသမ ၇၁ လက်မစီ၊ ဖလမ်းမြို့တွင် ၀ ဒသမ ၆၇ လက်မ၊ မချမ်းဘောမြို့တွင် ၀ ဒသမ ၆၃ လက်မ၊ မိုးကောင်းမြို့နှင့် သီပေါမြို့တို့တွင် ၀ ဒသမ ၅၉ လက်မစီ၊ ပူတာအိုမြို့ လားရှိုးမြို့နှင့် မြစ်ဆုံတို့တွင် ၀ ဒသမ ၅၅ လက်မစီတို့ဖြစ်ကြသည်။ **မိုး/ဇလ**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေဆွေးနွေး

နေပြည်တော် ဧပြီ ၃

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး မစ္စတာ ဆော်ရက်(ဘ်)ကူးမားအား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်မြှင့်တင်ဆောင်ရွက်နိုင်မည့် အခြေအနေ၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေ၊ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေး အားကစားအဖွဲ့များ၊ ယဉ်ကျေးမှုအဖွဲ့များနှင့် အဆင့်အလိုက် ချစ်ကြည်ရေးအဖွဲ့များ အပြန်အလှန်စေလွှတ်နေမှုအခြေအနေနှင့် ပင်လယ်ရေကြောင်း တိုင်းတာရေး အပါအဝင် နှစ်နိုင်ငံရေတပ်များအကြား ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများအား ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး မစ္စတာ ဆော်ရက်(ဘ်)ကူးမားအား လက်ခံတွေ့ဆုံစဉ်။

ဓာတ်ပုံ- တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

မြန်မာ- ထိုင်းနှစ်နိုင်ငံ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီမှုလက်မှတ်ရေးထိုးပွဲ ကျင်းပစဉ်။

မြိတ်မြို့တွင် မြန်မာ- ထိုင်းရှေးဟောင်းမြို့နှစ်မြို့ ချစ်ကြည်ရေးနှင့် ခရီးသွားလာမှု မြှင့်တင်ရေးပူးပေါင်းဆောင်ရွက်ရန် သဘောတူညီမှုလက်မှတ်ရေးထိုးပွဲ ကျင်းပ

မြိတ် ဧပြီ ၃

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်းရှိ ရှေးဟောင်းမြို့ဖြစ်သော တနင်္သာရီမြို့နှင့် ထိုင်းနိုင်ငံ စုဖန်ဘူရီခရိုင်ရှိ ရှေးဟောင်းမြို့ (ဒွါရဝတီ) ဥူထောင်မြို့တို့အကြား ချစ်ကြည်ရေးနှင့် ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းမြှင့်တင်နိုင်ရေး ရည်ရွယ်၍ ဧပြီ ၃ ရက် နံနက် ၉ နာရီက မြိတ်မြို့ Grand Jade ဟိုတယ်အစည်းအဝေးခန်းမတွင် မြန်မာ- ထိုင်း နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပြီး ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီမှုလက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

ရှေးဟောင်းမြို့နှစ်မြို့ ချစ်ကြည်ရေးနှင့် ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းမြှင့်တင်ရန်အတွက် မြိတ်ခရိုင် ခရီးသွား လုပ်ငန်းရှင်များအသင်း၊ ဧည့်လမ်းညွှန်များအသင်းနှင့် တနင်္သာရီစာပေယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးအဖွဲ့တို့နှင့် ထိုင်းနိုင်ငံ စုဖန်ဘူရီခရိုင် ခရီးသွားလုပ်ငန်းကောင်စီ ဦးဆောင်သော အဖွဲ့များမှ တွေ့ဆုံဆွေးနွေးကြပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရန် သဘောတူညီမှုလက်မှတ်ရေးထိုးခဲ့ကြသည်။ ဆွေးနွေးပွဲကို မြိတ်ခရိုင် မှ ၃၃ ဦးနှင့် စုဖန်ဘူရီခရိုင်မှ ၂၃ ဦး တက်ရောက်ခဲ့ကြသည်။

"မြိတ်ခရိုင် ခရီးသွားလုပ်ငန်းရှင်များအသင်းနဲ့ တနင်္သာရီစာပေယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးအဖွဲ့ ပူးပေါင်းပြီး အသင်းအဖွဲ့တွေအနေနဲ့ အစိုးရကိုတင်ပြကာ မြို့ဟောင်းဖော်ထုတ်ပြီး သူတို့နဲ့ ချိတ်ဆက်ဆောင်ရွက်သွားဖို့ရှိပါတယ်။ မြိတ်မှာက ကျွန်းအခြေပြု ခရီးသွားလုပ်ငန်းကို လုပ်ဆောင်နေတာဖြစ်ပါတယ်။ နောက်ပိုင်းကျရင် မောတောင်နယ်စပ်ဂိတ် ဖွင့်ဖို့လည်း မျှော်လင့်ပါတယ်။ နယ်စပ်ဂိတ်ဖွင့်သွားရင် ယဉ်ကျေးမှု Culture Tour တွေကို ပိုမိုဆောင်ရွက်နိုင်မယ်လို့ ထင်ပါတယ်" ဟု မြိတ်ခရိုင် ခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသိန်းဆွေမြင့်က ပြောသည်။

လမ်းပန်းဆက်သွယ်မှု အခြေအနေအရ တနင်္သာရီမှာ ပြင်ဆင်ထားမှုနှင့် ခရီးသွားလုပ်ငန်းကို ဆွဲဆောင်နိုင်မှု သိပ်မရှိသေးသည့်အတွက် လောလောဆယ် အခြေအနေမှာ နည်းပါးနေသေးကြောင်း၊ လမ်းများကောင်းမွန်လာသဖြင့် ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ခရီးသွားလုပ်ငန်းအများကြီး တိုးတက်လာနိုင်ကြောင်း၊ တနင်္သာရီတွင် မြို့ရိုးများ၊ ကျုံးများ၊ လူနေမှုဘဝများ၊ နဂါးလှေယဉ်ကျေးမှုများရှိကြောင်း တနင်္သာရီစာပေယဉ်ကျေးမှု အမွေအနှစ်ထိန်းသိမ်းမြှင့်တင်ရေးအဖွဲ့မှ သိရသည်။

"တနင်္သာရီကို ရောက်ခဲ့တုန်းက ရှေးခေတ်ပစ္စည်းတွေတင် မဟုတ်ဘဲနဲ့ သမိုင်းမတင်ခင်ခေတ်က ကျောက်ခေတ်ပစ္စည်းတွေကိုလည်း တွေ့ရှိရပါတယ်။ အဲဒါက ဒွါရဝတီခေတ်က ဥူထောင်မြို့နဲ့ သွားတူညီနေပါတယ်။ ဒါကြောင့် ဒီမြို့နှစ်မြို့က တစ်ချိန်တုန်းက ဆက်စပ်မှုတွေရှိခဲ့တယ်လို့ ယူဆလို့ရပါတယ်" ဟု စုဖန်ဘူရီခရိုင် ခရီးသွားလုပ်ငန်းကောင်စီဥက္ကဋ္ဌ Dr. Anusak Kongmanai က ပြောသည်။

ရှေးဟောင်းမြို့ဖြစ်သော တနင်္သာရီနှင့် (ဒွါရဝတီ) ဥူထောင်မြို့တို့အကြား ချစ်ကြည်ရေးနှင့် ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းမြှင့်တင်နိုင်ရန်အတွက် နှစ်နိုင်ငံ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး ပူးပေါင်းဆောင်ရွက်ရန် သဘောတူလက်မှတ်ထိုးခဲ့ကြကာ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

ခိုင်ထူး (ပြန်/ဆက်)

သဃ်န်းညီနောင်ကျေးရွာရှိ လမ်းတံတားကြေးနှင့် မြို့ဝင်ကြေး ကောက်ခံနေသော ဂိတ်အား မြို့ပြင်နေရာသို့ ပြောင်းရွှေ့နေရာသတ်မှတ်ပေးရန် လွှတ်တော်တွင် တင်ပြမေးမြန်း

မြဝတီ ဧပြီ ၃

ဒုတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေး(ဒုတိယ)နေ့ ကျင်းပသည့် ဧပြီ ၂ ရက် အစည်းအဝေးတွင် "မြဝတီမြို့ သဃ်န်းညီနောင်ကျေးရွာရှိ လမ်းတံတားကြေးနှင့် မြို့ဝင်ကြေးကောက်ခံနေသော ဂိတ်အား ကွင်းကလေးကျေးရွာအလွန် မြို့ပြင်နေရာသို့ ပြောင်းရွှေ့နေရာ သတ်မှတ်ပေးရန် အစီအစဉ် ရှိ / မရှိ" မေးခွန်းအား မြဝတီမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးသန့်ဇင်အောင်က မေးမြန်းတင်ပြခဲ့ကြောင်း သိရသည်။

အဆိုပါ မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်က မြဝတီမြို့ သဃ်န်းညီနောင်ကျေးရွာရှိ လမ်းတံတားကြေး ကောက်ခံသည့် လုပ်ငန်းမှာ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်သည့်လုပ်ငန်းဖြစ်ပြီး မြို့ဝင်ကြေးဂိတ်မှာ မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ဝင်ဘီးကောက် (၁) အခွင့်အရေး လိုင်စင်အား လေလံချထားပေးခဲ့သည့် လုပ်ငန်းဖြစ်ပါကြောင်း၊ မြဝတီမြို့သဃ်န်းညီနောင်ကျေးရွာရှိ လမ်းတံတားကြေးနှင့် မြို့ဝင်ကြေးကောက်ခံနေသော ဂိတ်အား ကွင်းကလေးကျေးရွာအလွန် မြို့ပြင်နေရာသို့ ပြောင်းရွှေ့နေရာသတ်မှတ်ပေးနိုင်ရေးအတွက် မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ (၁၄-၂-၂၀၁၉) ရက်စွဲပါ စာအမှတ်၊ ၂၇၈ / ၈ - ၁၁ / မ၀တ (၀၀၁)ဖြင့် မြဝတီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လိပ်မူ၍ မြဝတီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ မိတ္တူပေးပို့ပြီးဖြစ်ပါကြောင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ သက်ဆိုင်ရာဌာနများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ လမ်းဦးစီးဌာနနှင့် သက်ဆိုင်ရာကျေးရွာ အုပ်ချုပ်ရေးအဖွဲ့များဖြင့် ပေါင်းစပ်ညှိနှိုင်း၍ သင့်တော်သည့် မြေနေရာအား ကရင်ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြပြီး ခွင့်ပြုချက်ရရှိလျှင် မြို့ဝင်ကြေးကောက်ခံရေး ဂိတ်ကို ရွှေ့ပြောင်းဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားခဲ့သည်။

"အခုလက်ရှိ ကောက်ခံနေတဲ့ ဂိတ်က ရွာရေိယာထဲမှာ ရောက်နေတဲ့အတွက် ဒီဂိတ်အလွန်မှာ ရှိနေတဲ့ ကွင်းကလေးကျေးရွာ၊ တံတားကျိုးက ရွာသားတွေအနေနဲ့ သွားလာရတဲ့အခါ အဆင်မပြေ မှုတွေဖြစ်တယ်၊ အဲဒါအပြင် ဒီဂိတ်မှာလည်း ခရီးသွားတွေနဲ့ အများအားဖြင့် ရွာသူရွာသားတွေနဲ့ ပြဿနာ ခဏခဏတက်နေတာပေါ့။ အဲဒီလို မလိုလားအပ်တဲ့ ကိစ္စတွေ မဖြစ်စေဖို့ ခုလို မေးမြန်းရခြင်းဖြစ်ပါတယ်" ဟု မြဝတီမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးသန့်ဇင်အောင်က ပြောသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

မြဝတီမြို့ သဃ်န်းညီနောင်ကျေးရွာရှိ လမ်းတံတားကြေးနှင့် မြို့ဝင်ကြေးကောက်ခံနေသော ဂိတ်ကို တွေ့ရစဉ်။

နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဧပြီ ၃- မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။ နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မွန်းလွဲ/ညနေပိုင်းတို့၌ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်နှင့်အဖွဲ့ ပေကျင်းမြို့ရှိ စာအုပ်ထုတ်ဝေရေး၊ သတင်းစာလုပ်ငန်းနှင့် CGTN တို့တွင် ကြည့်ရှုလေ့လာ

ပေကျင်း မေ ၃

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့်အတူ ယနေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ စာအုပ်ထုတ်ဝေရေး၊ သတင်းစာလုပ်ငန်းနှင့် China Global Television Network (CGTN) တို့တွင် ကြည့်ရှုလေ့လာကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နံနက်ပိုင်းတွင် ပေကျင်းမြို့ရှိ စာအုပ်ထုတ်ဝေရေးလုပ်ငန်းအုပ်စု (China Publishing Group Corporation) သို့ ရောက်ရှိပြီး စာအုပ်စာစောင်ထုတ်ဝေထားရှိမှုများကို ကြည့်ရှုလေ့လာ၍ ကော်ပိုရေးရှင်းအကြီးအကဲ မစ္စတာ တန်ယု ဦးဆောင်သော တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ကျောက်ယုထိုင်နိုင်ငံတော် ပန်းဥယျာဉ်အတွင်းရှိ ခန်းမ၌ Chinese Documentary Media Industry Group - CDMIG မှ မစ္စစ်ဇောင်ဝေ ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံပြီး နှစ်နိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု စီးပွားရေးလမ်းညွှန် မှတ်တမ်းကို မြန်မာနိုင်ငံတွင် လာရောက်ရိုက်ကူးရေး အပါအဝင် မီဒီယာဆိုင်ရာများကို တွေ့ဆုံဆွေးနွေးသည်။

ထို့နောက် ပေကျင်းမြို့ရှိ ပြည်သူ့သတင်းစာတိုက်နှင့် Global Times သတင်းစာတိုက်များသို့ သွားရောက်ကြပြီး New Media လုပ်ငန်းဆောင်ရွက်မှုကို ကြည့်ရှုလေ့လာကြသည်။ ဆက်လက်၍ သတင်းစာထုတ်ဝေဖြန့်ချိရေးဆိုင်ရာများကို တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

ညနေပိုင်းတွင် ပေကျင်းမြို့ရှိ China Global Television Network – CGTN သို့ ရောက်ရှိကြပြီး ခေတ်မီအဆောက်အအုံ ဆောက်လုပ်ထားရှိမှုနှင့် ၎င်းတွင် မီဒီယာများ စုစည်းနေရာချထားပြီး လုပ်ငန်းဆောင်ရွက်မှုကိုလည်းကောင်း၊ New Media လုပ်ငန်းတွင် သတင်းညှိနှိုင်းအစည်းအဝေး ပြုလုပ်မှုအပါအဝင် လုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ China Central Television - CCTV တွင် ရုပ် / သံ ထုတ်လွှင့်မှု စောင့်ကြည့်ထိန်းချုပ်မှုဆောင်ရွက်ခြင်းကိုလည်းကောင်း လှည့်လည်ကြည့်ရှုလေ့လာကြပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ညပိုင်းတွင် ပေကျင်းမြို့ရှိ Media Centre တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပြည်သူ့ရေးရာဌာန ဒုတိယဝန်ကြီးနှင့် China Media Group အကြီးအကဲ မစ္စတာ ရှန်ဟိုင်းချွန် ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးကြပြီး ညစာကို အတူတကွ သုံးဆောင်ကြသည်။

သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီဗဟိုကော်မတီ ပြည်သူ့ရေးရာဌာန ဒုတိယဝန်ကြီးနှင့် **China Media Group** အကြီးအကဲ မစ္စတာ ရှန်ဟိုင်းချွန်အား အမှတ်တရလက်ဆောင်ပေးအပ်စဉ်။ သတင်းစဉ်

စာရေးဆရာ၊ အဆိုတော်နှင့် သရုပ်ဆောင်များ ပါဝင်မည့် ပြည်သူ့နီတိစကားဝိုင်း ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမတွင် ကျင်းပမည်

ရန်ကုန် မေ ၃

မြန်မာစာရေးဆရာ ကလပ်နှင့် ရွှင်ရယ်မြန်မာတီးမစ်တို့ ပူးပေါင်းစီစဉ်ကာ စာရေးဆရာ၊ အဆိုတော်နှင့် သရုပ်ဆောင်များ ပါဝင်ကျင်းပမည့် ပြည်သူ့နီတိစကားဝိုင်းစာနယ်ဇင်း အသိပေးမိတ်ဆက်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ၃၉ လမ်းရှိ မြန်မာစာရေးဆရာ ကလပ်ရုံးခန်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့နီတိစကားဝိုင်းကျင်းပရသည့် ရည်ရွယ်ချက်များနှင့် ပတ်သက်၍ မြန်မာစာရေးဆရာကလပ်မှ ဆရာကောင်းသန့်၊ ဆရာမင်းခိုက်စိုးစန်၊ ဆရာမင်းချမ်းမွန်၊ ဆရာဒေါက်ထွေးဆေးမန်းတို့က ရှင်းလင်းပြောကြားသည်။

ပြည်သူ့နီတိနှင့် ပတ်သက်၍ ဆရာကောင်းသန့်က "ပြည်သူ့နီတိကို လူတိုင်းကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာကျင့်သုံးနိုင်ဖို့အတွက် အခုလို စကားဝိုင်းကျင်းပဖို့စီစဉ်တာ ဖြစ်ပါတယ်။ မြန်မာစာရေးဆရာကလပ်အနေနဲ့ ပြည်သူ့နီတိပြန့်ပွားဖို့ တောက်လျှောက်လုပ်လာခဲ့ပါတယ်။ နိုင်ငံသားတော်တော်များများ ပြည်သူ့နီတိအသိ ရှိလာကြပေမယ့် ပြည်သူ့နီတိဆိုတာ အမှိုက်ကိုစည်းကမ်းမဲ့မပစ်တာ၊ တန်းစီစနစ်ကို ကျင့်သုံးတာ ဆိုတဲ့အဆင့်လောက်ပဲ သိကြပါသေးတယ်။ တကယ်တမ်းပြောရရင် ပြည်သူ့နီတိက ဒီထက်လေးနက်ပါတယ်။ မဲပေးတာ၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းတာ၊ တာဝန်သိတာ၊ အများဦးစားပေးစနစ်ကျင့်သုံးတာ စတာတွေ အထိပါပါတယ်"ဟု ပြောသည်။

ဆရာ မင်းခိုက်စိုးစန်ကလည်း "ပြည်သူ့နီတိစကားဝိုင်းကို ဘာလို့ကျင်းပရတာလဲဆို ကျောင်းတွေမှာ ပြည်သူ့နီတိ ဟောပြောနေရုံနဲ့မလုံလောက်သေးပါဘူး။ ဒါကြောင့် နယ်ပယ်အသီးသီးက လူတွေသိအောင် ပြည်သူ့နီတိစကားဝိုင်းတွေကို ကျင်းပရတာ ဖြစ်ပါတယ်။ နောင်မှာလည်း ဖြစ်နိုင်ရင် နှစ်လတစ်ကြိမ်လောက် ကျင်းပဖို့ ရည်ရွယ်ထားပါတယ်။ နောက်ပြီးတော့ တက္ကသိုလ်အဆင့်၊ တိုင်းဒေသကြီးနဲ့ပြည်နယ်အဆင့် ပြည်သူ့နီတိစကားရည်လုပွဲတွေ၊ စာမေးပွဲတွေကျင်းပပေးဖို့လည်း ရည်ရွယ်ချက်ရှိပါတယ်။ ပြည်သူ့နီတိဆိုတာ နိုင်ငံသားကောင်းဖြစ်ဖို့ အတွက်ပါပဲ။ နိုင်ငံသားတိုင်းရသင့်တာ ဘာရှိလဲဆိုတာ သိရမယ်။ နိုင်ငံသားတိုင်းက ဘာတွေပြန်ပေးရမယ်ဆိုတာလဲ သိရမယ် " ဟု ဆိုသည်။

ပြည်သူ့နီတိစကားဝိုင်းကို မေ ၇ ရက်မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပသွားမည်ဖြစ်ပြီး ဆရာမင်းခိုက်စိုးစန်က ဦးဆောင်၍ ဆရာမောင်သာချို၊ ဆရာမသန်းမြင့်အောင်၊ ဆရာထင်လင်းဦး၊ သရုပ်ဆောင် နေမင်း၊ အဆိုတော်ဇော်ဝင်းထွဋ်၊ သရုပ်ဆောင် ချစ်သုဝေတို့က ဆွေးနွေးပေးသွားမည် ဖြစ်ကြောင်း စာနယ်ဇင်းအသိပေးပွဲမှ သိရသည်။

ဆရာမင်းချမ်းမွန်က "ပြည်သူ့နီတိကို လူတွေပိုသိလာအောင် ရုပ်ရှင်လောကသားများ၊ စာပေလောကသားများနဲ့ စကားဝိုင်းကျင်းပပေးတာဖြစ်ပါတယ်။ ပညာရှင်တွေပါတဲ့အတွက် လုပတဲ့ပွဲဖြစ်မှာ သေချာပါတယ်။ ပြည်သူ့နီတိအသိကို လူတိုင်းဆီ ကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိလာအောင် မီဒီယာတွေကို အကူအညီတောင်းပါတယ်" ဟု ပြောသည်။

မြန်မာစာရေးဆရာ ကလပ်သည် ပြည်သူ့နီတိစကားဝိုင်းများကို ရုပ်သံများ၊ FM များမှတစ်ဆင့် ပြုလုပ်ပေးခဲ့ပြီးဖြစ်ကာ ပြည်သူ့နီတိစကားဝိုင်းနှင့် ပတ်သက်၍ သိရှိလိုသည်များကို မီဒီယာများအနေဖြင့် ဆက်သွယ်မေးမြန်းအကြံပြုနိုင်ကြောင်း ဖိတ်ခေါ်ခဲ့သည်။

ညွှန့်ကိုကို

ပြည်သူ့နီတိ စကားဝိုင်းစာနယ်ဇင်းအသိပေးမိတ်ဆက်ပွဲ အခမ်းအနားကျင်းပစဉ်။

မိုင်းဖြတ်၌ ၈၅ နှစ်အထက် ဘိုးဘွားများအား လူမှုရေးပင်စင် ပေးအပ်

မိုင်းဖြတ် မေ ၃

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ်တွင် လူမှုဝန်ထမ်းဦးစီးဌာနမှ အသက် ၈၅ နှစ်နှင့်အထက်သက်ကြီးဘိုး၊ ဘွားများအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် လူမှုရေးပင်စင်များထောက်ပံ့ပေးအပ်ခြင်းကို မေ ၂ရက်က မြို့ပေါ်ရပ်ကွက်ရှိ အဘိုး၊ အဘွား ရှစ်ဦးတို့အား အိမ်တိုင်ရာရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။

ထိုသို့ လူမှုရေးပင်စင်များ ပေးအပ်ရာတွင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဖြူဖြူထွန်းနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များက မိုင်းဖြတ်မြို့ပေါ်ရှိ အဘိုးသုံးဦး၊ အဘွားငါးဦးတို့ကို တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် အဘိုး၊ အဘွားများ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။ မိုင်းဖြတ်မြို့နယ်တွင် အသက် ၈၅ နှစ်အထက် သက်ကြီးဘိုး၊ ဘွား ၅၃ ဦးရှိရာမှ ကျေးရွာများရှိ အဘိုးအဘွားများအတွက် ထောက်ပံ့ငွေများကို ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများထံ တစ်ဆင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

သန်းထွန်းအေး(ပြန်/ဆက်)

၂၀၁၉ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့ ဇီဝိတဒါန ငါးလွှတ်နိုင်ရန် ငါးသားပေါက်များ ရောင်းချပေးမည်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့နှစ်ဆန်း ၁ ရက်နေ့တွင် ဇီဝိတဒါန ငါးလွှတ်ကုသိုလ်ပြုနိုင်ကြပါရန် သက်သာသော ဈေးနှုန်းဖြင့် ငါးကျည်း၊ ရွှေဝါငါးကြင်း၊ ရောင်စုံငါးကြင်း၊ ငါးမြစ်ချင်း၊ ငါးခုံးမနှင့် တီလားပီးယားငါးသားပေါက် (၁"မှ ၄") အရွယ်အစားများကို မြန်မာ့နှစ်ဆန်း ၁ ရက်နေ့တွင် အောက်ပါနေရာများ၌ရောင်းချပေးသွားမည် ဖြစ်ပါသည်-

နေပြည်တော် - ရေဆင်းငါးလုပ်ငန်းစခန်း
ရန်ကုန်မြို့ - ရွှေတိဂုံစေတီတော်၊ သွေးဆေးကန်၊ ကမ္ဘာအေးကုန်းမြေ၊ မင်္ဂလာကန်တော်ကြီး၊ စွယ်တော်မြတ်စေတီတော်၊ သာခုကန်ဘုရား
မန္တလေးမြို့ - ကျုံးမြို့ရိုးဘေး-၂၆ လမ်း ၆၆/၆၇ လမ်းကြား၊ ၂၆ လမ်း၇၀/၇၁ လမ်းကြား၊
ပဲခူးမြို့ - ရွှေသာလျောင်းဘုရားကြီး၊ လိပ်ပြာကန်
ဟင်္သာတမြို့ - ဦးပါရဲဘုရား
မအူပင်မြို့ - ပေါ်တော်မူဘုရားရှေ့ စိမ်းမြကန်သာဘုရားအရှေ့
ပုသိမ်မြို့ - မြို့တော်ခန်းမရှေ့
ဇန်းမော်မြို့ - ဇန်းမော်ငါးလုပ်ငန်းစခန်း
ဝိုင်းမော်မြို့ - ဆုတောင်းပြည့်ဘုရားအနီး၊ မြစ်ကြီးနား
ရွှေဘိုမြို့ - မြို့မဈေးထိပ်

၂။ ကြိုတင်မှာယူလိုသူများသည် အောက်ပါငါးလုပ်ငန်းစခန်းများသို့ ဆက်သွယ်ဝယ်ယူနိုင်မည် ဖြစ်ပါသည်-

ရေဆင်းငါးလုပ်ငန်းစခန်း (နေပြည်တော်) - ဖုန်း ၀၉-၂၅၀၂၀၇၇၃၇
လှော်ကားငါးလုပ်ငန်းစခန်း (ရန်ကုန်) - ဖုန်း ၀၉-၂၅၄၄၈၅၇၉၈
လေးဒေါင့်ကန်ငါးလုပ်ငန်းစခန်း (ရန်ကုန်) - ဖုန်း ၀၉-၄၀၀၄၄၄၅၀၅
ပဲခူးငါးလုပ်ငန်းစခန်း -ဖုန်း ၀၉-၄၂၅၃၀၀၅၆၈
သနပ္ပင်ငါးလုပ်ငန်းစခန်း - ဖုန်း ၀၉-၄၂၈၃၃၉၁၀၄
ပုသိမ်ငါးလုပ်ငန်းစခန်း - ဖုန်း ၀၉-၄၀၂၅၀၆၃၅၁
တလုပ်လှငါးလုပ်ငန်းစခန်း - ဖုန်း ၀၉-၇၈၁၅၉၂၀၀၃
ဟင်္သာတငါးလုပ်ငန်းစခန်း - ဖုန်း ၀၉-၇၈၀၅၉၃၀၉၁
သရက်ကုန်းငါးလုပ်ငန်းစခန်း (မန္တလေး) - ဖုန်း ၀၉-၄၅၆၀၀၃၀၂၇
ရွှေဘိုငါးလုပ်ငန်းစခန်း - ဖုန်း ၀၉-၄၂၆၄၆၁၁၀၃
ဝိုင်းမော်ငါးလုပ်ငန်းစခန်း - ဖုန်း ၀၉-၄၀၀၀၅၀၈၇၈
ဇန်းမော်ငါးလုပ်ငန်းစခန်း - ဖုန်း ၀၉-၇၆၀၇၃၆၂၈၈

၃။ အဆိုပါဇီဝိတဒါန ငါးလွှတ်ကြရာတွင် ဤဌာနမှ အမိန့်ကြော်ငြာစာအမှတ် ၅/၂၀၀၁ ဖြင့် တားမြစ်ထုတ်ပြန်ထားသော အာဖရိကငါးခူသားပေါက်များ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ဘေးမဲ့လွှတ်ခြင်းများ မပြုလုပ်ကြရန် နှိုးဆော်အပ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

ထာဝရငြိမ်းချမ်းရေး ဓမ္မသဘင် တတိယနေ့ ပြည်သူ့ရင်ပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပ

ရန်ကုန် မေ ၃

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ထာဝရငြိမ်းချမ်းရေး ဓမ္မသဘင် တတိယနေ့ကို ယနေ့ ည ၇ နာရီခွဲတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် မြတ်ကြီး ထီးတော်ရိပ်အောက်ရှိ ပြည်သူ့ရင်ပြင်၌ စည်ကားသိုက်မြိုက်စွာ ဆက်လက် ကျင်းပသည်။

ငြိမ်းချမ်းရေးတရားတော် နာယူ

ငြိမ်းချမ်းရေးဓမ္မသဘင်တတိယနေ့တွင် တောင်စွန်းဆရာတော် ဓမ္မဘေရီ အရှင်ဝီရိယက ငြိမ်းချမ်းရေးတရားဒေသနာတော်များ ဟောကြားရာ ရန်ကုန်တိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ဇနီး၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့်ဇနီး၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်စွမ်းအင်ဝန်ကြီး ဦးဟံထွန်းနှင့်ဇနီး၊ ဌာနဆိုင်ရာ တာဝန်ရှိ သူများ၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ တရားချစ်ခင်သူတော်စင်များ တက်ရောက်၍ ငြိမ်းချမ်းရေးတရားတော်ကို နာယူကြည်ညိုကြသည်။

ငြိမ်းချမ်းရေးဓမ္မသဘင်ကို မေ ၁ ရက်မှ ၅ ရက်အထိ ကျင်းပလျက်ရှိရာ မေ ၄ ရက်တွင် ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက၊ မေ ၅ ရက်တွင် အောက်စဖို့ဒ် ဆရာတော် ဒေါက်တာအရှင် ဓမ္မသာမိ စသည့် ဆရာတော်ကြီးများက တရားတော်များ ဟောကြားသွားမည်ဖြစ်ကြောင်း သိရသည်။

အလှူတော်ငွေများ ထည့်ဝင်လှူဒါန်း

နေပြည်တော်ရှိ ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် ဉာဏ်တော်အမြင့် ခြောက်ပေရှိ စကျင်ဗုဒ္ဓရုပ်ပွားတော် နှစ်ဆူနှင့် ဉာဏ်တော်အမြင့် သုံးပေရှိ စကျင်ဗုဒ္ဓရုပ်ပွားတော် တစ်ဆူတို့အား ရဟန်းရှင်လူပြည်သူအများ ကုသိုလ်ယူ ပူဇော်နိုင်ရန်အတွက် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ မေတ္တာရိပ်အောက် တွင် မေ ၁ ရက်မှ ၁၈ ရက်အထိ ရင်ငွေ့တော်လှုံ အပူဇော်ခံလျက်ရှိရာ ယနေ့တွင် ရဟန်းရှင်လူ ပြည်သူအများ လာရောက်ဖူးမြော်ကြည်ညိုလျက် စေတီတော် တည်ထားကိုးကွယ်ရေးအတွက် အလှူတော်ငွေများ ထည့်ဝင်လှူဒါန်းကြပြီး ဝတ်အသင်းအဖွဲ့များက လည်း ဝတ်ရွတ်ပူဇော် ကုသိုလ်ယူလျက်ရှိသည်။

ထာဝရငြိမ်းချမ်းရေး ဓမ္မသဘင် တတိယနေ့ ကျင်းပရာ တရားနာယူပရိသတ်များကို တွေ့ရစဉ်။ သတင်းစဉ်

ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရန် ရည်သန်လျက် ထာဝရငြိမ်းချမ်းရေး စေတီတော်ကို ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ကံ့ကော်ပန်း အဝိုင်းအနီးတွင် မြန်မာနိုင်ငံသူ၊ နိုင်ငံသားတို့၏ စုပေါင်းအားဖြင့် တည်ထား ကိုးကွယ်လျက်ရှိသည်။

သတင်းစဉ်

ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ဂွမြို့နယ် မီးသတ်ဦးစီးဌာန အဆောက်အဦသစ် ပန္နက်တိုင် စိုက်ထူပေးစဉ်။

ဂွမြို့နယ် မီးသတ်ဦးစီးဌာနအဆောက်အဦသစ် ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပ

ဂွ မေ ၃

ဂွမြို့နယ် မီးသတ်ဦးစီးဌာန အဆောက်အဦသစ် ပန္နက်တင်မင်္ဂလာ အခမ်းအနားကို ယနေ့ နံနက် ၆ နာရီခွဲတွင် ဂွမြို့နယ် မြို့နယ်မီးသတ်ဦးစီးဌာနရုံး အဆောက်အဦသစ် ဆောက်လုပ်မည့် မြေနေရာ၌ ကျင်းပရာ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပု တက်ရောက်၍ မင်္ဂလာပန္နက်တိုင် စိုက်ထူပေးသည်။

ရှေးဦးစွာ မီးသတ်ဦးစီးဌာန၏ အဆောက်အဦသစ်ကို တာဝန်ယူဆောက်လုပ်မည့် ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပေ(၄၅ × ၅၀)၊ နှစ်ခန်းတွဲ၊ ခြောက်ထပ် သံကူကွန်ကရစ် အဆောက်အဦသစ် ဆောက်လုပ်ရေးစီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်ဝန်ကြီး ဦးဝင်းမြင့်နှင့် ဒေါက်တာချမ်းသာ၊ လွှတ်တော်ကိုယ်စားလှယ်များ နှင့် တာဝန်ရှိသူများက သတ်မှတ်နေရာအသီးသီး၌ မင်္ဂလာပန္နက် တိုင်ကို စိုက်ထူပေးကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေး ကြသည်။

မျိုးသူထွန်း

အရေးပေါ်ကာလအတွင်း ထိခိုက်လွယ်သော ရွှေ့ပြောင်းသွားလာသူများအား ကာကွယ်စောင့်ရှောက်မှုမြှင့်တင်ရေးဆိုင်ရာ သင်တန်းဖွင့်

နေပြည်တော် မေ ၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့် ရွှေ့ပြောင်းသွားလာ နေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း IOM (မြန်မာ)တို့ ပူးပေါင်း၍ "ဘေးအန္တရာယ်ကျရောက်ချိန်တွင် ထိခိုက်လွယ်သော ရွှေ့ပြောင်းသွားလာသူများအား ကာကွယ်စောင့်ရှောက်မှုမြှင့်တင်ရေးဆိုင်ရာသင်တန်း" ဖွင့်ပွဲအခမ်းအနားကို မေ ၂ ရက်က နေပြည်တော်ရှိ Grand Amara Hotel ၌ ကျင်းပသည်။

စိုးရိမ်ကြောင့်ကြမှုကင်းစွာ

သင်တန်းဖွင့်ပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းဇော်က ရွှေ့ပြောင်းသွား လာနေထိုင်သူများသည် ၎င်းတို့ရောက်ရှိ နေကြသော လက်ခံနိုင်ငံများတွင် ဘေးအန္တရာယ်များ ကျရောက်ချိန်တွင် ထိခိုက်နစ်နာမှုများ ခံစားခဲ့ရပါကြောင်း၊ ရွှေ့ပြောင်းသွားလာသူများ အနေဖြင့် ၎င်းတို့ရောက်ရှိနေသည့် နိုင်ငံ၏ ကူညီ ကယ်ဆယ်ရေးဆိုင်ရာ ယန္တရားများနှင့် ယင်းတို့ကိုအသုံးပြုနိုင်မည့် နည်းလမ်း များနှင့်စပ်လျဉ်း၍ ဗဟုသုတနည်းပါးမှု၊ အန္တရာယ်ကျရောက်နေသည့်နေရာများ မှ ကူညီကယ်ဆယ်ပေးမည့် လူသားအရင်း အမြစ် မလုံလောက်မှုများနှင့် ဘေးကင်း ရာနေရာသို့ စိုးရိမ်ကြောင့်ကြမှုကင်းစွာ ရွှေ့ပြောင်းသွားလာနိုင်ရေး အတွက် အခက်အခဲများ ရင်ဆိုင်နေရကြောင်း။

ထိရောက်သည့် အကြံဉာဏ်များ

ထိုကဲ့သို့ မြန်မာနိုင်ငံသားရွှေ့ပြောင်း သွားလာနေထိုင်သူများ၏ ထိခိုက်နစ်နာမှု များကို တတ်နိုင်သမျှ လျှော့ချနိုင်ရေး အတွက် ကြိုတင်ကာကွယ်ရေး၊ တုံ့ပြန် ရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းစဉ်များကို ရေးဆွဲဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်း အစည်းအဝေးပွဲများ၊ စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းများကို ဆောင်ရွက် လျက်ရှိပါကြောင်း၊ ယခုတက်ရောက်လာ သည့် သင်တန်းသား သင်တန်းသူများ သည် ရွှေ့ပြောင်းသွားလာသူများ၏ အရေးကိစ္စများကို နီးနွှယ်ဆက်စပ်နေ သည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ ဖြစ်သည်နှင့်အညီ သင်တန်းကာလ အတွင်း သင်တန်းနည်းပြများ၏ သင်ကြားပို့ချချက်များအား မိမိတို့၏ မူလပင်မတာဝန်များနှင့် ဆက်စပ်၍ ရွှေ့ပြောင်းသွားလာ နေထိုင်သူများ၏ အကောင်းဆုံးအကျိုးစီးပွားကို ဆောင် ရွက်နိုင်ရေးအတွက် ထိရောက်သည့် အကြံဉာဏ်များနှင့် လက်ရှိဆောင်ရွက် နေသည့်နည်းလမ်းများအပြင် ထပ်မံ၍ ထိထိရောက်ရောက် ဆောင်ရွက်နိုင်သည့် နည်းလမ်းများရှိပါကလည်း ရင်းနှီး ပွင့်လင်းစွာဖြင့် ဆွေးနွေးပေးစေလို ကြောင်း ပြောကြားသည်။

နှစ်ရက်တာ ကျင်းပ

အဆိုပါသင်တန်းကို မေ ၂ ရက်မှ ၃ ရက်အထိ နှစ်ရက်တာ ကျင်းပပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြား ရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၃ ဦးဖြင့် ဖွင့်လှစ်ခဲ့ကြောင်း သိရ သည်။

သတင်းစဉ်

အမက(၁၂)ဒလ ကျောင်းအခြေခံအဆောက်အအုံမြှင့်တင်မှုစီမံကိန်း ပြီးစီး

ရန်ကုန် မေ ၃

ရန်ကုန်မြို့ ဒလမြို့နယ် ဗိုလ်ရန်ပြေရပ်ကွက် ရာဇသင်္ကြန် ၃ လမ်းရှိ အမှတ်(၁၂) အခြေခံပညာမူလတန်းကျောင်းရှိ အခြေခံအဆောက်အအုံမြှင့်တင်မှု စီမံကိန်းလုပ်ငန်း ပြီးမြောက်ခြင်းအခမ်းအနားကို မေ ၃ ရက် နံနက်က အဆိုပါကျောင်းရှေ့ရှိ အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တောင်ပိုင်းခရိုင်မှ ခရိုင်ပညာရေးမှူး ဦးဘသန်းက အမှာစကားပြောကြားပြီး United Paints Group (UPG) မှ မန်နေဂျင်းဒါရိုက်တာ ဦးအေးဟန်က ကျောင်းရှိ အခြေခံအဆောက်အအုံမြှင့်တင်မှု လုပ်ငန်းတွင် ပူးပေါင်း ပါဝင်ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် Evonik အာရှပစိဖိတ်တောင်ပိုင်း၏ ဥက္ကဋ္ဌ Peter Meinshausen က ကျေးဇူးတင်စကား ပြောကြားသည်။

အမှတ်(၁၂) အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းသား ကျောင်းသူများ စိတ်ချမ်းမြေ့စွာပညာသင်ကြားနိုင်ရန် ရည်ရွယ်ချက်ဖြင့် ကျောင်းပြုပြင်ခြင်း၊ အားကစား ကွင်း တည်ဆောက်ခြင်း၊ မိုးရာသီတွင် ရေကြီးရေလျှံမှုကာကွယ်ခြင်းတို့ကို Evonik ကုမ္ပဏီက ဆောင်ရွက်ကာ UPG က သုတ်ဆေးများ လှူဒါန်းပြီး ကျောင်းသား ကျောင်းသူများအတွက် စာရေးကိရိယာနှင့် ဗလာစာအုပ်များကိုပါ လှူဒါန်းခဲ့ ကြောင်း သိရသည်။

အောင်သူရ

ဝင်ကြေး(အခမဲ့)ဖြင့် မြကျွန်းသာသင်္ကြန်ပွဲ စည်ကားစွာကျင်းပမည်

ရန်ကုန် မေ ၃

ရန်ကုန်မြို့ မဟာသင်္ကြန်ပွဲတော်ကြီးတွင် ကမ္ဘာအေးဘုရားလမ်း မြကျွန်းသာ စခန်းသာဝင်းအတွင်း ဝင်ကြေး(အခမဲ့) မြကျွန်းသာသင်္ကြန်ပွဲတော်ကြီး ကို CB-KMA တို့က ဦးစီး၍ နိုင်ငံကျော်အနုပညာရှင်များ၏ သီဆိုဖျော်ဖြေမှုများဖြင့် မေ ၁၃ ရက် သင်္ကြန်အကြိုနေ့မှစ၍ မေ ၁၆ ရက် သင်္ကြန်အတက်နေ့အထိ စည်ကား သိုက်မြိုက်စွာ ကျင်းပသည့် ပုံရိပ်များကို Channel K က တိုက်ရိုက်ထုတ်လွှင့် သွားမည်ဖြစ်ကြောင်း ယနေ့ မီဒီယာများနှင့် တွေ့ဆုံမိတ်ဆက်ပွဲ၌ သိရသည်။

မျိုးမင်းသိန်း(မရမ်းကုန်း)

ဥရုချောင်းပျက်စီးမှုများကို စနစ်တကျ လေ့လာဆန်းစစ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သဘောတူစာချုပ်လက်မှတ်ရေးထိုး

ရန်ကုန် ဧပြီ ၃

ကချင်ပြည်နယ် ဖားကန့်၊ လုံးခင်းရတနာနယ်မြေမှ ဥရုချောင်း ပျက်စီးမှုများကို စနစ်တကျလေ့လာဆန်းစစ်မှု ပြုလုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းနှင့် Total Business Solution Co., Ltd. တို့ သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ကမ္ဘာ့အေးဘုရားလမ်းရှိ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းရုံး၌ ကျင်းပသည်။

သဘောတူစာချုပ် လက်မှတ်ရေးထိုး

အဆိုပါ သဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲတွင် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဒုဥက္ကဋ္ဌ(၁) ဦးလှစိုးဦးက အမှာစကားပြောကြားပြီး အသင်း၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် ဦးညီညီက သဘောတူစာချုပ်ပါ အချက်အလက်များ အကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် Total Business Solution Co., Ltd. ၏ မန်နေးဂျင်းဒါရိုက်တာ ဒေါက်တာစိုးမိုးကျော်ဝင်းက လေ့လာဆန်းစစ်မှု ပြုလုပ်မည့် လုပ်ငန်းစဉ်များအကြောင်းကို ပြောကြားပြီး နှစ်ဖက်တာဝန်ရှိ ပုဂ္ဂိုလ်များက သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

"ကျွန်တော်တို့လည်း နှစ်စဉ်နှစ်တိုင်း သန့်ရှင်းရေးလုပ်လာတာပဲ။ ဒါပေမယ့် နည်းပညာတွေ နောက်ကျတဲ့အတွက် ဒီ ဥရုချောင်းကြီး တိမ်ကောပြီး လက်ရှိအခြေအနေအထိ ရောက်လာတာပေါ့။ ဒါတွေကို ကုစားဖို့ အခုလို ကုမ္ပဏီနဲ့ စာချုပ်ချုပ်ပြီး ဥရုချောင်းကြီးကို ပြန်လည်ထူထောင်ချင်စိတ် အပြည့်နဲ့ လုပ်တာပါ"ဟု မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းဒုဥက္ကဋ္ဌ(၁) ဦးလှစိုးဦးက ပြောကြားသည်။

ဥရုချောင်းသည် လွန်ခဲ့သော နှစ်ပေါင်း ၂၀၊ ၃၀ ခန့်က ရေများစိမ်း၍ ကြည်လင်ကာ ရေစီးရေလာကောင်းမွန်ခဲ့သော်လည်း လက်ရှိတွင် ရေများနောက်ကျိလျက်ရှိကြောင်း သိရသည်။ ချောင်းအနီးရှိ ကျေးရွာများတွင် ယခင်က အိမ်ခြေ ၅၀-၁၀၀ ခန့်သာရှိခဲ့သော်လည်း ယခုအခါ အိမ်ခြေထောင်နှင့်ချီ၍ နေထိုင်လာသည့်အတွက် ချောင်းမှာ တိမ်ကောလာခြင်းဖြစ်ကြောင်း သိရသည်။

ထွက်လာတဲ့ရလဒ်တွေကို အသုံးပြု

ဥရုချောင်းတစ်လျှောက် လေ့လာဆန်းစစ်မှုများ ပြုလုပ်မည့် Total Business Solution Co., Ltd. ၏ မန်နေးဂျင်းဒါရိုက်တာက "ဖားကန့် လုံးခင်းဒေသမှာ ကျောက်စိမ်းတူးဖော်တာဟာ လွန်ခဲ့တဲ့ ၁၈ ရာစုလောက် ကတည်းက စတာ။ အဲဒီတော့ နှစ်ပေါင်းများစွာ တူးဖော်ထားတဲ့အတွက် ဥရုချောင်းကြီးက ပျက်စီးမှုတွေဖြစ်နေတာပါ။ ဒီဟာတွေကို စနစ်တကျ လေ့လာပြီးတော့မှ ပြုပြင်ထိန်းသိမ်းမှု အစီအမံတွေကို

ဖားကန့်ဒေသရှိ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းခွင်တစ်ခုနှင့် တိမ်ကောစပြုနေသော ဥရုချောင်းကို တွေ့ရစဉ်။

ရေးဆွဲနိုင်မှာဖြစ်ပါတယ်။ မှန်မှန်ကန်ကန် လေ့လာပြီး ထွက်လာတဲ့ ရလဒ်တွေကို အသုံးပြုပြီး ဆက်လက်ပြုပြင်မှုတွေ လုပ်မယ်ဆိုရင် ဒေသအတွက် အများကြီး အကျိုးရှိမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

ပြုပြင်ထိန်းသိမ်း ခြင်းလုပ်ငန်းများ

ဥရုချောင်းမှာ ၂၂၆ ကီလိုမီတာခန့် ရှည်လျားပြီး ချင်းတွင်းမြစ်အတွင်းသို့ စီးဝင်လျက်ရှိသည်။ ဥရုချောင်းတစ်လျှောက် ကျောက်စိမ်းတူးဖော်ခြင်းနှင့် ရွှေတူးဖော်မှုများကြောင့် မြစ်ကြောင်းမှာ ပျက်စီးမှုများစွာ ဖြစ်ပွားလျက်ရှိနေသည်။ အဓိက ပျက်စီးမှုမှာ ဖားကန့် လုံးခင်းတစ်ဝိုက်တွင်ဖြစ်သော်လည်း သယံဇာတတူးဖော်မှုများကြောင့် အခြားနေရာများတွင်လည်း ပျက်စီးမှုများ ဖြစ်ပေါ်လျက်ရှိသည်။ သို့ဖြစ်ရာ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို မြစ်ကြောင်းတစ်လျှောက် လုပ်ကိုင်ရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

ဥရုချောင်းလေ့လာဆန်းစစ်မှုကာလကို တစ်နှစ်ခန့် အချိန်ကာလသတ်မှတ်ထားပြီး ကွင်းဆင်းလေ့လာမှုများကို မေလခန့်တွင် စတင်ပြုလုပ်မည်ဖြစ်ပြီး ချောင်းကို လေ့လာခြင်း၊ မြေပြိုမှုများအကြောင်း လေ့လာခြင်းနှင့် ဆန်းစစ်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ထိုသို့ လေ့လာဆန်းစစ်မှုများ ပြုလုပ်ရာတွင် မြန်မာပညာရှင်များအပြင် နိုင်ငံခြားပညာရှင်များပါ ပါဝင်မည်ဖြစ်ပြီး တိုင်းတာရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ပြည်တွင်းပညာရှင်များဖြင့် လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ-ထိန်လင်း

သင်္ကြန်ကာလ မှုခင်းကျဆင်းရေး မြို့နယ်များ၌ ပညာပေးဆောင်ရွက်

ချောက်

ချောက်မြို့နယ်၌ သင်္ကြန်ကာလအတွင်းတွင် မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေး၊ မှုခင်းများကျဆင်းရေးနှင့် မဖြစ်ပွားစေရေး ရည်ရွယ်၍ ယာဉ်/လမ်း စည်းကမ်း အသိပညာဟောပြောခြင်းကို မြို့နယ် ရဲတပ်ဖွဲ့မှူး ဦးသိန်းဌေးဝင်း၏ စီစဉ်ကြီးကြပ်မှုဖြင့် မြို့မရဲစခန်းမှူး ဒုရဲမှူးလှနောင်နှင့် အဖွဲ့တို့သည် သွေးနက်ကျေးရွာ အထက ကျောင်းရှိ ရွှေရတနာ ကျောင်းခန်းမဆောင်၌ အသိပညာပေး ဆွေးနွေးဟောပြောခြင်း မတ် ၂၆ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

သီပေါ

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်၌ မဟာသင်္ကြန် ပွဲတော်ကာလအတွင်း မှုခင်းဖြစ်ပွားမှု လျော့နည်းကျဆင်းရေး အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဧပြီ ၃ ရက်က မန္တလေး-သီပေါ-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီး မီးပွိုင့်အနီး ကျင်းပသည်။

ဟောပြောပွဲတွင် အမှတ်(၁၂၂) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (သီပေါ)ယာဉ်ထိန်းတာဝန်ခံ တပ်ကြပ်ကြီး ဝင်းဇော်လတ်နှင့် အဖွဲ့က မဟာသင်္ကြန်ကာလ ဆိုင်ကယ်စီးသူများ ဆိုင်ကယ် ဦးထုပ်ဆောင်းရေး၊ ဆူညံအိတ်ဇောများ တပ်ဆင်၍ မောင်းနှင်ခြင်း၊ သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်ခြင်း၊ အရက်သေစာ သောက်စား၍ မောင်းနှင်ခြင်း မပြုလုပ်စေရန်နှင့် ယာဉ်နှင့် မမျှ ကုန်ပိုကုန်လျှံများ တင်ဆောင်ခြင်းမပြုလုပ် စေရန် အသိပညာပေးပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ ကြောင်း သိရသည်။

စိုင်း(သီပေါ)

နမ့်စန်

သင်္ကြန်ကာလအတွင်း ယာဉ်အန္တရာယ်ကြောင့် ထိခိုက်မှုများ မဖြစ်ပွားစေရေးအတွက် ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်တွင် ဧပြီ ၂ ရက်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးခြင်းလုပ်ငန်းများကို မြို့နယ်ဓမ္မာရုံရှေ့ ပြည်ထောင်စု လမ်းမကြီးပေါ်တွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းအောင်နှင့် ပူးပေါင်းအဖွဲ့သည် ဆိုင်ကယ်ဦးထုပ်မပါဘဲ မောင်းနှင်သူများ၊ ပါဝါအိတ်ဇောတပ် ဆိုင်ကယ်များကို ဖမ်းဆီးစစ်ဆေးခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို အသိပညာပေးကာ လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခဲ့သည်။

သင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှုများမဖြစ်ပွားစေရေး အတွက် စီမံချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး စည်းကမ်းမဲ့ မောင်းနှင်သူ ကျား၊ မ ၂၀၀ ကို အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး နောက်တစ်ကြိမ်တွင် မော်တော်ယာဉ်၊ ဆိုင်ကယ်များကို ထိန်းသိမ်းထားရှိခြင်း၊ အရေးယူ ဆောင်ရွက်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အမှတ်(၁၁၇) ယာဉ်ထိန်းရဲတပ်ဖွဲ့စိတ် ရဲအုပ် အောင်ဇော်ဝင်းထံမှ သိရသည်။ **သူရအောင်(ပြန်/ဆက်)**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်ရဲတပ်ဖွဲ့ သောင်ကြီးနယ်မြေရဲစခန်းမှူး ရဲအုပ်သန်းစိုးနှင့်အဖွဲ့ အနော်ရထာလမ်း အမှတ်(၂၀)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ရပ်ကွက်နေပြည်သူများအား မှုခင်းအသိပညာများရရှိစေရန် ဧပြီ ၁ ရက်က သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် မှုခင်းကျဆင်းရေး ပညာပေးဟောပြောစဉ်။ မြန်မာ့အလင်း

၈-၄-၂၀၁၉ ရက်နေ့မှစ၍ ခရီးသည်တင် Express ယာဉ်များ၊ Mini Bus များ၊ ဘုရားဖူးယာဉ်များနှင့် Telematic စနစ် တပ်ဆင်ထားသောယာဉ်များသည် အောက်ပါအချက်များ မပြည့်စုံပါက ရန်ကုန်-မန္တလေးအမြန်လမ်းပေါ် ဖြတ်သန်းမောင်းနှင်ခွင့်မရှိ

၁။ ယာဉ်၏အစိတ်အပိုင်းများ ကောင်းမွန်စွာအလုပ်လုပ်သုံးစွဲနိုင်ရမည်။
၂။ ယာဉ်၏ကိုယ်ထည် ကြံ့ခိုင်ကောင်းမွန်မှုရှိရမည်။
၃။ တာယာများစံချိန်စံညွှန်းနှင့်အညီ ကောင်းမွန်ကြံ့ခိုင်မှုရှိရမည်။
၄။ အင်ဂျင်၏ မီးခိုးထွက်နှုန်းသည် (၅၀%) Bosch Unit ထက်မပိုရ။
၅။ သတ်မှတ်လူစီးထိုင်ခုံအရေအတွက်ထက် ပိုမိုတပ်ဆင်ထားခြင်း မရှိရ။
၆။ ခရီးသည်အရေအတွက်နှင့် ကုန်ပစ္စည်းတင်ဆောင်မှု သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိရမည်။
၇။ မီးသတ်ဆေးဘူး (3Kg) (၂ ဘူး)တပ်ဆင်ထားရှိရမည်။
၈။ အရေးပေါ်ထွက်ပေါက်အသုံးပြုနိုင်မှု ရှိရမည်။ (အရေးပေါ်ထွက်ပေါက်နေရာအား ထိုင်ခုံဖြင့် ပိတ်ဆို့တားဆီးခြင်း မရှိစေရ)
၉။ လေကာမှန်၊ ရေသုတ်တံ၊ (Wiper) များ ကောင်းမွန်မှုရှိရမည်။
၁၀။ ရောင်ပြန်ပြားများ သတ်မှတ်ချက်အတိုင်း တပ်ဆင်ထားရှိရမည်။
၁၁။ ယာဉ်ရပ်နားစဉ်တွင် အသုံးပြုသည့် တြိဂံရောင်ပြန်ပါရှိရမည်။
၁၂။ အရေးပေါ်အချိန်တွင် မှန်ခွဲသည့်တူ (Emergency Hammer) များအား ခရီးသည်များ အလွယ်တကူအသုံးပြုနိုင်သော နေရာတွင် တပ်ဆင်ထားရှိရမည်။
၁၃။ ရှေ့လေကာမှန်နှင့် ဘေးပြူတင်းမှန်များ(Safety Glass) ဖြစ်ပြီး ကောင်းမွန်ပြည့်စုံမှုရှိရမည်။
၁၄။ နောက်မြင်ကွင်းအား လွယ်ကူရှင်းလင်းစွာ တွေ့မြင်နိုင်ရမည်။
၁၅။ ယာဉ်မောင်းနှင့် ခရီးသည်များအားလုံး ထိုင်ခုံခါးပတ် ပတ်ဆင်ထားရမည်။
၁၆။ လုပ်ငန်းလိုင်စင်စည်းကမ်းများနှင့် ကိုက်ညီရမည်။ (င)ယာဉ်မောင်းလိုင်စင် ကိုင်ဆောင်ထားသူသာ မောင်းနှင်ခွင့်ပြုမည်။
၁၇။ ယာဉ်မောင်း၊ ယာဉ်အကူနှင့် ယာဉ်လုပ်သားများအရက်သေစာမသောက်စားရ။
၁၈။ ယာဉ်မောင်းချိန် (၈)နာရီထက်ကျော်လွန်သော ခရီးစဉ်တွင် ယာဉ်မောင်း(၂)ဦး ပါရှိရမည်။
၁၉။ အမြန်လမ်းအားအသုံးပြုသည့် မည်သည့်ယာဉ်မဆို ခေါင်မိုးပေါ်တွင် လူနှင့်ပစ္စည်းများ တင်ဆောင်ခြင်း မပြုလုပ်ရ။
၂၀။ Telematic စနစ်တပ်ဆင်ထားသော ကုန်စည်တင်ယာဉ်များသည် အမိုးအကာ၊ တာလပတ်များဖြင့် စနစ်တကျ အုပ်ဆိုင်းချည်နှောင်ထားရမည်။

ရန်ကုန်-မန္တလေးအမြန်လမ်းအသုံးပြုယာဉ်များ၏ ကြံ့ခိုင်မှုပူးပေါင်းစစ်ဆေးရေးအဖွဲ့

မူဆယ်နှင့် ၁၀၅ မိုင်ကြားတွင် မြန်မာအလုပ်သမားများ တင်ဆောင်လာသည့်ယာဉ် တိမ်းမှောက်

မူဆယ် ဧပြီ ၃

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နှင့် မူဆယ်နှင့် ၁၀၅ မိုင်ကြားတွင် ဧပြီ ၂ ရက် ည ၇ နာရီ မိနစ် ၄၀ ၌ တရုတ်နိုင်ငံဘက်မှ သင်္ကြန်ပွဲတော် အိမ်ပြန်လာသည့် မြန်မာအလုပ်သမားများ တင်ဆောင်လာသော မော်တော်ယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွားခဲ့ပြီး ခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တရုတ်နိုင်ငံဘက်မှ မြန်မာအလုပ်သမားများ တင်ဆောင်လာပြီး ၁၀၅ မိုင်ဘက်မှ မူဆယ်မြို့ဘက်သို့ ယာဉ်မောင်း(အမည်စုံစမ်းဆဲ) မောင်းနှင်လာသည့် တရုတ်နိုင်ငံယာဉ်လိုင်စင်နံပါတ် N----- တရုတ် လိုက်ထရပ်ယာဉ်သည် အရှိန်လွန်ပြီး မူဆယ်မြို့နှင့် ၁၀၅ မိုင်ကြား မြကန်သာ စက္ကူစက်ရုံလမ်းခွဲအနီးတွင် လမ်းယာဘက်ခြမ်းသို့ တိမ်းမှောက်သွားပြီး ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။

အခင်းဖြစ်ရာသို့ ယာဉ်ထိန်းရဲတပ်ဖွဲ့စု(မူဆယ်ခရိုင်)မှ ရဲအုပ်သန်းမင်းအောင်၊ ရဲတပ်ကြပ်ကြီး ဝင်းနိုင်တို့က သွားရောက်စစ်ဆေးခဲ့ပြီး ဒဏ်ရာရရှိသူများကို နာရေးကူညီမှုယာဉ်ဖြင့် မူဆယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကာ ကုသမှုခံယူနေကြောင်း သိရသည်။ **ဗန်ရိုးထန်(ပြန်/ဆက်)**

ရှမ်းယူနိုက်တက်အသင်း အိမ်ကွင်း၌ ရှုံးနိမ့်

ရန်ကုန် ဧပြီ ၃

၂၀၁၉ ရာသီ AFC Cup ပြိုင်ပွဲ အုပ်စု (G) တတိယနေ့အဖြစ် မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းနှင့် ဗီယက်နမ်ကလပ် ဘင်ဒေါင်းအသင်းတို့ ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ ဘင်ဒေါင်းအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် ယခုပြိုင်ပွဲတွင် ရလဒ်ဆိုးရွားနေမှုကို အဆုံးသတ်နိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ပထမအကျော့ပွဲအားလုံး ရှုံးနိမ့်ပြီး အုပ်စုအဆင့်တက်ရန် ရှုန်းကန်ရတော့မည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပထမအကျော့တွင် အိမ်ကွင်းနှစ်ပွဲကစားရသော်လည်း အမှတ်ရယူခြင်းမရှိခဲ့ပေ။ ဗီယက်နမ်ကလပ် ဘင်ဒေါင်းအသင်းမှာမူ အဝေးကွင်း၌ နိုင်ပွဲရယူပြီး ပထမဆုံးနိုင်ပွဲရခဲ့သည်။

ရှမ်းယူနိုက်တက် အသင်းသည် ဒေးဗစ်ဒန်း၊ နန္ဒကျော်၊ ဟိန်းသီဟဇော်၊ မေကွန်၊ ရန်နိုင်ဦး၊ ဂူစတာဗို စသည့် အမာခံ ကစားသမားအများစုဖြင့် ပွဲထွက်ခဲ့သည်။ နှစ်သင်းစလုံး ပထမဆုံးနိုင်ပွဲရရန် ကြိုးပမ်းခဲ့ပြီး ပထမပိုင်းတွင် အခွင့်အရေးများ အသုံးမချနိုင်ခဲ့သောကြောင့် ဂိုးမရှိ သရေကျနေသည်။ ၄၉ မိနစ်တွင် ဘင်ဒေါင်းအသင်း ဂိုးစရခဲ့ပြီး တူဗန်ဗူက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးပေးလိုက်ရသောကြောင့် ရှမ်းယူနိုက်တက်အသင်းသည် ချေပဂိုးရရန် အားထည့်ကစားလာပြီး ၆၉ မိနစ်တွင် ဂူစတာဗိုက ချေပဂိုးပြန်လည်သွင်းယူခဲ့သည်။ သရေကျပြီးနောက်ပိုင်းတွင် ဂိုးရရန် အားထည့်ကစားခဲ့ပြီး ၈၈ မိနစ်တွင် ဘင်ဒေါင်းအသင်း အနိုင်ဂိုးရသွားပြီး ဝမ်ဒါက သွင်းယူခဲ့သည်။

ရှမ်းယူနိုက်တက်အသင်း အုပ်စုပထမအကျော့ပွဲအားလုံး ရှုံးနိမ့်ထားသောကြောင့် အမှတ်မရသေးဘဲ ဘင်ဒေါင်းအသင်းက သုံးပွဲကစားလေးမှတ်ရထားသည်။ **ရဲရင့်ရှိုင်း**

◆ *ကျော့ဖုံးမှ*

မြန်မာအသင်းနည်းပြချုပ် ဦးဝင်းသူမိုးသည် အဖွင့်ပွဲရလဒ်ကောင်းရန်အတွက် ဝင်းသိင်္ဂီထွန်း၊ ခင်မာလာထွန်း၊ ရီရီဦး၊ ခင်မိုးဝေ၊ ဝေဝေအောင်၊ ခင်သန်းဝေ စသည့် အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့သည်။

ပထမပိုင်းတွင် မြန်မာအသင်း ကစားပုံပိုကောင်းပြီး ပွဲစကတည်းက ဖိကစားနိုင်ခဲ့သည်။ နီပေါအသင်းကလည်း ဂိုးမပေးရရန် ခံစစ်ကို အမှားမရှိအောင်ကစားခဲ့ပြီး တိုက်စစ်မှူးများနှင့် ကွင်းလယ်ကစားသမားများ ချိတ်ဆက်မရအောင် ဖျက်ထုတ်ခဲ့သည်။ ၂၃ မိနစ်တွင် မြန်မာအသင်း ဂိုးစရခဲ့ပြီး ရီရီဦးက သွင်းယူခဲ့ခြင်းဖြစ်သည်။ နီပေါအသင်းသည် မြန်မာအသင်း၏ ခံစစ်အမှားကိုစောင့်ကာ တိုက်စစ်ဆင်ခဲ့ပြီး ပထမပိုင်းပြီးခါနီးတွင် ထောင့်ကန်ဘောမှ ဂိုးပြန်ရခဲ့သည်။

ယင်းဂိုးကို အသင်းခေါင်းဆောင် နီရူသာပါက ခေါင်းတိုက်သွင်းခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းအစတွင် မြန်မာအသင်း ပယ်နယ်တီကန်ခွင့်ရခဲ့ပြီး ဝင်းသိင်္ဂီထွန်းက အမှားအယွင်းမရှိ ကန်သွင်းခဲ့၍ မြန်မာအသင်း ဒုတိယဂိုးရခဲ့သည်။

ယင်းနောက်ပိုင်းတွင် နီပေါအသင်း၏ ရုန်းကန်မှုများကို တွေ့မြင်ခဲ့ရပြီး မြန်မာအသင်းအနေဖြင့် ဂိုးပြန်မပေးရရန် အဆင့်ဆင့်ကာကွယ်ဖျက်ထုတ်ခဲ့ရသည်။ မြန်မာအသင်းမှာလည်း ဂိုးထပ်မံရရန် တိုက်စစ်အားမချဘဲ ကစားခဲ့ပြီး ၈၉ မိနစ်တွင် ဝင်းသိင်္ဂီထွန်းက တတိယဂိုးသွင်းယူခဲ့သည်။

ပထမပွဲတွင် အိန္ဒိယအသင်းက အင်ဒိုနီးရှားအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အိန္ဒိယအသင်းသည် ခြေအသာဖြင့် ကစားနိုင်သော်လည်း နှစ်ဂိုးသာ သွင်းယူနိုင်ခဲ့ပြီး အင်ဒိုနီးရှားအသင်း၏ ရုန်းကန်မှုကြောင့်လည်း ခက်ခက်ခဲခဲကစားခဲ့ရသည်။ အိန္ဒိယအသင်းအတွက် အနိုင်ဂိုးများကို ၂၆၊ ၆၇ မိနစ်တွင် ဂရေစ်က သွင်းယူခဲ့သည်။

ဒုတိယနေ့ကို ဧပြီ ၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အိန္ဒိယနှင့် နီပေါ၊ မြန်မာနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **ညီမြတ်သော်တာ**

နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

ဗီလာရီးရဲအသင်းနှင့် ဘာစီလိုနာအသင်းတို့ လေးဂိုးစီ သရေကျ

ဧပြီ ၃ ရက် နံနက်ပိုင်းက စပိန်လာလီဂါပွဲစဉ် ၃၀ အဖြစ် ဗီလာရီးရဲအသင်းနှင့် ဘာစီလိုနာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အပြန်အလှန်သွင်းများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး တစ်ဖက်လေးဂိုးစီသရေကျခဲ့ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ထိုပွဲတွင် ဘာစီလိုနာအသင်းမှ မက်ဆီသည် လာလီဂါ၌ အလွတ်တည်ကန်ဘောမှ ခြောက်ဂိုးမြောက်ကို သွင်းယူနိုင်ခဲ့ကြောင်းလည်း သိရသည်။

ဇီဒန်းသည် ကော့တွိုက်စ်အား ရောင်းချသွားဖွယ်ရှိ

ရီးရဲမက်ဒရစ်အသင်းနည်းပြ ဇီဒန်းသည် ချယ်လ်ဆီးဂိုးသမားဟောင်း ကော့တွိုက်စ် (၂၆နှစ်) အား ယခုနှစ်နွေရာသီတွင် ရောင်းချသွားဖွယ်ရှိသည်ဟု အရိပ်အမြွက်ပြောကြားလိုက်ကြောင်း မေရာတွင် ဖော်ပြထားသည်။

အင်တာမီလန်နှင့် အေစီမီလန်တို့ ပက်ဒရိုအား ခေါ်ယူလို

အင်တာမီလန်နှင့် အေစီမီလန်အသင်းတို့သည် ချယ်လ်ဆီးအသင်းမှ စပိန်တောင်ပံကစားသမား ပက်ဒရို (၃၁နှစ်) အား ခေါ်ယူလိုနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အာဆင်နယ်အသင်း ကက်ဂလီယာရီအသင်းမှ ဘာရယ်လာ၏ ကစားဟန်ကို စောင့်ကြည့်ရန်အတွက် ကင်းထောက်များ စေလွှတ်

အာဆင်နယ်အသင်းသည် ဧပြီ ၃ ရက် နံနက်ပိုင်းက အီတလီစီးရီးအေပွဲစဉ် ၃၀ အဖြစ် ဂျူဗင်တပ်စ်အသင်းက ကက်ဂလီယာရီအသင်းကို နှစ်ဂိုးပြတ်အနိုင်ရရှိခဲ့သော ပွဲစဉ်တွင် ကက်ဂလီယာရီအသင်းမှ အီတလီကွင်းလယ်ကစားသမား ဘာရယ်လာ (၂၂နှစ်) ၏ ကစားဟန်ကို စောင့်ကြည့်ရန်အတွက် ကင်းထောက်များ စေလွှတ်ခဲ့ကြောင်း ဒေးလီးစတားတွင် ဖော်ပြထားသည်။

ဂါးရက်ဘေးလ် ဘာနေဗျူးမှ ထွက်ခွာသွားမှာ မဟုတ်

ရီးရဲမက်ဒရစ်အသင်းမှ ဝေးလ်တိုက်စစ်ကစားသမား ဂါးရက်ဘေးလ် (၂၉နှစ်) သည် နွေရာသီအပြောင်းအရွှေ့ကာလတွင် ဘာနေဗျူးမှ ထွက်ခွာသွားမှာ မဟုတ်ကြောင်း ၎င်း၏ အပေါင်းအသင်းများအား ပြောဆိုလိုက်ကြောင်း မာကာဒေ့ါကွန်းတွင် ဖော်ပြထားသည်။

မန်ယူအသင်း ဝုဖ်အသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်

ဧပြီ ၃ ရက်နံနက်ပိုင်းက ပရီမီယာလိဂ် ၃၃ အဖြစ် ဝုဖ်နှင့် မန်ယူအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဝုဖ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။ မန်ယူအသင်းသည် ဝုဖ်အသင်းအား ၁၉၈၀ ပြည့်နှစ် ဩဂုတ်လနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ပြိုင်ပွဲစုံ အဝေးကွင်း ဆက်တိုက်ရှုံးနိမ့်မှုအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်းလည်း သိရသည်။ **အောင်ဇော်**

✻ *ကျော့ဖုံးမှ*

ဇင်မျိုးအောင်၊ မင်းခန့်သူတို့ ပါဝင်ကြသည်။ တရုတ်ဖိတ်ခေါ်ပြိုင်ပွဲကို ဧပြီ ၆ ရက်မှ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်တရုတ်၊ မြန်မာ၊ ကာဂျစ္စတန်နှင့် တာဂျစ် ကစ္စတန်အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာအသင်းသည် ဧပြီ ၆ ရက်တွင် တရုတ်အသင်း၊ ဧပြီ ၈ ရက်တွင် တာဂျစ်ကစ္စတန်အသင်း၊ ဧပြီ ၁၀ ရက်တွင် ကာဂျစ္စတန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ညီမြတ်သော်တာ

ပြည်မြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်အချို့ သစ်ပင်ပိခြင်းနှင့် အမိုးလန်မှုဖြစ်

ပြည် ဧပြီ ၃

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်တွင် ဧပြီ ၂ ရက် ညနေ ၅ နာရီခန့်က မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ပြည်မြို့နယ်အတွင်းရှိ နေအိမ်များ သစ်ပင်ပိခြင်း၊ ပြိုကျခြင်းများနှင့် နေအိမ်နှင့် စာသင်ကျောင်းအချို့ အမိုးလန်မှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုကြောင့် ပြည်မြို့နယ်အတွင်းရှိ ဆင်စုရပ်ကွက်မှ လမ်းဦးစီးဌာနပိုင် ဝန်ထမ်းအိမ်ရာပေါ်သို့ ယူကလစ်ပင်ကျိုးပိပြီး ရွာဘဲရပ်ကွက်နှင့် အနောက်ရွာသစ် ကျေးရွာအုပ်စု၊ ကုန်းသလင်းကျေးရွာအုပ်စု၊ ငါးရွာကျေးရွာ အုပ်စုတို့ရှိ နေအိမ်များ ပြိုကျကာ တောင်ကုန်းကျေးရွာရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းမှာ သွပ်အချပ် ၃၀ အမိုးလန်ပျက်စီးကြောင်း သိရသည်။

အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် လူနှင့် တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိပါကြောင်းနှင့် အိမ်ပြိုအမိုးလန်ပျက်စီးမှု နောက်ဆက်တွဲ စာရင်းများ ကောက်ယူလျက်ရှိကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

သန်းလွင်

မိုးသက်လေပြင်းတိုက်ခတ်၍ ဘာသာရေးအဆောက်အအုံ၊ စာသင်ကျောင်းများနှင့် လူနေအိမ်များ ပျက်စီး

ဖောင်းပြင်

မော်လိုက်ခရိုင် ဖောင်းပြင်မြို့၌ ဧပြီ ၂ ရက် ညနေ ၅ နာရီ ၁၅ မိနစ်က မိုးသက်လေပြင်း တိုက်ခတ်မှုကြောင့် ဖောင်းပြင်မြို့ရှိ ဌာနဆိုင်ရာအဆောက်အအုံများ၊ လူနေအိမ်များ၊ စာသင်ကျောင်း များနှင့် ဘုန်းကြီးကျောင်းများရှိ အမိုးသွပ်များ လေနှင့် လွင့်ပါသွားခဲ့ပြီး အမိုးများ ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ဖောင်းပြင်မြို့ ချင်းတွင်း မြစ်ဆိပ်ကမ်းတွင် ရပ်နားထားသော ဒွေးဒွေးခိုင်အမည်ရှိ မော်လိုက်-ဖောင်းပြင် သစ်သားခွံ လိုင်းစက်လှေမှာ လှိုင်းများရိုက်ခတ်မှုကြောင့် ရေများဝင်ရောက်၍ တိမ်းစောင်းမှုဖြစ်ပွားခဲ့ရာ ဌာနဆိုင်ရာများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ ကယ်ဆယ်ရေးအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ရေစုပ်စက်များ အသုံးပြု၍ ရေများစုပ်ထုတ်ပေးခဲ့ပြီး ပျက်စီးဆုံးရှုံးမှု မရှိကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် ညနေ ၆ ခွဲခန့်တွင် ခန္တီး-ဖောင်းပြင်-သက္ကယ်ကျင်း ဗျူဟာလမ်း၊ မြို့နယ်သမဝါယမ ဦးစီးဌာနထောင့်ရှိ သစ်ပင်ကိုင်းကျိုးကျမှုဖြစ်ပွားခဲ့ရာ လမ်းပိတ်ဆို့မှုမဖြစ်ပွားရေးအတွက် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အရန် မီးသတ်၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက စက်ယန္တရားနှင့် လူအင်အားများဖြင့် အမြန်ဆုံးဖယ်ရှားနိုင်ခဲ့ပြီး အဆိုပါ ဖြစ်စဉ်များကြောင့် လူနှင့် တိရစ္ဆာန်များ ထိခိုက်မှု မရှိကြောင်း သိရသည်။ **ဇေယျာ(ပြန်/ဆက်)**

မင်းတပ်

ချင်းပြည်နယ်တောင်ပိုင်း ရေဇွာမြို့၌ ဧပြီ ၂ ရက် ည ၁၁ နာရီမှ ၁၂ နာရီအတွင်း လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ် ၄၆ လုံးခန့် အပါအဝင် ထွေ/အုပ်ခြောက်ခန်းတွဲ ဝန်ထမ်းအိမ်ရာနှင့် အ.ထ.က စွယ်တော်ခန်းမဆောင်တို့ အမိုးလန်ပျက်စီးခဲ့သည်။

"လေကတော့ ည ၁၁ နာရီမှာစတိုက်လာတာပါ။ နောက်နာရီဝက်လောက်ကြာတော့ လေမုန်တိုင်းပုံစံဖြစ်လာပြီး

မင်းတပ်မြို့ရှိအမိုးလန်ပျက်စီးသွားသည့် ထွေ/အုပ် ခြောက်ခန်းတွဲ ဝန်ထမ်းအိမ်ရာအား တွေ့ရစဉ်။

အိမ်အမိုးတွေလန်တော့တာပဲ။ တချို့လူတွေဆို ထွက်ပြေးကုန်တယ်။ လေတိုက်ချိန်ကတော့ တစ်နာရီကြာတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် အိမ်အမိုးလန်ပျက်စီးသွားသည့် ဒေသခံပြည်သူများသည် နီးစပ်ရာဆွေမျိုးများအိမ်သို့ ခေတ္တပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

ခိုရှိန်းမောင်း (ပြန်/ဆက်)

အင်္ဂပူ

အင်္ဂပူမြို့နယ် ကုန်းပြင်ကျေးရွာအုပ်စုတွင် ဧပြီ ၂ ရက် ညနေ ၇နာရီ ခွဲခန့်က ရုတ်တရက် လေပြင်းတိုက်ခတ်မှုကြောင့် ကြို့ပင်စုကျေးရွာတွင် လူနေအိမ်သုံးလုံးပြိုကျကာ လူနေအိမ်တစ်လုံး အမိုးလန်ပြီး ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း အမိုးလန်သွားကြောင်း သိရသည်။ ထို့အပြင် ကျောက်တစ်လုံးကျေးရွာတွင် လူနေအိမ်လေးလုံး၊ ထုံးပေါ်ကျေးရွာတွင် လူနေအိမ်လေးလုံး၊ ကျီးပင်ကျေးရွာတွင် လူနေအိမ် ၁၁ လုံးတို့ အမိုးလန်ပြီး၊ ကျောက်ထပ်ကျေးရွာတွင် လူနေအိမ် လေးလုံး၊ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း အမိုးလန်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုဖြစ်ပွားရာသို့ ကွင်းကောက်နယ်မြေ ရဲစခန်းမှ ဒုရဲအုပ်မင်းဆွေဦး ဦးဆောင်သောတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့များက သွားရောက်ပြီး ယာယီနေထိုင်စားသောက်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မန်းကျော်(ပြန်/ဆက်)

ပလက်ဝ

ချင်းပြည်နယ် ပလက်ဝမြို့နယ်ကျေးရွာအချို့တွင် ဧပြီ ၂ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က လေပြင်းတိုက်ခတ်၍ နေအိမ်အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုရှိခဲ့သည်။

အဆိုပါ လေပြင်းကျရောက်တိုက်ခတ်မှုကြောင့် အိမ်ထောင်စု ၁၀၅ စု၊ လူဦးရေ ၅၂၇ ဦး လေပြင်းဒဏ်ခံခဲ့ရပြီး စာသင်ကျောင်း ၁၁ ကျောင်း၊ ဘုန်းကြီးကျောင်း လေးကျောင်းနှင့် အခြားအဆောက်အအုံ သုံးခု ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

အင်တော

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အင်တောမြို့အုန်းကွဲကျေးရွာအုပ်စု လယ်ခေါင်းကျေးရွာအတွင်း၌ ယနေ့နံနက် ၂နာရီက လေပြင်းတိုက်ခတ်မှုကြောင့် ဦးကျော်စိုးနှင့် ဦးစံဆဲတို့၏ ထရံကာနေအိမ် နှစ်လုံး ခေါင်မိုးလန်မှုဖြစ်ပွားပြီး လူနှင့်တိရစ္ဆာန် ထိခိုက်ပျက်စီးဆုံးရှုံးမရှိကြောင်း သိရသည်။

အင်တော(ပြန်/ဆက်)

ကျွန်းလှ

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်၌ ဧပြီ ၂ ရက် ည ၈ နာရီ ၁၅ မိနစ်ခန့်က လေပြင်းတိုက်ခတ်၍ လူနေအိမ်အချို့ အမိုးလန်ပျက်စီးပြီး လျှပ်စစ်မီးတိုင်များ ကျိုးကျပျက်စီးသွားသည်။

ထိုသို့ လေပြင်းတိုက်ခတ်၍ ညောင်ပင်ကျေးရွာတွင် လူနေအိမ် ၁၇ လုံး၊ စပါးတိုက်တစ်လုံး၊ ဘုန်းတော်ကြီးကျောင်း ဆွမ်းစားဆောင်နှင့်ဓမ္မာရုံ၊ တည်ပင်ဆိပ်ကျေးရွာ နေအိမ်သုံးလုံး သွပ်မိုးလန်ပျက်စီးပြီး အိမ်ခြေ-ရွာကုန်းကြီး ကျေးရွာ သွယ်တန်းထားသော တိုင်အမှတ်(၈၀)မှ လျှပ်စစ်မီး တိုင်များ ကျိုးကျပျက်စီးသွားကြောင်း သိရသည်။ အဆိုပါ ကျေးရွာများသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ထားမောင်နှင့် တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦးနှင့် ဝန်ထမ်းများနှင့် ပူးပေါင်းအဖွဲ့တို့က ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရခြင်းမရှိကြောင်းသိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးထွန်းအောင်စိုး၊ ဦးမျိုးအောင်နှင့် ဦးဆန်နီတို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ် အရေးယူ

နေပြည်တော် မေ ၃

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မိုးထိမိုးမိဒေသရှိ အကြီးစား ရွှေလုပ်ကွက်များတွင် တရားမဝင်ရွှေသတ္တုတူးဖော်သူများနှင့် အဂတိလိုက်စား၍ ရွှေခိုးထုတ်ရာတွင် ပူးပေါင်းပါဝင်သော တာဝန်ကျဝန်ထမ်းများအား စုံစမ်းဖော်ထုတ် အရေးယူပေးပါရန် ဦးထွန်းအောင်စိုး(အမျိုးသားကြီးပွား တိုးတက်ရေးကုမ္ပဏီ၏ အုပ်ချုပ်မှု ဒါရိုက်တာ)က အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

မမှန်မကန်စွပ်စွဲတိုင်ကြား

၎င်း၏ တိုင်ကြားစာအရ ဦးထွန်းအောင်စိုး ဖော်ညွှန်းသော သက်သေများနှင့် ဆက်စပ်သက်သေများ၏ ထွက်ဆိုချက်အရ မိုးထိမိုးမိဒေသ ရွှေတူးဖော်ထုတ်လုပ်ရေးလုပ်ကွက်ကြီး(A) ရှိ ပိတ်ထားသော Adit အတွင်း၌ ဖမ်းဆီးရမိခဲ့ပြီး ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေးအက်ဥပဒေ ပုဒ်မ ၆(၁)ဖြင့် အမှုဖွင့်တိုင်ကြားခြင်း ခံခဲ့ရသည့် ဦးအေးကိုပါ ၁၀ ဦးတို့အား ဦးထွန်းအောင်စိုး ညွှန်ကြားသည့်အတိုင်း သတ္တုတွင်းဝန်ထမ်းနှင့် လုံခြုံရေးရဲများကို ငွေပေး၍ သတ္တုခိုးတူးခြင်းဖြစ်သည်ဟု ပြောဆိုပေးရန် ဦးမျိုးအောင်နှင့် ဦးဆန်နီတို့သည် ရမည်းသင်းအကျဉ်းထောင်တွင် သွားရောက်တွေ့ဆုံ သင်ကြားပေးခြင်း၊ အမှုသက်သာအောင် ဆောင်ရွက်ပေးမည်ဟု သွေးဆောင်ပြောကြားခြင်း၊ ရွှေဟသ်ာဟိုတယ်၌ သတင်းသမားများနှင့် တွေ့ဆုံစဉ် ဦးသိန်းမြင့်ပါ လေးဦးအား မမှန်မကန်သောအချက်များကို ထုတ်ဖော်ပြောကြားစေရန် ဆောင်ရွက်ပေးခဲ့ပြီး မမှန်မကန်သော အချက်အလက်များကို ရေးသားတိုင်ကြားစေရန် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း၊ ဦးထွန်းအောင်စိုးသည် ၎င်းတို့ ကုမ္ပဏီနှင့် အကျိုးတူပူးပေါင်းလုပ်ကိုင်ခဲ့သည့် ကုမ္ပဏီအဖွဲ့ရှစ်ဖွဲ့အမည်ကို အလွဲသုံးစားပြုပြီး နိုင်ငံ့ဝန်ထမ်းများက ငွေကြေးများရယူပြီး တရားမဝင်ရွှေခိုးတူးခွင့်ပြုကြောင်း၊ ရွှေခိုးတူးသူများအား လာဘ်ငွေရယူ၍ ပြန်လွှတ်ခဲ့သည်ဟု မမှန်မကန်စွပ်စွဲတိုင်ကြားစာများ ပေးပို့ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် နိုင်ငံ့ဝန်ထမ်းများအား နစ်နာစေရန် ရည်ရွယ်၍ အဂတိလိုက်စားမှုကျူးလွန်သည်ဟု မမှန်မကန်တိုင်ကြားသူ အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီ၏ အုပ်ချုပ်မှု ဒါရိုက်တာ ဦးထွန်းအောင်စိုးအပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၉ အရ လည်းကောင်း၊ မမှန်မကန်တိုင်ကြားရာတွင် အားပေးကူညီခဲ့သည့် ဦးမျိုးအောင်နှင့် ဦးဆန်နီတို့အပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၉/၆၃ အရ လည်းကောင်း အရေးယူဆောင်ရွက်ရန် နေပြည်တော် ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့မရဲစခန်းတွင် ယနေ့ ရက်စွဲဖြင့် ပထမသတင်းပေးတိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆိုအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

သတင်းစဉ်

မြန်မာ့ရုပ်မြင်သံကြား

၄-၄-၂၀၁၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၃၅ - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက်တတိယတစ်နှစ်တာ "လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန"
၉း၁၅ - "အဂ္ဂမဟာကန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဉာဏိန္ဒာဘိဝံသ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ အဖွဲ့ဝင်ပရိယတ္တိမင်းကျောင်းတိုက်၊ မအူပင်မြို့ ဧရာဝတီတိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း"
၉း၃၀ - "ဓမ္မရိပ်မှာပွင့်သောပန်း (မြို့မယဉ်ငေးသာသနာ့ရိပ်သာထားဝယ်မြို့)"
၉း၄၀ - လုပစုံလင်အာဆီယံတစ်ခွင်
၉း၅၀ - ကျန်းမာရေးမဂ္ဂဇင်း "ဝက်သက်ရောဂါအကြောင်း သိကောင်းစရာ" (အပိုင်း-၁)
၁၀း၃၀ - အလုပ်သမားရေးရာအစီအစဉ်
၁၁း၀၀ - မြစ်မခမီဒီယာ (စာတတ်ဖို့၊ ဝင်ငွေကောင်းဖို့၊ အသက်ရှည်ဖို့)
၁၂း၃၅ - တိပိဋကဓရ၊ တိပိဋက ကောဝိဒ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ သုန္ဒရ၏ "ဘဝကို ခြယ်ကံနှစ်သွယ်တရားတော်"

ညပိုင်း

၁၆း၃၅ - Soccer View
၁၇း၀၅ - NHK Programme "ပညာရှင်တို့၏လမ်း" (ခြေတုလက်တုတပ်ဆင်သူက ယူဆောင်လာသော မျှော်လင့်ချက်)
၁၇း၃၅ - လူမှုစီးပွားမြင်ကွင်းများ
၁၈း၂၀ - မျက်မှောက်ရေးရာအဖြာဖြာ
၁၉း၁၅ - "ပြောင်းလဲပါ" (Change)
၁၉း၃၀ - "လုံခြုံစိတ်ချအားထားရာ အမုန် တောင်နဝင်း ရေလှောင်တမံ"
၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၀း၃၅ - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက်တတိယတစ်နှစ်တာ "ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး"
- မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင် (အပိုင်း-၃) ဒါရိုက်တာ-ကြည်စိုးထွန်း၊ မေမြင့်ရီ

ကသာ၊ ကွန်ဟိန်း၊ တောင်ကြီးမြို့နယ်များတွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် မေ ၃

မူးယစ်တပ်ဖွဲ့စု(၆)ကသာမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂ ရက် မွန်းလွဲပိုင်းက ကသာမြို့နယ် ညောင်ခြေထောက်ကျေးရွာ ညောင်ခြေထောက်-အင်းတော်သွားကားလမ်း ပြင်တော်ကွင်းချောင်းအနီးတွင် ကျန်ထွန်းလင်း (ခ)အောင်ချို မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဆပ်ပြာခွက် ၁၄ ခွက်ဖြင့် ထည့်ထားသည့် ဘိန်းဖြူ ၁၅၄ ဂရမ်နှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ကျန်ထွန်းလင်း(ခ)အောင်ချိုအား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

အလားတူ ယင်းနေ့ မွန်းလွဲ ၂ နာရီက ကွန်ဟိန်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွန်ဟိန်းမြို့ အမှတ်(၃)ရပ်ကွက် မြို့ပတ်လမ်းတွင် စိုင်းနာလိန် မောင်းနှင်ပြီး စိုင်းခမ်းဆာ လိုက်ပါလာသည့် မတ်တူးအမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ နှင့် ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ ယင်းနေ့ ည ၇ နာရီခွဲတွင် မူးယစ် တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့နယ် နောင်ကာကယ် ကျေးရွာ တောင်ကြီး-ပင်ပက်ကျေးရွာ သွားကားလမ်း ကမ္ဘောဇဘီလပ်မြေစက်ရုံ အနီး၌ မောင်ကံကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၆၅ ပြား သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

တာချီလိတ်မြို့၌ အမျိုးသားတစ်ဦးအား သေနတ်ဖြင့်ပစ်ခတ်ထွက်ပြေးသွားသည့် ထိုင်းနိုင်ငံသား၏ အခန်းအတွင်းမှ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

တာချီလိတ် မေ ၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက် မြလင်းပွင့်မိုတယ်၌ ညှော်သည်လာရှာသည့် အမျိုးသားတစ်ဦးအား သေနတ်ဖြင့်ပစ်ခတ်ကာ ထွက်ပြေးသွားသည့် ထိုင်းနိုင်ငံသား၏ အခန်းအတွင်းမှ မူးယစ်ဆေးဝါးများကို မေ ၃ ရက် နံနက်ပိုင်းက သိမ်းဆည်းရမိသည်။

ဖြစ်စဉ်မှာ မေ ၃ ရက် နံနက် ၂ နာရီခန့်တွင် တာချီလိတ်မြို့နယ်နေ ကျရှီးဘို(၂၆ နှစ်)သည် တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်ရှိ မြလင်းပွင့်မိုတယ်တွင် တည်းခိုနေသည့် သူငယ်ချင်းဖြစ်သူ ကျ၀အား သွားရောက်ရှာဖွေရာ အခန်းအမှတ်(၁၄)တွင် သူငယ်ချင်းဖြစ်သူ တည်းခိုနေထိုင်သည့် အခန်းဟု ထင်မှတ်၍ သွားရောက်ဖွင့်လှစ်ရာ ကျ၀ အခန်းမဟုတ်ဘဲ အခြားညှော်သည် လေး၊ ငါးဦးခန့် စုဝေးနေထိုင်သည့် အခန်းဖြစ်နေသည်။

ထိုသူများထဲမှ အသက်(၃၀ နှစ်)ခန့်ရှိ အသားဖြူ၊ ထိုင်းစကားပြောသည့် အမျိုးသားတစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ရာ သေနတ်ဒဏ်ရာ နှစ်ချက် (စိုးရိမ်ရ)ရရှိခဲ့၍ ဆေးရုံသို့ ပို့ဆောင်ကာ ဆေးကုသမှုခံယူလျက်ရှိသည်။

တာချီလိတ်မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ကိုကိုဦးနှင့် တပ်ဖွဲ့ဝင်များသည် အခင်းဖြစ်ရပ်သို့ သွားရောက်စုံစမ်းရာ အဆိုပါအခန်းတွင် သေနတ်ဖြင့် ပစ်ခတ်သူမှာ ထိုင်းနိုင်ငံသားတစ်ဦး တည်းခိုသည့်အခန်း ဖြစ်နေကြောင်း၊ အခန်းတွင်းသို့ ဝင်ရောက်ရှာဖွေရာ ၎င်းအားမတွေ့ရှိဘဲ အိပ်ရာပေါ်မှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ခုနစ်ပြား၊ အလေးချိန် ၀ ဒသမ ၇ ဂရမ်ခန့်နှင့် ICE ဟု ယူဆရသော အဖြူရောင်ပုံဆောင်ခဲ ၂ ဒသမ ၃ ဂရမ်ခန့်၊ မူးယစ်ဆေးဝါး ရှူရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို ရှာဖွေတွေ့ရှိခဲ့သည်။

အမှုမှ ထိုင်းနိုင်ငံသား(စုံစမ်းဆဲ)ကို တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားရှိပြီး အမှုမှ ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရမိရေးအတွက် ပူးပေါင်းအဖွဲ့များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

အထောက်အထားမဲ့ စားသောက်ကုန်များ တွေ့ရှိ

နေပြည်တော် မေ ၃

တရားမဝင်ကုန်စည်များ တားဆီး ထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၂ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀၃၉ စီး၊ သွင်းကုန် ၃၈၉ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၃ စီး၊ သွင်းကုန် ၂၂၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂ ရက်က မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုသုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၃၇၅ သန်း တန်ဖိုးရှိ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်များအား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဗန်းမော်မြို့နယ်၌ အမျိုးသားတစ်ဦး ဓားဒဏ်ရာများဖြင့် သေဆုံးလျက် တွေ့ရှိ

ဗန်းမော် မေ ၃

ကချင်ပြည်နယ် ဗန်းမော်မြို့၌ မေ ၂ ရက်က အမျိုးသားတစ်ဦး ဓားဒဏ်ရာများဖြင့် သေဆုံးလျက်တွေ့ရှိကြောင်း ဗန်းမော်မြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ မေ ၂ ရက်က ဗန်းမော်မြို့ ဟန်းတဲရပ်ကွက်ရှိ ကားကြီးကွင်း ဆောက်လုပ်မည့်ဝင်းအနီး ကားလမ်းဘေးတွင် အမျိုးသားတစ်ဦး ဓားဒဏ်ရာများဖြင့် သေဆုံးနေကြောင်း သတင်းအရ ဗန်းမော်မြို့မရဲစခန်းမှ ဒုတိယ ရဲအုပ် အေးကျော်နှင့် တာဝန်ရှိသူများက သွားရောက်စစ်ဆေးရာ အသက် ၂၀ နှစ်ခန့်ရှိ အမျိုးသားတစ်ဦး၏ နောက်ကျောတွင် ထိုးသွင်းဒဏ်ရာရှစ်ချက်၊ ယာဘက်လည်ပင်းနှင့် ဝဲဘက်ချိုင်းအောက်တွင် ထိုးသွင်းဒဏ်ရာတစ်ချက်စီဖြင့် သေဆုံးနေကြောင်းနှင့် ၎င်း၏အနီးတွင် အရိုးအသွား ရှစ်လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်း၊ ခေါက်ဓားတစ်ချောင်းတို့ကို တွေ့ရှိသိမ်းဆည်းကာ လိုအပ်သည့် စစ်ဆေးချက်များရယူ၍ ဗန်းမော်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရမိရေး ဗန်းမော်မြို့မရဲစခန်းက အမှုဖွင့်စုံစမ်းလျက်ရှိကြောင်း သိရသည်။

ဝင်းနိုင်(ကချင်မြေ)

လွိုင်ကော်မြို့တွင် ကလေးငယ်အလောင်းတွေ့ရှိ

လွိုင်ကော် မေ ၃

ကယားပြည်နယ် လွိုင်ကော်မြို့ ကျောက်ပြားတံတားအောက်တွင် စွန့်ပစ်ထားသည့် မွေးကင်းစကလေးငယ် အလောင်းတစ်လောင်းကို မေ ၃ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်ခန့်တွင် တွေ့ရှိကြောင်း သိရသည်။ သတင်းအရ လွိုင်ကော်မြို့မရဲစခန်းမှ ဒုရဲအုပ် အေးမြင့်သည် တပ်ဖွဲ့ဝင်များနှင့်အတူ သွားရောက်ခဲ့ရာ ဒေါဥခူရပ်ကွက် ကျောက်ပြားတံတားအောက် ဘီလူးချောင်းဝဲဘက်ကမ်းဘေး ရေအနက်နှစ်ပေခန့်တွင် ချက်ကြိုးတန်းလန်းနှင့် မိန်းကလေးတစ်ဦးရေနစ်မြုပ်လျက် ပြင်ပဒဏ်ရာမရှိဘဲ သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် လွိုင်ကော်ပြည်သူ့ဆေးရုံကြီးသို့ ပေးပို့စစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကလေးအလောင်းအား တိတ်တဆိတ် ဖျောက်ဖျက်ခဲ့သူကို လွိုင်ကော်မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

ကိုစိုင်း (လွိုင်ကော်)

ကြို့ပင်ကောက်မြို့နယ်၌ အမျိုးသားတစ်ဦးထံမှ ငွေကျပ်သိန်းလေးရာကျော် လုယူမှုဖြစ်ပွား

ကြို့ပင်ကောက် မေ ၃

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် အောင်ပင်သာအုပ်စု သခွပ်ကုန်းရွာအနီး ရန်ကုန်-ပြည်ကားလမ်းမကြီးတွင် မေ ၂ ရက် ည ၇ နာရီခန့်က ငွေလွှဲလုပ်ငန်းလုပ်ကိုင်သူ၏ ငွေသိန်းလေးရာကျော်အား လုယူမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ငွေလွှဲလုပ်ငန်းလုပ်ကိုင်သူ ပြည်မြို့နယ်နေ ကျော်စည်သူအောင် (၃၀ နှစ်)သည် ခဲရောင် CALDINA/YGN------ ယာဉ်ကို တစ်ဦးတည်း မောင်းနှင်ကာ နတ်တလင်းမြို့ CB ဘဏ်တွင် ငွေကျပ် ၂၀၂ သိန်းကို သွင်းခဲ့ပြီး ကြို့ပင်ကောက်မြို့သို့ မောင်းနှင်လာစဉ် ဇီးကုန်းမြို့နှင့် ကြို့ပင်ကောက်မြို့အကြား သခွပ်ကုန်းရွာအနီး ကားဘီးပေါက်သဖြင့် ဆင်းကြည့်ရာ အမျိုးသားနှစ်ဦးက ၎င်း၏ဦးခေါင်းကိုရိုက်ပြီး ကားထဲမှ ငွေကျပ် ၄၀၄ သိန်းအား ယူဆောင်၍ ဆိုင်ကယ်ဖြင့် ကြို့ပင်ကောက်မြို့ဘက်သို့ မောင်းနှင်သွားကြောင်း သိရသည်။

ငွေလုယူသွားသူနှစ်ဦးအား စုံစမ်းဖော်ထုတ်အရေးယူပေးပါရန် ကြို့ပင်ကောက်ရဲစခန်းအား တိုင်ကြားသဖြင့် အရေးယူဆောင်ရွက်ထားပြီး ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တင်မြင့်(နတ်တလင်း)

မလေးရှားဝန်ကြီးချုပ်ဟောင်း နာဂျစ်ရာဇတ် တရားရုံးသို့ ရောက်ရှိလာစဉ်။

မလေးရှားဝန်ကြီးချုပ်ဟောင်းနာဂျစ်ကို ရုံးတင်စစ်ဆေး

ကွာလာလမ်ပူ မေ ၃

မလေးရှားဝန်ကြီးချုပ်ဟောင်း နာဂျစ်ရာဇတ်ကို မေ ၃ ရက်တွင် ဒေါ်လာဘီလီယံများစွာ လိမ်လည်ခဲ့မှုဖြင့် ရုံးထုတ်စစ်ဆေးမှု ဆောင်ရွက်လျက်ရှိရာ ၎င်းအပေါ်စွပ်စွဲထားသည့် စွဲချက်များနှင့်ပတ်သက်၍ ၎င်းတွင်အပြစ်မရှိဟု လျှောက်ထားခဲ့ကြောင်း သိရသည်။

အသက် ၆၅ နှစ်ရှိပြီဖြစ်သည့် ဝန်ကြီးချုပ်ဟောင်း နာဂျစ်ရာဇတ်သည် မလေးရှားနိုင်ငံပိုင် ရန်ပုံငွေဖြင့် တည်ထောင်ထားသည့် 1 MDB ကုမ္ပဏီမှ ရန်ပုံငွေများ ပျောက်ဆုံးနေမှုနှင့်ပတ်သက်၍ ပထမဆုံးအကြိမ်အဖြစ် ကြားနာစစ်ဆေးမှုကို ရင်ဆိုင်ရလျက်ရှိသည်။

ဝန်ကြီးချုပ်ဟောင်းနှင့် ၎င်း၏ခရိုနီတစ်စုတို့သည် ကုမ္ပဏီ၏ ရန်ပုံငွေထဲမှာ ဒေါ်လာဘီလီယံများစွာကို လွှဲပြောင်းရယူခဲ့ပြီး ထိုငွေများကို အိမ်ခြံမြေအကျိုးဆောင်ကိစ္စများနှင့် လက်မှုပစ္စည်းများမှသည် ဇိမ်ခံရွက်လှေများ ဝယ်ယူမှုတို့တွင် သုံးခဲ့ကြောင်း စွပ်စွဲခံထားရသည်။

အငြင်းပွားဖွယ်ယင်းကိစ္စနှင့်ပတ်သက်၍ တိမ်မြုပ်နေခဲ့သည့် စုံစမ်းစစ်ဆေးမှုကို အသစ်တစ်ဖန် ပြန်လည်လုပ်ဆောင်ခဲ့ပြီး ဝန်ကြီးချုပ်ဟောင်း နာဂျစ်ရာဇတ်အနေဖြင့် ငွေကြေးခဝါချမှု အပြင် ၎င်းနှင့်ဆက်စပ်နေသည့်အခြားသော အကျင့်ပျက်ခြစားမှုစွဲချက်များနှင့် ရင်ဆိုင်ရလျက်ရှိသည်။

ရုံးထုတ်စစ်ဆေးမှုပြုလုပ်ရန်အတွက် ကွာလာလမ်ပူ တရားရုံးသို့ နာဂျစ်ရောက်ရှိလာချိန်တွင် ၎င်းကိုထောက်ခံသူ တစ်စုက ကြိုဆိုခဲ့ကြပြီး ၎င်းနှင့်အတူ မိနစ်အနည်းငယ်ကြာအောင် ဆုတောင်းခဲ့ကြသည်။ နာဂျစ်သည် ၎င်းအပေါ် စွဲချက်တင်ထားသည့် အကျင့်ပျက်ခြစားမှုခုနစ်ခုနှင့် 1MDB လက်အောက်ခံ စွမ်းအင်ကုမ္ပဏီဖြစ်သည့် SRC International မှ မလေးရှားရင်းဂစ် ၄၂ သန်း (အမေရိကန် ဒေါ်လာ ၁၀ ဒသမ ၃ သန်းကို ၎င်း၏ ကိုယ်ပိုင်ဘဏ်စာရင်းထဲသို့ ထည့်ခဲ့သည်ဟူသော စွဲချက်များကို ငြင်းဆန်ခဲ့သည်။ ၎င်းအနေဖြင့် အမှားအယွင်းကျူးလွန်ခဲ့ခြင်းမရှိကြောင်း တရားရုံး၌ ငြင်းဆန်ခဲ့သည်။

အေအက်ဖ်ပီ

အမေရိကန် - မက္ကဆီကိုနယ်စပ်ကို ပိတ်ပစ်ရန် ရာနှုန်းပြည့်အသင့်ဖြစ်နေကြောင်း ထရမ့် ပြော

ဝါရှင်တန် မေ ၃

လူဝင်မှုကြီးကြပ်ရေးဥပဒေ ပြင်ဆင်ပြောင်းလဲမှုနှင့်ပတ်သက်၍ ကွန်ဂရက်လွှတ်တော်နှင့် သဘောတူညီမှု မရရှိခဲ့ပါက တောင်ပိုင်းနယ်စပ်ကို ပိတ်ရန် ရာနှုန်းပြည့် အဆင်သင့်ရှိကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က မေ ၂ ရက်တွင် ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် တရားမဝင် ရွှေ့ပြောင်းသွားလာသူ အရေး ကိုင်တွယ်ဆောင်ရွက်နေရမှုများ ကမ်းကုန်သွားပြီဖြစ်ပြီး ယင်းကိစ္စသည် အလွန်တရား မျှတမှု မရှိသည့်ကိစ္စဖြစ်ကြောင်း ထရမ့်က ပြောသည်။

အမေရိကန်သမ္မတသည် ဗဟိုအမေရိက နိုင်ငံများဖြစ်သည့် ဟွန်ဒူးရပ်စ်၊ ဂွါတီမာလာ၊ အယ်ဆာဗေးဒိုးနိုင်ငံများအား အမေရိကန်ပြည်ထောင်စုသို့ ဝင်ရောက်လာနေသည့် ရွှေ့ပြောင်းသွားလာသူလူအုပ်ကြီးကို စစ်ဆေးစောင့်ကြည့်သည့် တာဝန်ကိုကျေပွန်ခဲ့ခြင်း မရှိကြောင်း ပြစ်တင်ပြောဆိုခဲ့ပြီး ယင်းနိုင်ငံများသို့ အကူအညီပေးအပ်နေမှုများကို ဖြတ်တောက်လိုက်တော့မည်ဖြစ်ကြောင်း ခြိမ်းခြောက်လျက်ရှိသည်။

ဗဟိုအမေရိကနိုင်ငံများသို့ ဒေါ်လာသန်းပေါင်း ရာချီပေးနေခဲ့သော်လည်း အမေရိကန်အတွက် အလုပ်လုပ်ပေးခဲ့ခြင်း မရှိဟု ထရမ့်က ပြောကြားခဲ့သည်။ ထရမ့်၏မှတ်ချက်များအရ စီးပွားရေးပြိုလဲနိုင်သည့် အန္တရာယ်ရှိနေသော်လည်း အမေရိကန်ပြည်ထောင်စု အနေဖြင့် ပြင်းပြင်းထန်ထန် အရေးယူဆောင်ရွက်သွားနိုင်သည့် အခြေအနေများ ရှိလာနိုင်ကြောင်း မှန်းဆမှုများ ပေါ်ထွက်လာခဲ့သည်။

ပြီးခဲ့သည့် အင်္ဂါနေ့အစောပိုင်းက အိမ်ဖြူတော် သတင်းထုတ်ပြန်ရေးအဖွဲ့ အတွင်းရေးမှူး ဆာရက်ဆန်းဒါးစ်က တောင်ပိုင်းနယ်စပ်ကို ပိတ်ပစ်မည့် အစီအစဉ်က အကောင်းဆုံး ဆုံးဖြတ်ချက်တစ်ခုဖြစ်လာနိုင်ကြောင်း ပြောကြားခဲ့သည်။ ဒီမိုကရက်တစ်အဖွဲ့ဝင်များက မိမိတို့ကို သေချာပေါက် ချန်ထားခဲ့ပြီဖြစ်ပြီး ယခုအချိန်တွင် ရွေးချယ်စရာမရှိကြောင်း ၎င်းက မီဒီယာသို့ ပြောကြားခဲ့သည်။

ဆင်ဟွာ

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် မိန့်ခွန်းပြောနေစဉ်။

ဗြိတိန်ခွဲထွက်ရေး အချိန်ထပ်မံရွှေ့ဆိုင်းရန် ကြိုးပမ်းမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ထရီဆာမေ ပြော

လန်ဒန် မေ ၃

ဥရောပသမဂ္ဂမှ အစီအစဉ်တကျ နုတ်ထွက်နိုင်ရန်နှင့် လက်ရှိဖြစ်ပွားနေသည့် အခက်အခဲအခြေအနေများကို အချိန်ယူဖြေရှင်းနိုင်ရန်အတွက် ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်မည့်အစီအစဉ်ကို ထပ်မံအချိန်ရွှေ့ဆိုင်းထားနိုင်ရေး ဥရောပသမဂ္ဂသို့ အဆိုပြုတင်ပြသွားမည်ဖြစ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေက မေ ၂ ရက် ညပိုင်းတွင် ဒေါင်းနင်းလမ်း၌ ပြောကြားခဲ့သည်။

ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေ

ဘရီဇစ် အချိန်ရွှေ့ဆိုင်းခြင်းနှင့် အငြင်းပွားမှုများကို စိတ်ပျက်ငြီးငွေ့နေသူများရှိနေပြီး လာမည့်ရက်သတ္တပတ်တွင် သဘောတူညီချက်မဲ့ နုတ်ထွက်ရန် မျှော်လင့်နေကြလင့်ကစား သဘောတူညီချက်တစ်ခုခုဖြင့် နုတ်ထွက်ခြင်းကသာ အကောင်းဆုံး နည်းလမ်းတစ်ခုဖြစ်ကြောင်း ဝန်ကြီးချုပ်ထရီဆာမေက မေ ၂ ရက်က ပြုလုပ်ခဲ့သည့် ခုနစ်နာရီကြာ ဝန်ကြီးအဖွဲ့ အစည်းအဝေးအပြီးတွင် ပြောကြားခဲ့သည်။

ဗြိတိန်အနေဖြင့် ဥရောပသမဂ္ဂအဖွဲ့ကြီးမှ အစီအစဉ်တကျနုတ်ထွက်နိုင်ရေး နည်းလမ်းများကို အတူတကွ ရှာဖွေသွားရန်အတွက် အတိုက်အခံပါတီခေါင်းဆောင်နှင့် တွေ့ဆုံဆွေးနွေး ညှိနှိုင်းမှုများ လုပ်ဆောင်သွားလိုကြောင်း ဝန်ကြီးချုပ်ထရီဆာမေက ပြောကြားခဲ့သည်။ သို့သော်လည်း နည်းလမ်းများအားလုံးသည် အီးယူနှင့်ညှိနှိုင်းထားသည့် သဘောတူညီချက်အပေါ် အခြေခံရမည်ဖြစ်ကာ ဗြိတိန် -ဥရောပ အနာဂတ် ဆက်ဆံမှုကို အလေးအနက်ထားကာ ဆောင်ရွက်သွားရန်လိုကြောင်း ထရီဆာမေက ပြောကြားခဲ့သည်။

အေအက်ဖ်ပီ

ပြည်ပအကူအညီ ဘတ်ဂျက် ဒေါ်လာသန်း ၈၀ ကျော်ကို သြစတြေးလျဖြတ်တောက်မည်

ကင်ဘာရာ မေ ၃

သြစတြေးလျနိုင်ငံသည် ပြည်ပအကူအညီ ဘတ်ဂျက်ကို သြစတြေးလျဒေါ်လာ ၁၁၇ သန်း(အမေရိကန်ဒေါ်လာ ၈၂ ဒသမ ၅သန်း)ခန့် လျှော့ချသွားရန် ကြေညာလိုက်ကြောင်း သိရသည်။

ပြည်ပအကူအညီ အသုံးစရိတ်ကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်တွင် သြစတြေးလျ ဒေါ်လာ ၄ ဒသမ ၀၄ ဘီလီယံသို့လျှော့ချမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီး ဖရိုင်ဒန်ဘာ့ခ်က ပြောကြားခဲ့သည်။ အရှေ့တောင်နှင့် တောင်အာရှရှိ အကူအညီအစီအစဉ်များတွင် ဘတ်ဂျက်ဖြတ်တောက်မှုများ လုပ်ဆောင်သွားမည်ဖြစ်ပြီး သြစတြေးလျဒေါ်လာ ၃၉ သန်း (အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၅ သန်း) မှ သြစတြေးလျဒေါ်လာ ၁၉ သန်း(အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၄ သန်း)၊ ကမ္ဘောဒီးယားနိုင်ငံအတွက် သြစတြေးလျဒေါ်လာ ၅၆ သန်း (အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၅ သန်း)မှ သြစတြေးလျဒေါ်လာ ၄၃ သန်း (အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၃ သန်း)သို့ လျှော့ချခြင်းများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေး ဘတ်ဂျက်ဌာနမှ နောက်ထပ် သြစတြေး လျ ဒေါ်လာ သန်း ၅၀ (အမေရိကန်ဒေါ်လာ ၃၅ ဒသမ ၂ သန်း)ကို အမျိုးသားနှင့် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းစီမံချက်များတွင် ပြောင်းလဲသုံးစွဲမည်ဖြစ်ပြီး ပစိဖိတ်ဒေသသို့ ပေးအပ်မည့်အကူအညီ ဘတ်ဂျက်ကိုမူ ထိခိုက်မှုရှိမည်မဟုတ်ကြောင်း သိရသည်။

ဆင်ဟွာ

အိုင်အက်စ်အဖွဲ့နှင့် ပူးပေါင်းခဲ့သည့် ရုရှားအရာရှိဟောင်းတစ်ဦးကို ထောင်ဒဏ် ၁၉ နှစ် ချမှတ်

မော်စကို မေ ၃

အိုင်အက်စ်စစ်သွေးကြွအဖွဲ့၏ အကြမ်းဖက်လုပ်ငန်းများတွင် ပါဝင်ခဲ့မှုဖြင့် ရုရှားကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိဟောင်းတစ်ဦးဖြစ်သည့် ဒန်းနစ် ခီဆာမေ့ဗ်အား ရုရှားနိုင်ငံမြောက်ပိုင်း ကော့ကေးဆပ်ခရိုင် စစ်ခုံရုံးက ထောင်ဒဏ် ၁၉ နှစ် ချမှတ်လိုက်ကြောင်း သိရသည်။

စစ်ခုံရုံးမှ ထုတ်ပြန်ချက်အရ ခီဆာမေ့ဗ်သည် ဆီးရီးယားရှိ အိုင်အက်စ်စစ်သွေးကြွတို့၏ စစ်စခန်းတစ်ခုတွင် လေ့ကျင့်သင်ကြားခဲ့ပြီး လက်နက်ကိုင်တိုက်ပွဲများတွင် ပါဝင်ခဲ့ကြောင်း၊ ဆီးရီးယားပဋိပက္ခနှင့် သက်ဆိုင်သည့်အဖွဲ့အားလုံးကို စောင့်ကြည့်ခြင်းနှင့် အထောက်အပံ့စုဆောင်းမှုများ လုပ်ဆောင်ခဲ့ကြောင်း ဖော်ပြထားသည်။

၎င်းသည် ရုရှားကာကွယ်ရေးဝန်ကြီးဌာနခွဲတစ်ခုမှ ၂၀၀၉ခုနှစ်တွင် နုတ်ထွက်ခဲ့ပြီး ဆီးရီးယား၌ အကြမ်းဖက်မှုများတွင် ပါဝင်ခဲ့ကာ ၂၀၁၇ ခုနှစ်တွင် တူရကီ၌ ဖမ်းဆီးခံရကြောင်း သိရသည်။ **ဆင်ဟွာ**

ဗဟိုအမေရိကသုံးနိုင်ငံအပေါ် အမေရိကန်က ကူညီပေးထားမှုများ

ချူးစန္ဒီနွေး

ဗဟိုအမေရိက ရွှေ့ပြောင်းအခြေချနေထိုင်သူတွေ အမေရိကန်ကို ဦးတည်လာတာ ရပ်တန့်နိုင်ဖို့ အမေရိကန်သမ္မတ ထရမ့်ဟာ နည်းလမ်းအမျိုးမျိုးရှာဖွေခဲ့ပေမယ့်လည်း လူစုလူဝေးနဲ့ ရွှေ့ပြောင်းလာတာကို မရပ်တန့်နိုင်သေးပါဘူး။ ဒီကိစ္စကြောင့် ဒေါသထွက်နေတဲ့ထရမ့်ဟာ ဗဟိုအမေရိကသုံးနိုင်ငံကို ပေးထားတဲ့ အကူအညီတွေ ဖြတ်တောက်ဖို့ အစီအစဉ်ရှိတယ်လို့ ကြေညာလိုက်ပါတော့တယ်။

အကူအညီဖြတ်တောက်မယ်

အဲဒီနိုင်ငံတွေကတော့ ဂွါတီမာလာ၊ ဟွန်ဒူးရပ်စ်နဲ့ အယ်ဆာဗေးဒိုးနိုင်ငံတွေပဲ ဖြစ်ပါတယ်။ အကြမ်းဖက်မှုကာကွယ်ရေး၊ အလွန်အမင်းဆင်းရဲမွဲတေမှုကို ထိန်းချုပ်နိုင်ရေးနဲ့ တရားရေးစနစ်တို့ အားကောင်းလာစေရန် အထောက်အပံ့ပြုတဲ့ ရန်ပုံငွေတွေကို ဖြတ်တောက်ပစ်လိမ့်မယ်လို့ ဝေဖန်သူတွေက ပြောကြပါတယ်။ ဒီပြဿနာတွေကြောင့်လည်း အဲဒီနိုင်ငံတွေက ဒေသခံတွေဟာ နေရပ်ကိုစွန့်ခွာပြီး ပိုမိုကောင်းမွန်တဲ့ အနာဂတ်ကိုရှာဖွေဖို့ ထွက်လာကြတာပါ။ ဘယ်နေရာတွေမှာ ထောက်ပံ့ထားတဲ့ ရန်ပုံငွေတွေကို ဖြတ်တောက်ပစ်မလဲဆိုတာ တိတိကျကျအသိပေးထားတာ မရှိပေမယ့် အဲဒီဒေသတွေမှာ အကူအညီပေးထားတဲ့ ဒေါ်လာသန်း ၄၅၀ ကို လမ်းကြောင်းလွှဲလိုက်မယ်လို့ ပြောထားတာရှိပါတယ်။

ထရမ့်၏ခြိမ်းခြောက်မှု

သမ္မတ ထရမ့်ကလည်း မက္ကဆီကိုနိုင်ငံကသာ လူစုလူဝေးနဲ့ ရွှေ့ပြောင်းလာတဲ့လူအုပ်ကြီးကို မရပ်တန့်နိုင်ဘူးဆိုရင် မက္ကဆီကိုနဲ့ ထိစပ်နေတဲ့ တောင်ပိုင်းနယ်စပ်ကို ပိတ်ပစ်မယ်လို့ ခြိမ်းခြောက်ခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စု အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီက ဗဟိုအမေရိကန်နိုင်ငံတွေမှာ အဖွဲ့အစည်းတွေ ပြုပြင်ပြောင်းလဲရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာစိန်ခေါ်မှုတွေကို အထောက်အပံ့ပေးထားပါတယ်။ အဲဒီအစီအစဉ်တွေဟာ လုံခြုံရေးနဲ့အုပ်ချုပ်ရေးတွေကို ပိုမိုအားကောင်းစေပြီး ချမ်းသာကြွယ်ဝစေမယ့် အစီအစဉ်တွေလည်းဖြစ်ပါတယ်။ ဒီတော့ ဂွါတီမာလာ၊ ဟွန်ဒူးရပ်စ်နဲ့ အယ်ဆာဗေးဒိုးနိုင်ငံတို့မှာ အမေရိကန်က ထောက်ပံ့ထားတဲ့ ဘယ်လိုမျိုးအစီအစဉ်တွေကို ရန်ပုံငွေဖြတ်တောက်မှာလဲ။

ဂွါတီမာလာ

လက်ရှိ ဗဟိုအမေရိက သုံးနိုင်ငံထဲမှာ အမေရိကန်ရဲ့ အကူအညီကို အများဆုံးရထားတာကတော့ ဂွါတီမာလာနိုင်ငံပဲဖြစ်ပါတယ်။ တိုင်းပြည်အတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့၊ အစားအသောက်ဖူလုံစေဖို့၊ ကျေးလက်နဲ့လူမှုဘဝတိုးတက်ဖို့စတာတွေအတွက် အကူအညီတွေအများကြီးရထားပါတယ်လို့ လက်တင်အမေရိကမှာရှိတဲ့ လူ့အခွင့်အရေးသုတေသနအဖွဲ့တစ်ခုဖြစ်တဲ့ ဝါရှင်တန်ရုံးက ပြောပါတယ်။ အဲဒီအဖွဲ့ရဲ့ ပြောကြားချက်အရ ၂၀၁၇ ခုနှစ်မှာ ဂွါတီမာလာနိုင်ငံဟာ အမေရိကန်ဒေါ်လာ ၇၈ ဒသမ ၆ သန်း အကူအညီရခဲ့ပါတယ်။ နယ်စပ်နဲ့ဆေးဝါးထိန်းချုပ်ရေးအတွက် အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၈ သန်း ရရှိခဲ့ပါတယ်။ လူ့အခွင့်အရေးနဲ့ အုပ်ချုပ်ရေးဆိုင်ရာမှာအသုံးပြုဖို့ကတော့ ဒေါ်လာ ၂၂သန်း၊ လုံခြုံရေးနဲ့ တရားရေးဆိုင်ရာတွေမှာသုံးဖို့ ၄၈ ဒသမ ၂ သန်း လက်ခံရရှိပါတယ်။ ဒါ့အပြင် လယ်သမားတွေ ဝင်ငွေတိုးဖို့ ကျေးလက်ဒေသမှာ အစားအသောက်ဖူလုံစေရေးနဲ့ အာဟာရပြည့်ဝစွာရရှိစေဖို့အတွက်လည်း အစီအစဉ်တွေ ရှိပါသေးတယ်။

ဂွါတီမာလာ အနောက်ဘက်ကုန်းမြင့်ရှိ စုပေါင်းလယ်ယာရွာတွင် အမေရိကန်အကောက်အခွန်နှင့် နယ်စပ်ရေးရာထိန်းချုပ်ရေးကော်မရှင်နာ ကီဗင်မက် အယ်လီနမ်ကို ဒေသခံများနှင့်အတူ တွေ့ရစဉ်။

ကူညီထောက်ပံ့မှုများ

၂၀၁၇ ခုနှစ်ကနေ ၂၀၂၂ ခုနှစ်အထိ အမေရိကန်ဒေါ်လာ ၃၆ သန်း ရင်းနှီးမြှုပ်နှံဖို့ရှိတယ်လို့ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီက ပြောပါတယ်။ အမျိုးသမီးတွေ၊ လူငယ်တွေနဲ့ ထိခိုက်ခံစားခဲ့ရသူတွေအတွက် ကူညီထောက်ပံ့မှုကတော့ ၂၀၁၆ ကနေ ၂၀၂၁ ခုနှစ်အထိ အမေရိကန်ဒေါ်လာ ၃၇ ဒသမ ၄ သန်းသုံးစွဲသွားဖို့ရှိပါတယ်။ ပညာရေး၊ ယဉ်ကျေးမှု၊ အားကစားနဲ့ အလုပ်အကိုင်အခွင့်အလမ်းတို့အတွက် သုံးစွဲသွားမယ့်ငွေကြေးကတော့ ၂၀၁၆ ကနေ ၂၀၂၁ ခုနှစ်အထိ အမေရိကန်ဒေါ်လာသန်း ၄၀ ပဲဖြစ်ပါတယ်။ ဒါကတော့ ဂွါတီမာလာနိုင်ငံမှာ အမေရိကန်ရဲ့ အကူအညီအထောက်အပံ့တွေပဲ ဖြစ်ပါတယ်။

ဟွန်ဒူးရပ်စ်

နောက်တစ်နိုင်ငံကတော့ ဟွန်ဒူးရပ်စ်ပါ။ အမေရိကန်က ဟွန်ဒူးရပ်စ်နိုင်ငံမှာ အများဆုံးကူညီထောက်ပံ့ပေးထားတာကတော့ လုံခြုံရေး၊ တရားရေးနဲ့ အကြမ်းဖက်မှုကာကွယ်ရေးဆိုင်ရာကိစ္စရပ်တွေမှာပဲဖြစ်ပါတယ်။ အဲဒီအစီအစဉ်တွေအတွက် ဟွန်ဒူးရပ်စ်ကို အမေရိကန်က ၂၀၁၇ ခုနှစ်အတွင်း အကူအညီပေးထားတာကတော့ အမေရိကန်ဒေါ်လာ ၆၅ ဒသမ ၅ သန်းပဲဖြစ်တယ်လို့ လက်တင်အမေရိကမှာရှိတဲ့ ဝါရှင်တန်ရုံးကပြောပါတယ်။ ဒါ့အပြင် ပညာရေး၊ စဉ်ဆက်မပြတ်စိုက်ပျိုးနိုင်ရေးနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဒေါ်လာသန်း ၁၁၆ သန်း အကူအညီပေးခဲ့ပါတယ်။

စီမံကိန်းများ

အမေရိကန်က အကူအညီပေးထားတဲ့အထဲမှာ ပါဝင်တဲ့ စီမံကိန်းတွေကတော့ ဟွန်ဒူးရပ်စ်နိုင်ငံအနောက်ပိုင်း ဒေသတွေမှာ ဆင်းရဲမွဲတေမှုနဲ့ အာဟာရပြတ်လပ်မှုလျှော့ချရေးအတွက်ရည်ရွယ်ပြီး စိုက်ပျိုးရေးလုပ်ငန်းတွေဖွံ့ဖြိုးတိုးတက်လာအောင်လုပ်ဖို့အတွက် ၂၀၁၄ ခုနှစ်ကနေ ၂၀၂၀ ပြည့်နှစ်အထိ အမေရိကန်ဒေါ်လာ ၆၀ ဒသမ ၆သန်းရရှိလိမ့်မယ်လို့ ခန့်မှန်းရပါတယ်။ ပညာရေးကဏ္ဍအတွက် ကျောင်းသား ကျောင်းသူတွေနဲ့ ဆရာ ဆရာမတွေ စာအုပ်တွေဝယ်ယူဖို့အတွက် ဒေါ်လာ ၉ ဒသမ ၉ သန်း ရရှိပါတယ်။ သတ်မှတ်ကာလကတော့ ၂၀၁၇ ခုနှစ်ကနေ ၂၀၂၀ ပြည့်နှစ်အထိပါ။ ကော်ဖီစိုက်တောင်သူတွေ လုပ်ငန်းတိုးချဲ့ဖို့အတွက်ကတော့ ၂၀၁၈ ကနေ ၂၀၂၂ခုနှစ်အထိ ဒေါ်လာ ၂ သန်း ရရှိထားပါတယ်။

အယ်ဆာဗေးဒိုး

နောက်ထပ်အမေရိကန်က ထောက်ပံ့ကူညီပေးထားတဲ့ နိုင်ငံကတော့ အယ်ဆာဗေးဒိုးပဲဖြစ်ပါတယ်။ လုံခြုံရေး၊ တရားရေးကဏ္ဍနဲ့ အကြမ်းဖက်မှု တိုက်ဖျက်ရေးတို့မှာ အဓိကထားပြီး ကူညီထောက်ပံ့ပေးထားပါတယ်။ စာရင်းအချက်အလက်တွေအရ အဲဒီကဏ္ဍတွေမှာ အမေရိကန်ရဲ့ ထောက်ပံ့မှုဟာ ဟွန်ဒူးရပ်စ်နိုင်ငံထက်ပိုများတယ်လို့ သိရပါတယ်။ အလုပ်အကိုင်ဖန်တီးပေးရေး၊ တရားရေးစနစ်တို့မှာ ပိုမိုအားကောင်းလာစေဖို့အပါအဝင် အခြားသောကဏ္ဍတွေမှာ အထောက်အကူဖြစ်စေဖို့ အမေရိကန်က အကူအညီပေးခဲ့တာလို့ သိရပါတယ်။ ရာဇဝတ်မှုနဲ့ အကြမ်းဖက်မှုကာကွယ်ရေးအတွက် ၂၀၁၃ခုနှစ်ကနေ ၂၀၁၉ခုနှစ်အထိ အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၈ သန်း အလုပ်အကိုင်အခွင့်အလမ်းအတွက်ရယ် ပြည်သူ့အဖွဲ့အစည်းတွေအတွက် နည်းပညာပိုင်းဆိုင်ရာ သင်တန်းအတွက်အကူအညီ ငါးနှစ်တာကာလအတွင်း ၄၂ ဒသမ ၂ သန်း အကူအညီပေးခဲ့ပါတယ်။ အယ်ဆာဗေးဒိုးအစိုးရအတွင်း ပွင့်လင်းမြင်သာမှုနဲ့ တာဝန်ခံမှုရှိစေရေးတို့အတွက် ဒေါ်လာ ၂၀ ဒသမ ၃သန်း ထောက်ပံ့ခဲ့ပါတယ်။

အလုပ်အကိုင်တွေရလာ

အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီရဲ့ အစီရင်ခံစာအရ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်တွေအတွက် ရန်ပုံငွေရရှိခဲ့တာကြောင့် ၂၀၁၅ ခုနှစ်ကနေ ၂၀၁၇ ခုနှစ်အတွင်း လူသတ်မှု ၆၁ ရာခိုင်နှုန်းခန့် လျော့ကျသွားတယ်လို့ သိရပါတယ်။ နောက်ပြီးတော့ အလုပ်အကိုင်ပေါင်း ၂၂၀၀၀ ခန့်ကိုလည်း ဖန်တီးပေးနိုင်ခဲ့တယ်လို့ဆိုပါတယ်။ ဒါတွေအားလုံးကတော့ အမေရိကန်ကနေ ဗဟိုအမေရိက သုံးနိုင်ငံကို ထောက်ပံ့ပေးထားတဲ့ အကူညီအတွေပဲ ဖြစ်ပါတယ်။

ဘယ်လိုအကူညီတွေကို ဖြတ်တောက်မလဲ

အဓိကအားဖြင့် အဲဒီနိုင်ငံသုံးနိုင်ငံမှာ ဆင်းရဲမွဲတေမှုလျှော့ချနိုင်ပြီး နယ်မြေတည်ငြိမ်အေးချမ်းပြီး အလုပ်အကိုင်အခွင့်အလမ်းတိုးတက်လာမယ်ဆိုရင် နေရပ်ကိုစွန့်ခွာပြီး အမေရိကန်ကို ရွှေ့ပြောင်းနေထိုင်လိုတဲ့သူ နည်းသွားလိမ့်မယ်လို့ ယူဆလို့ပါ။ ဒါပေမယ့် လက်ရှိအခြေအနေမှာတော့ ဗဟိုအမေရိကသုံးနိုင်ငံက အများဆုံးပါဝင်တဲ့လူအုပ်ကြီးက အမေရိကန်ဆီ ဦးတည်လာတာကို မရပ်တန့်နိုင်တဲ့အတွက် သမ္မတထရမ့်က အကူအညီတွေ ဖြတ်တောက်မယ်ဆိုပြီး ကြိမ်းဝါးခဲ့တာပါ။ ဘယ်နေရာတွေမှာ အကူအညီဖြတ်တောက်မလဲဆိုတာကတော့ အခုအချိန်ထိ ရှင်းရှင်းလင်းလင်း မသိရသေးပါဘူး။

ကိုးကား -နယူးယောက်တိုင်းမ်

နိုင်ငံတကာသတင်းတိုထွာ

ဖိလစ်ပိုင်တောင်ပိုင်းတွင် ဗုံးပေါက်ကွဲမှုကြောင့် အရပ်သားခြောက်ဦးထိခိုက်

မနီလာ ဧပြီ ၃

ဖိလစ်ပိုင်တောင်ပိုင်း စူလ်တန် ကူဒါရတ်ပြည်နယ်တွင် မတ် ၃ ရက်ညနေပိုင်းက ဗုံးတစ်လုံးပေါက်ကွဲမှုဖြစ်ပွားရာ အရပ်သားခြောက်ဦးထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။ မင်ဒါနာအိုအနောက်ပိုင်း စစ်ရေးညွှန်ကြားမှုအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဂယ်ရီဘီဆာနာ၏ ပြောပြချက်အရ ပေါက်ကွဲမှုသည် မင်ဒါနာအိုရှိ အီစူလန်မြို့နယ်မှ လမ်းဘေးစားသောက်ဆိုင်တစ်ခုအနီးတွင် ဒေသစံတော်ချိန် ညနေ ၃နာရီခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အစိုးရလုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းစစ်ဆေးမှုပြုလုပ်ရန်အတွက် အခင်းဖြစ်ပွားရာသို့ ချက်ချင်းရောက်ရှိလာခဲ့ကြပြီး နောက်ထပ်အသေးစိတ်အချက်အလက်များကို မသိရသေးပေ။ ပေါက်ကွဲမှုအတွင်း ထိခိုက်ဒဏ်ရာရခဲ့သူများကို ဆေးရုံများသို့ အလျင်အမြန်ပို့ဆောင်ခဲ့သည်။ မည်သည့်အဖွဲ့က တိုက်ခိုက်မှုလုပ်ဆောင်ခဲ့ကြောင်း မသိရသေးပေ။ ဆင်ဟွာ

အရေးယူပိတ်ဆို့မှုများကို ချိုးဖောက်ရာတွင် ပါဝင်မှုဖြင့် သင်္ဘောလေးစင်းကို တောင်ကိုရီးယားထိန်းသိမ်း

ဘူဆန် ဧပြီ ၃

တောင်ကိုရီးယားနိုင်ငံသည် မြောက်ကိုရီးယားအပေါ် ကုလသမဂ္ဂက ချမှတ်ထားသည့် အရေးယူပိတ်ဆို့မှုများကို ချိုးဖောက်လျက် သင်္ဘောအချင်းချင်း ကုန်စည်ရွှေ့ပြောင်းရာတွင် ပါဝင်ပတ်သက်နေသည်ဟုဆိုကာ သင်္ဘောလေးစင်းကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။

အာဏာပိုင်များသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကို ချိုးဖောက်သည်ဟု သံသယရှိမှုဖြင့် နိုင်ငံအတွင်းရှိ ဆိပ်ကမ်းများမှ သင်္ဘောလေးစင်းကို ထွက်ခွာခွင့်ပိတ်ပင်ခဲ့သည်ဟု တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ဧပြီ ၃ ရက်တွင် ဖော်ပြခဲ့သည်။

ဖမ်းဆီးထိန်းသိမ်းထားသည့် သင်္ဘောများထဲမှ တစ်စင်းမှာ တောင်ကိုရီးယားသင်္ဘောဖြစ်သည်ဟု ဆိုသည်။ ဒေသမီဒီယာ၏ ဖော်ပြချက်အရ သန့်စင်ပြီးရေနံများကို မြောက်ကိုရီးယားသို့ လွှဲပြောင်းပေးရာတွင် ပါဝင်ပတ်သက်နေမှုဖြင့် တောင်ကိုရီးယားသင်္ဘောတစ်စင်းကို ပြီးခဲ့သည့်အောက်တိုဘာလကတည်းက ဘူဆန်ဆိပ်ကမ်း၌ ထိန်းသိမ်းထားခဲ့ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့၏ မြောက်ဘက် ၂ မိုင် ၄ ဖာလုံ၊ မန္တလေးမြို့၏ အနောက်တောင်ဘက် မိုင် ၂၀ ခန့်အကွာ ဧရာဝတီမြစ်နှင့် ဒုဋ္ဌဝတီမြစ် (မြစ်ငယ်မြစ်)တို့ဆုံရာတွင် တည်ရှိသော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာ အင်းဝမြို့ဟောင်းဒေသသည် ပြည်တွင်း ပြည်ပခရီးသွားများအား အထူးဆွဲဆောင်လျက်ရှိပြီး လာရောက်လည်ပတ်မှု များပြားလျက်ရှိသည်။

ရှေးမြန်မာလူမျိုးတို့၏ စနစ်ကျသေသပ်လှပသည့် လက်ရာများဖြင့် တည်ဆောက်ထားသည့် အင်းဝမြို့တံခါးနှင့် မြို့ရိုး

ခမ်းနားကြီးကျယ်မှု အတိတ်၏ရုပ်ပုံလွှာများ နှင့် အင်းဝ

သန်းဇော်မင်း (ပြန်/ဆက်)၊ ဘိုဘို (မလှိုင်)

မြန်မာတို့၏ ရှေးယခင်ကတည်းက ကိုယ့်ထီးကိုယ့်နန်းဖြင့် နေထိုင်ခဲ့ပုံကို ဖော်ညွှန်းသည့် အဆောက်အအုံများ၏ ခမ်းနားမှုများ၊ ရှေးယခင်ကတည်းက မြန်မာ့စာပေ မြင့်မားပုံကိုပြသသည့် ထင်ရှားကျော်ကြား များပြားလှသော စာဆိုတော်များ၊ မြန်မာ့လက်မှုပညာများဖြင့် ခမ်းနားလှသော ကျောင်းတော်များ၊ ကျောင်းတိုက်များဖြင့် လေ့လာစရာ၊ စိတ်ဝင်စားစရာများသည့်၊ ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားစေသည့် အင်းဝမြို့။ ဖူးမြော်စရာ ဘုရားစေတီပုထိုးများ များပြားသကဲ့သို့ အင်းဝခေတ် ပန်းတော့လက်ရာ၊ ပန်းပုလက်ရာများကိုလည်း မြင်တွေ့လေ့လာနိုင်သည့် မြို့ဖြစ်ပါသည်။

အင်းဝမြို့တွင် အင်းဝခေတ် သမိုင်းဆိုင်ရာ ယဉ်ကျေးမှုအနုပညာများကို လေ့လာနိုင်ပြီး ပင်းယခေတ်နှင့် ညောင်ရမ်းခေတ် သမိုင်းယဉ်ကျေးမှု အနုပညာများကိုလည်း တွေ့မြင်နိုင်ပါသည်။ သမိုင်းဝင် ခေတ်တစ်ခေတ်၏ လေ့လာစရာ ခရီးသွား နိုင်ငံခြားသားများ၏ စိတ်ဝင်စားမှုများစွာရှိသည့် မြို့များထဲတွင် "အင်းဝမြို့"ပါသည်ဟုဆိုလျှင် လွဲမည်မထင်ပါ။ ယနေ့ခေတ် အင်းဝမြို့တွင် ထင်ရှားလှသောနေရာများအနက် နန်းမြင့်မျှော်စင်မှာ အချို့နေရာများ၌ ချို့ယွင်းမှုများ ဖြစ်ပေါ်၍ ထိန်းသိမ်းရန် လိုအပ်နေသည်ကို တွေ့မြင်ခဲ့ရသည်။

အင်းဝမြို့ကို သက္ကရာဇ် ၇၂၆ ခုနှစ်တွင် သတိုးမင်းဖျား စတင်တည်ထောင်ခဲ့ပြီး နှစ်ပေါင်း ၄၀၀ ကြာ နန်းစိုက်ခဲ့သော မြို့ဟောင်းတစ်ခုဖြစ်သည်။ စာပေအထောက် အထားများအရ ခေတ်ကာလ လေးခု ပိုင်းခြားထားပြီး မင်းဆက် ၃၁ ဆက် ထီးနန်း စိုးစံခဲ့ကြသည်။ ခေတ်အဆက်ဆက် ရှစ်ကြိမ် နန်းတည်ခဲ့ပြီး ရှေးဟောင်း သာသနိက အဆောက်အအုံများ၊ နန်းတော်ဆောင်၊ မြို့ရိုးနှင့် ပြာသာဒ်တို့၏ ဗိသုကာ တည်ဆောက်ပုံနှင့် အမွမ်းပန်းလက်ရာများသည် ခေတ်အလိုက်ထူးခြား ပြောင်းလဲမှု ရှိသည်ကို တွေ့ရသည်။ အင်းဝမြို့ဟောင်းတွင် နံရံဆေးရေးပန်းချီများ ရှိသော ဘုရားငါးဆူ၊ ရှေးဟောင်းကျောက်စာရှိသော ဘုရားခုနစ်ဆူနှင့် ကြေးခေါင်းလောင်းစာရှိသော ဘုရားသုံးဆူ၊ ရှေးဟောင်းအဆောက်အအုံ စုစုပေါင်း ၆၂၄ ခု ရှိကြောင်း မှတ်တမ်းများအရ သိရပြီး ပြည်တွင်း ပြည်ပ ခရီးသွားများ လာရောက်လည်ပတ်မှု များပြားလျက်ရှိကြောင်း သိရသည်။ ။

အင်းဝဒေသရှိ ရတနာဆီမီးဘုရားစုတွင်လည်း ခရီးသွားများ လာရောက်ဖူးမြော်။

အင်းဝဒေသရှိ လေးထပ်ကြီးဘုရားအား ပြည်တွင်း ပြည်ပခရီးသွားများ လာရောက်လေ့လာစဉ်။

ကမ္ဘာလှည့်ခရီးသွားများ မဖြစ်မနေ သွားရောက်လေ့လာသည့် နန်းမြင့်မျှော်စင်။

ဧရာဝတီမြစ်နံဘေးမှ ဆင်ကျုံးခံတပ်။

မြင်းမိုရ်တောင်ဘုရား။

နဂါးကိုင် ဂဠုန်ရုပ်၊ ကိန္နရာ၊ နရားရုပ် အစရှိသည့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ စုဝေးရာ ဗားကရာကျောင်းကြီး။

အင်းဝဒေသ မယ်နုအုတ်ကျောင်းနှင့် ပြည်တွင်း ပြည်ပခရီးသွားများ ။

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် တောင်ကုတ်မြို့နယ် ဒေသခံပြည်သူများနှင့် တွေ့ဆုံ

တောင်ကုတ် ဧပြီ ၃

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ်လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဝင်းမြင့်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဧပြီ ၁ ရက်တွင် တောင်ကုတ်မြို့နယ်အတွင်းရှိ ကျေးရွာများသို့သွားရောက်၍ ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လိုအပ်ချက်များနှင့်အခက်အခဲများကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်ဟု သိရသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျော်ကိုင်းကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ် ပြည်နယ်လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ပြည်နယ်အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေး တိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူများက ကျေးရွာချင်းဆက်လမ်း ဆောက်လုပ်ပေးရေး၊ ကျေးရွာတွင်းလမ်းပေါ်၌ မြေအောက် ရေနုတ်မြောင်း ဆောက်လုပ်ပေးရေး၊ ကျေးရွာသောက်သုံးရေ

ကျော်ကိုင်းကျေးရွာ အလယ်တန်းကျောင်းအတွင်း တည်ဆောက်ရေးလုပ်ငန်းများအတွက် ပြည်နယ်ဝန်ကြီးချုပ်က အလှူငွေပေးအပ်စဉ်။

ဖူလုံစွာရရှိရေး၊ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် နည်းပညာနှင့် အခြားလိုအပ်ချက်များ ပံ့ပိုးကူညီပေးရေးနှင့် အခြားလိုအပ်ချက်များကို ဆွေးနွေးတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဖြေကြားကြပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြသည်။

ဝန်ကြီးချုပ်သည် ကျော်ကိုင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအဝင်လမ်းပေါ်တွင် မြေအောက် ရေနုတ်မြောင်း ဆောက်လုပ်ရန် ငွေကျပ် ၁၀သိန်းနှင့် ကျောင်းအတွင်းရေစင် တည်ဆောက်ရန် ငွေကျပ် ၁၀ သိန်းတို့ကို တာဝန်ရှိသူများထံ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စလူကျေးရွာသို့ ရောက်ရှိကြပြီး စလူကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံခဲ့ရာ ဒေသခံပြည်သူများက နွေရာသီ ရေလုံလောက်စွာရရှိစေရေးနှင့် ရေသိုလှောင်ကန်တည်ဆောက်ရေးနှင့် အခြားအခြေခံလိုအပ်ချက်များကို ဆွေးနွေးတင်ပြကြပြီး ဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဝန်ကြီးချုပ်သည် ကျေးရွာများတွင် သောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် ရေစည်နှင့် ရေပိုက်ခေါင်းများ တပ်ဆင်ရန် ရေပေါ်ကြီးကျေးရွာအတွက် ငွေကျပ် ၁၅သိန်း၊ သပြေကျေးရွာအတွက် ငွေကျပ် ၁၀သိန်းနှင့် တိုးချဲ့ကျေးရွာအတွက် ငွေကျပ်၁၀ သိန်းတို့ကို ပေးအပ်ခဲ့သည်။

မျိုးသူထွန်း

ပဲခူးတိုင်းဒေသကြီးအတွင်း တန်ဖိုးသင့်အိမ်ရာများ တည်ဆောက်နိုင်ရေး လာရောက်ကမ်းလှမ်း

ပဲခူး ဧပြီ ၃

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဧည့်ခန်းမသို့ Golden Zenith Construction Co., Ltd. က ဧပြီ ၂ ရက်တွင် ပဲခူး၊ တောင်ငူ၊ ပြည်မြို့များ၌ တန်ဖိုးသင့်အိမ်ရာများ တည်ဆောက်နိုင်ရေးနှင့် စပ်လျဉ်း၍ လာရောက်တွေ့ဆုံသည်။ **(အောက်ပုံ)**

ရှေးဦးစွာ ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာဦးမြင့်သန်းဦးနှင့် ဦးညိုဝင်းအောင်တို့က ပဲခူးမြို့ တောင်ငူမြို့နှင့် ပြည်မြို့တို့တွင် တန်ဖိုးသင့်အိမ်ရာများ တည်ဆောက်နိုင်ရန် လာရောက် တွေ့ဆုံရခြင်းဖြစ်ကြောင်း၊ ပဲခူး၊ တောင်ငူနှင့် ပြည်မြို့တို့သည် ခရိုင်မြို့ကြီးများ ဖြစ်ကြပြီး နောင်အနာဂတ်တွင် လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးလာနိုင်မည် ဖြစ်ကြောင်း၊ မြို့ပြများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ အထပ်မြင့်အဆောက်အအုံများ ပိုမိုလိုအပ်လာနိုင်မည်ဖြစ်၍ ကြိုတင်ပြင်ဆင်ထားရန် လိုအပ်နေပြီဖြစ်ကြောင်း၊ မိမိတို့ ကုမ္ပဏီအနေဖြင့် ခြောက်ခန်းတွဲလေးထပ်၊ အိမ်ခန်းအကျယ်အဝန်း ၅၄၀ စတုရန်းပေ၊ အိပ်ခန်းတစ်ခန်း၊ ဧည့်ခန်းတစ်ခန်း၊ မီးဖိုခန်း၊ ရေချိုးခန်း၊ အိမ်သာများ တွဲဆက်ပါဝင်မည်ဖြစ်ကြောင်း၊ အိမ်ရာများတွင် ကာရပ်နားရန်နေရာ၊ ကစားကွင်း၊ ပန်းခြံ၊ ဆေးပေးခန်း၊ ဈေးဝယ်စင်တာ၊ စာသင်ကျောင်းစသည့်တို့ ပါဝင်မည်ဖြစ်ကြောင်း တင်ပြဆွေးနွေးခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ်က မြို့ပြအိမ်ရာများ တည်ဆောက်ရာတွင် အနာဂတ်မြို့ပြစီမံကိန်းနှင့် တွက်ချက်ဆောင်ရွက်ရန်၊ ထားရှိရမည့်လမ်းအကျယ်အဝန်း၊ စိမ်းလန်းနယ်မြေနှင့် အခြားဝန်ဆောင်မှု လုပ်ငန်းများအတွက်လည်း ပါဝင်ရမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရကလည်း အငြိမ်းစားယူသည့် နိုင်ငံ့ဝန်ထမ်းများ၊ နေအိမ်မရှိ၍ ကျူးကျော်နေထိုင်သူများ စသည်တို့အတွက် အိမ်ခန်းများ အငှားစနစ်ဖြင့် ချထားပေးနိုင်မည်ဖြစ်ကြောင်း၊ မြို့ပြများတွင် စီးပွားရေးဖွံ့ဖြိုးလာသည်နှင့်အမျှ လူနေမှုထူထပ်လာမည်ဖြစ်၍ အထပ်မြင့်အဆောက်အအုံများ ကြိုတင်စီမံလျာထားရမည်ဖြစ်ကြောင်း၊ ယခုလို အထပ်မြင့်တန်ဖိုးသင့်အိမ်ရာ စီမံကိန်းများ ဆောက်လုပ်ရန်လာရောက်ကမ်းလှမ်းမှုကို ကြိုဆိုကြောင်းနှင့် မြေနေရာရရှိနိုင်ရေး ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းကာ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဟိန်းထက် (ပဲခူး)

ကချင်ပြည်နယ်ဝန်ကြီးချုပ် မိုးမောက်မြို့နယ်နှင့် ဗန်းမော်မြို့ လူထုတွေ့ဆုံပွဲများသို့ တက်ရောက်

မြစ်ကြီးနား ဧပြီ ၃

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ် အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဧပြီ ၁ ရက်တွင် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများ၊ ဗန်းမော်မြို့ဒေသခံပြည်သူများနှင့် လူထုတွေ့ဆုံပွဲကျင်းပပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဝိုင်းမော်မြို့နယ် နန်ဆန်ယန်ကျေးရွာတွင် မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့တို့ရှိ နေရပ်စွန့်ခွာ စခန်းများမှ ပြန်လည်အခြေချနေထိုင်နိုင်ရေးအတွက် ပြောင်းရွှေ့နေထိုင်သည့် အိမ်ထောင်စု ၂၉ စုမှ မိသားစုများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကာ အခြေချနေထိုင်ရေးအတွက် ပြည်နယ်ဝန်ကြီးချုပ်က ပြောင်းရွှေ့စရိတ်အတွက် ငွေကျပ် ၂၉၀၀၀၀၀၊ အိမ်ဆောက်ပစ္စည်းတန်ဖိုး ငွေကျပ် ၂၇၀၀၀၀၀ ဖြင့် စုစုပေါင်း ငွေကျပ် ၅၆၀၀၀၀၀ နှင့် သွပ်ချပ်ရေ ၆၆၅ ချပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က ခေါက်ဆွဲခြောက်၊ ကော်ဖီမစ်၊ ဆေးစိမ်ခြင်ထောင်၊ တစ်အိမ်ထောင်လျှင်ဆီ ၅၀ သားတို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းနောက် မြစ်ကြီးနား-ဗန်းမော်သွား ခရိုင်ချင်းဆက်လမ်းမပေါ်ရှိ တံတားအမှတ် ၁/ ၄၂၈၊ နန်ဆန်ယန်တံတား မြစ်ကြီးနားဘက်ခြမ်းရှိ ကမ်းကပ်ခုံချောင်းရေတိုက်စားမှုကြောင့် ရေကြောင်းလွှဲ ဆောင်ရွက်ထားရှိမှုနှင့် တံတား၏ ကြံ့ခိုင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြပြီး ထိုမှတစ်ဆင့် ဒေါ့ဖုန်းယန်မြို့ ဖွံ့ဖြိုးရေးအတွက် မြို့ပတ်လမ်းဆောင်ရွက်ရန် လျာထားသည့် လမ်းအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့သည်။ မွန်းလွဲပိုင်းတွင် ဗန်းမော်မြို့ လူထုတွေ့ဆုံပွဲသို့ တက်ရောက်ခဲ့ပြီးနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဗန်းမော်မြို့ကမ်းနားလမ်းတစ်လျှောက် ကမ်းပါးပြိုကာကွယ်ရေးအတွက် ညောင်ပင်ရပ်ကွက်မှ ရှပ်ပြေး သင်္ဘောဆိပ်အထိ ပေ ၁၀၀၀ ကျောက်စီရေထိန်းနံရံများ ဆောင်ရွက်နေမှု၊ တပ်ကလေးဆိပ် ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ကုန်းမဟာတ်ကျေးရွာမှ တပ်ကလေး-ဆင်ခန်းရွာသွား ဖြတ်လမ်းဆောင်ရွက်နိုင်ရေးအတွက် ကြည့်ရှုစစ်ဆေးကြပြီး ကွန်ပျူတာတက္ကသိုလ်၌ ကျောင်းသား ကျောင်းသူ ၁၀၀ ဆံ့ နှစ်ထပ် အာရ်စီအိပ်ဆောင်နှင့် တစ်ထပ်ထမင်းစားဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ပြည်နယ် (ပြန်/ဆက်)

ယနေ့ ဈေးကွက်ပေါက်ဈေးများ

၃-၄-၂၀၁၉

ရွှေ

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၄၃၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၈၁၆၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၄၃၀၀၀
မန္တလေး	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၈၁၆၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)	လက်လီဈေး(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၉၃၀/၉၈၅ ကျပ်	၉၈၅/၁၀၀၅ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၉၄၀/၉၉၅ ကျပ်	၁၀၀၀/၁၀၂၀ ကျပ်
အောက်တိန်း ၉၂	၇၈၀/၈၄၀ ကျပ်	၈၇၀/၈၉၀ ကျပ်
အောက်တိန်း ၉၅	၈၆၀/၉၁၅ ကျပ်	၉၅၅/၉၇၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၁၅၀၈ ・ ၁
ဥရောပ	တစ်ယူရို	ကျပ် ၁၆၉၅ ・ ၈
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၁၁၁၅ ・ ၀
ဗြိတိန်	တစ်ပေါင်စတာလင်	ကျပ် ၁၉၈၆ ・ ၅
ဂျပန်	၁၀၀ ယန်း	ကျပ် ၁၃၅၃ ・ ၁
ဩစတြေးလျ	တစ်ဒေါ်လာ	ကျပ် ၁၀၇၃ ・ ၉
တရုတ်	တစ်ယွမ်	ကျပ် ၂၂၄ ・ ၈၃
အိန္ဒိယ	တစ်ရူပီး	ကျပ် ၂၂ ・ ၀၂၁
ကိုရီးယား	၁၀၀ ဝမ်	ကျပ် ၁၃၂ ・ ၉၃
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၃၆၉ ・ ၇၂
ထိုင်း	တစ်ဘတ်	ကျပ် ၄၇ ・ ၅၄၄

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး	-	စိုးစိုးနိုင်
သတင်းထောက်ချုပ်	-	မြင့်ဆွေ
စာတည်းများ	-	ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ	-	ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
အငယ်တန်းသတင်းထောက်များ	-	တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ဤမြေကမ္ဘာ ပူလှစွာတည်

သိပ္ပံစာရေးဆရာကိုကိုအောင်

ကမ္ဘာ့အပူချိန်များ

ကမ္ဘာသည် မိမိဝင်ရိုးပေါ်၌ ၂၃ နှစ်ပိုင်းတစ်ပိုင်းဒီဂရီ တိမ်းစောင်းလျက် ၂၄ နာရီလျှင် တစ်ပတ်ကျ လည်နေရင်း နေလုံးကြီးကိုလည်း ၃၆၅ ရက်လျှင် တစ်ပတ်ကျ နှုန်းဖြင့် လှည့်ပတ်လျက် ရှိနေသည်။ ဤသို့သော ပထဝီ သဘောတရားကြောင့်ပင် မည်သည့်အချိန်၌မဆို ကမ္ဘာတစ်ခြမ်းသည် နေ့အချိန်ဖြစ်၍ အပူချိန် မြင့်တက်နေကာ ကျန်တစ်ခြမ်းက ညအချိန်ဖြစ်ပြီး အပူချိန် ကျဆင်းနေသည်။ နေအလင်းရောင်ရရှိနေသော နေ့အခါမျိုး၌ပင် ကမ္ဘာ့ တောင်နှင့်မြောက် ဝင်ရိုးစွန်းတို့၌ အပူချိန်က အနုတ် ၃၀ ဒီဂရီ စင်တီဂရိတ်ခန့်အထိ ကျဆင်းနေချိန်တွင် အီကွေတာ ရပ်ဝန်း၌ ၄၀ ဒီဂရီစင်တီဂရိတ်အထိ အပူချိန် မြင့်တက်လျက်ရှိနေသည်။

ကမ္ဘာ့အရပ်ဒေသတစ်ခုတည်းအတွင်းမှာပင် ဒေသအပူချိန်က အချိန်နှင့်အမျှ ပြောင်းလဲလျက်ရှိနေသည်။ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ချင်းမတူသော ဒေသများ၊ ပင်လယ်ကမ်းခြေနှင့် အနီးအဝေးမတူသော ဒေသများ၊ သစ်ပင်တောအုပ်လွှမ်းမိုးမှုဧရိယာ မတူညီသော ဒေသများ စသည်တို့မှာ အပူချိန်ချင်း တူညီမှုမရှိနိုင်ကြပေ။ ထို့အတူ ကုန်းမြေထုအများစုဖြစ်သော ကမ္ဘာ့မြောက်ခြမ်း၏ အပူအအေး ပြောင်းလဲမှုပုံစံကလည်း သမုဒ္ဒရာရေထုအများစုဖြစ်သည့် ကမ္ဘာ့တောင်ခြမ်း၏ အပူအအေး ပြောင်းလဲပုံနှင့် ထပ်တူမကျနိုင်ပေ။

ကမ္ဘာ့ ပျမ်းမျှအပူချိန် တိုင်းတာတွက်ချက်ခြင်း

ခေတ်သစ်သိပ္ပံပညာဖြင့် ကမ္ဘာ့ ပျမ်းမျှအပူချိန်ကို တိုင်းတာတွက်ချက်နိုင်ရန်အတွက် အထက်ပါကဲ့သို့ ပထဝီအနေအထားမတူညီသော အရပ်ဒေသပေါင်းစုံ၌ ပင်မတိုင်းတာရေး အခြေခံစခန်းပေါင်း ၃၀၀၀ ကျော်ကို တည်ဆောက်ထားရသည်။ သို့ရာတွင် အဆိုပါစခန်းပေါင်း ၃၀၀၀ ကျော်မှ တိုင်းတာရရှိသော အချက်အလက်များမှာ အခြေခံ တိုင်းတာရေးအချက်အလက်များသာလျှင်ဖြစ်ကြပြီး ကမ္ဘာ့ ပျမ်းမျှအပူချိန်ကို တွက်ချက်ရန် လုံလောက်မှုမရှိသေးပေ။

ကမ္ဘာ့အရပ်ရပ်ရှိ ပင်လယ်နှင့် သမုဒ္ဒရာရေပြင်များပေါ်၌ ခုတ်မောင်းသွားလာနေကြသည့် ကုန်သွယ်ရေကြောင်းသင်္ဘောများ၊ နိုင်ငံပိုင် ရေပြင်နယ်နိမိတ် အဝန်း အဝိုင်းအတွင်း၌ စစ်ရေးတာဝန်ထမ်းဆောင်နေကြသော ရေတပ်သင်္ဘောများ၊ နိုင်ငံတကာ ရေပြင်ပိုင်နက်အတွင်း၌ စစ်ရေးတာဝန်ထမ်းဆောင်နေကြသော ရေတပ်သင်္ဘောအုပ်စုများ၊ ပင်လယ်အတွင်းချထားသည့် ဗော်ယာများ စသည်တို့မှ တိုင်းတာရရှိသော ရေပြင်အပူချိန် မှတ်တမ်းများစွာတို့ကိုလည်း ကမ္ဘာ့ ပျမ်းမျှအပူချိန်ကို တွက်ချက်ရာ၌ ထည့်သွင်းကြရသည်။

ထို့ပြင် အာကာသထဲရှိ ကမ္ဘာပတ်လမ်းကြောင်းအတွင်း၌ လွှတ်တင်ထားသော ဂြိုဟ်တုများက တိုင်းတာပေးပို့သည့် ကမ္ဘာ့အောက်လွှာလေထု၏ အပူချိန်မှတ်တမ်းအများအပြားသည်လည်း ကမ္ဘာ့ပျမ်းမျှ အပူချိန်ကို တွက်ချက်ရန်အတွက် အားဖြည့်သည့် ကိန်းဂဏန်းအချက်အလက်များ ဖြစ်ကြသည်။ သိပ္ပံပညာရှင်တို့သည် ကမ္ဘာ့ ပျမ်းမျှအပူချိန်ကို တိုင်းတာတွက်ချက် ထုတ်ပြန်နိုင်ရန် ၁၈၆၀ ပြည့်နှစ်ကတည်းက ကြိုးပမ်းအားထုတ် လုပ်ဆောင်ခဲ့ကြသည်။ သို့ရာတွင် နည်းပညာများ မတိုးတက်မထွန်းကားသေးသည့်ကာလများ ဖြစ်သည့်အတွက် ထိုစဉ်က ထုတ်ပြန်ခဲ့သော ကမ္ဘာ့ ပျမ်းမျှအပူချိန်သည် တိကျပြည့်စုံမှု မရှိခဲ့ပေ။

ကမ္ဘာ့ ပျမ်းမျှအပူချိန် တွက်ချက်မှုနည်းပညာ

ထိုမှတစ်ဆင့် ၁၉၃၀ ပြည့်နှစ်အရောက်တွင် တစ်ကမ္ဘာလုံး၌ တိုးမြှင့်ထုတ်လွှတ်နေသော ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ပမာဏသည် မြင့်တက်လာသော ကမ္ဘာ့အပူချိန်နှင့် တိုက်ရိုက်အချိုးကျနေကြောင်း ဖော်ထုတ်လာနိုင်သည်။ ၁၉၆၀ ပြည့်လွန်နှစ်များတွင် အာကာသထဲရှိ ကမ္ဘာပတ်လမ်းကြောင်းပေါ်သို့ ဂြိုဟ်တုများကို လွှတ်တင် နေရာချထားလာနိုင်ပြီး ထိုမှတစ်ဆင့် ၁၉၇၀ ပြည့်လွန်နှစ်များမှစ၍ တိုင်းတာ သတင်းပေးပို့ရေးဂြိုဟ်တုများတည်ဆောက်သည့် နည်းပညာအဆင့်အတန်း မြင့်မားလာခဲ့ရာ ထိုကာလများမှစ၍ ကမ္ဘာ့အပေါ်လွှာလေထု၏ အပူချိန်များ၊ ကမ္ဘာ့အောက်လွှာလေထု၏ အပူချိန်များ၊ သမုဒ္ဒရာရေပြင်နှင့် တောင်တန်းများပေါ်ရှိ လေထုအပူချိန်များကို ဂြိုဟ်တုများက မြေပြင်စခန်းများဆီသို့ စဉ်ဆက်မပြတ် ပေးပို့လာနိုင်သည်။

ဤသို့အားဖြင့် ကမ္ဘာ့ပျမ်းမျှအပူချိန်ကို တွက်ချက်ထုတ်ပြန်သော ကိန်းဂဏန်းများမှာ ပို၍ တိကျသေချာလာသည်။ ၁၈၀၀ ပြည့်နှစ်နှင့် ၁၈၇၀ ပြည့်နှစ်အတွင်း အနှစ် ၇၀ ကာလ၏ ကမ္ဘာ့ပျမ်းမျှအပူချိန်မှာ ၁၃ ဒသမ ၆ ဒီဂရီ စင်တီဂရိတ်ဖြစ်သည်ဟူ၍ ရှည်လျားသောနှစ်ကာလကို ခြုံငုံတွက်ချက် ထုတ်ပြန်ခဲ့ကြရာမှ ၁၉၆၀ ပြည့်နှစ်အရောက်တွင် အဆိုပါပြက္ခဒိန်နှစ်၏ ကမ္ဘာ့ပျမ်းမျှအပူချိန်မှာ ၁၃ ဒသမ ၉ ဒီဂရီ စင်တီဂရိတ်ဖြစ်ကြောင်း နှစ်တစ်နှစ်ချင်းအလိုက် ပို၍တိကျစွာ ထုတ်ပြန်ကြေညာနိုင်ခဲ့ကြသည်။

နောက်ကြောင်းပြန်တွက်ချက်မှု ရလဒ်များ

၁၉၈၀ ပြည့်နှစ်သို့ ရောက်ရှိလာချိန်တွင်မူ အဆိုပါနှစ်၏ ကမ္ဘာ့ပျမ်းမျှအပူချိန်ကို ထုတ်ပြန်ပေးနိုင်ရုံမျှမက နောက်ကြောင်းပြန် ဆယ်နှစ်အတွင်း ကမ္ဘာ့ ပျမ်းမျှအပူချိန်မှာ ၀ ဒသမ ၁၅ ဒီဂရီစင်တီဂရိတ် မြင့်တက်ခဲ့ကြောင်း ခိုင်ခိုင်မာမာ ထုတ်ဖော်နိုင်ခဲ့ကြသည်။ ကမ္ဘာ့ပျမ်းမျှအပူချိန် တိုင်းတာမှုနည်းပညာများ အဆင့်မြင့်လာခြင်း၊ တိုင်းတာရေးစခန်းများ တိုးချဲ့တည်ဆောက်လာနိုင်ခြင်း၊ ကုန်သွယ်ရေကြောင်းသင်္ဘောလိုင်းများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု ကျယ်ပြန့်လာခြင်း၊ ရေတပ်သင်္ဘောများ၏ ထိရောက်သောကူညီပံ့ပိုးမှုကို ပိုမိုရရှိလာခြင်းစသော အပြုသဘောဆောင်သည့် အကြောင်းအရာများသည် ကမ္ဘာ့ပျမ်းမျှအပူချိန်ကို တွက်ချက်ထုတ်ပြန်နိုင်ရေးအတွက် ကြီးမားသောအထောက်အပံ့များ ဖြစ်လာခဲ့ရုံမျှမက ကမ္ဘာ့သမိုင်းတစ်လျှောက် အပူဆုံးသောနှစ်ကာလကို ရှာဖွေဖော်ထုတ်ရာ၌ပါ ထိရောက်သော စွမ်းဆောင်ချက်များ ဖြစ်လာကြသည်။

ယင်းကဲ့သို့ ထိရောက်သော စွမ်းဆောင်ချက်များကြောင့် ၁၈၆၀ ပြည့်နှစ်မှစ၍ နှစ်ပေါင်း ၁၅၀ အတွင်း အပူပြင်းဆုံးသော နှစ်ကာများမှာ ၁၉၉၅ ခုနှစ် နောက်ပိုင်း၌သာ ဖြစ်ပေါ်ကြောင်း တွေ့ရှိလာရသည်။ လွန်ခဲ့သော နှစ်တစ်ရာက ကမ္ဘာ့ ပျမ်းမျှအပူချိန်မှာ ၁၃ ဒသမ ၅ ဒီဂရီ စင်တီဂရိတ်သာ ရှိခဲ့သော်လည်း မျက်မှောက်ကာလတွင် ကမ္ဘာ့ပျမ်းမျှအပူချိန်သည် ၁၄ ဒသမ ၃ ဒီဂရီ စင်တီဂရိတ်အထိ မြင့်တက်နေပြီ ဖြစ်သည်။

ကမ္ဘာ့ပျမ်းမျှအပူချိန် မြင့်တက်လာခြင်းကို အသိပညာပေးဖော်ပြထားသည့် သရုပ်ဖော်ပုံ (ဓာတ်ပုံ - ဝီကီပီးဒီးယား)

နှစ်ငါးထောင်အတွင်း အမြန်ဆုံးနှုန်း

နောက်ကြောင်းပြန်ကာလများကိုကြည့်လျှင် ၁၈၈၀ ပြည့်နှစ်မှ ၁၉၂၀ ပြည့်နှစ်အတွင်း ပျမ်းမျှအပူချိန်သည် ၁၉၆၀ ပြည့်နှစ်မှ ၁၉၉၀ ပြည့်နှစ်အတွင်း ပျမ်းမျှအပူချိန်ထက် လျော့နည်းနေကြောင်း တွေ့ရှိရသည်။ တစ်နည်းဆိုရသော် ၁၉၆၀ ပြည့်နှစ်မှ ၁၉၉၀ ပြည့်နှစ် ကာလအတွင်း ကမ္ဘာ့ပျမ်းမျှအပူချိန် မြင့်တက်ခဲ့ကြောင်း မီးမောင်းထိုးပြနေခြင်းပင် ဖြစ်သည်။ ၁၉၄၉ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ ကြားကာလတစ်လျှောက်လုံး၌ ကမ္ဘာ့ပျမ်းမျှအပူချိန်သည် တက်လိုက်ကျလိုက် ဖြစ်နေခဲ့ရာမှ ၁၉၇၉ ခုနှစ်မှစ၍ ကမ္ဘာ့ ပျမ်းမျှအပူချိန်သည် သိသာစွာ မြင့်တက်လာခဲ့သည်။ ထိုကာလနောက်ပိုင်း ကမ္ဘာ့အပူချိန်မြင့်တက်နှုန်းသည် နှစ်ပေါင်း ငါးထောင်အတွင်း အမြန်ဆုံးနှုန်းဖြစ်ကြောင်း သိပ္ပံသုတေသီတို့က ဆိုကြသည်။

အတိတ်ကာလ၏ ရာသီဥတုအခြေအနေများ ဖော်ထုတ်ရေးဆိုင်ရာ နည်းပညာများကို အသုံးချကာ လွန်ခဲ့သော နှစ်ပေါင်း ၆၅ သန်း ကာလအထိ နောက်ကြောင်းပြန်လျက် ကမ္ဘာ့မြောက်ဝင်ရိုးစွန်း အာတိတ်ဒေသ၏ ရာသီဥတုပြောင်းလဲမှုများကို လေ့လာလျက်ရှိသော အမေရိကန် သိပ္ပံပညာရှင်များအဖွဲ့သည် အစဉ်ခဲနေသော ရေခဲလွှာများ၏ အရည်ပျော်ကျနှုန်း၊ ဝင်ရိုးစွန်းရေခဲလွှာပျော်ရည်ဖြစ်သော ရေချိုများ၏ ပမာဏနှင့် အငွေ့ပျံနှုန်း၊ ကမ္ဘာ့မြောက်ဘက်စွန်း၌ တိမ်လွှာထု ဖြစ်ပေါ်မှုနှင့် အင်အားပြင်း မုန်တိုင်းကြီးများ၊ သမုဒ္ဒရာရေစီးကြောင်းကြီးများ၊ ရေအောက်အပင်များ ပေါက်ရောက်မှု၊ ရေနေသတ္တဝါများ ရွှေ့ပြောင်းကျက်စားမှု စသည့်အချက်များကို အသေးစိတ် လေ့လာပြီးနောက် အထက်ပါအတိုင်း ထုတ်ဖော်ကြေညာခဲ့ကြခြင်းဖြစ်သည်။

ကမ္ဘာ့အပူချိန် မြင့်တက်လာမှုကြောင့် ထောင်နှင့်ချီသော ငါးများနှင့် ရေသတ္တဝါမျိုးစိတ်များမှာ ပို၍အေးမြသော ဝင်ရိုးစွန်းဒေသများဆီသို့ စားကျက်ရွှေ့ပြောင်းသွားကြသည့်အတွက် အီကွေတာရပ်ဝန်းဒေသများ၌ ငါးဖမ်းဆီးရမိသည့် ပမာဏ လျော့နည်းသွားခဲ့သည်။ ကမ္ဘာ့အပူချိန်မြင့်တက်နှုန်းသည် ဤပုံဤနည်းအတိုင်း ဆက်လက်ဖြစ်ပေါ်နေမည် ဆိုပါက ငါးနှင့် ရေသတ္တဝါမျိုးစိတ်များစွာတို့သည် ဆယ်စုနှစ်တစ်စုလျှင် ၂၅ မိုင်နှုန်းဖြင့် မြောက်အရပ်ဆီသို့ တစ်နည်းအားဖြင့် ရေပြင်အပူချိန် ပို၍လျော့နည်းရာ ဒေသများဆီသို့ ကူးခတ်ရွှေ့ပြောင်းသွားကြဖွယ် ရှိနေသည်။ ထိုကဲ့သို့ စားကျက်ရွှေ့ပြောင်းသွားကြမည်ဆိုပါက အတ္တလန္တိတ်သမုဒ္ဒရာအတွင်း ငါးကြီးဆီထုတ်ယူနိုင်သောငါးများ ဖမ်းဆီးရမိမှုမှာ လာမည့် ဆယ်စုနှစ် လေးစုခန့်အတွင်း ထက်ဝက်လျော့ကျသွားမည့် အလားအလာရှိနေသည်။

ကမ္ဘာ့အပူချိန် မြင့်တက်လာမှုကြောင့် ထောင်နှင့်ချီသော ငါးများနှင့် ရေသတ္တဝါမျိုးစိတ်များမှာ ပို၍အေးမြသော ဝင်ရိုးစွန်းဒေသများဆီသို့ စားကျက်ရွှေ့ပြောင်းသွားကြသည့်အတွက် အီကွေတာရပ်ဝန်းဒေသများ၌ ငါးဖမ်းဆီးရမိသည့်ပမာဏ လျော့နည်းသွားခဲ့သည်။ ကမ္ဘာ့အပူချိန် မြင့်တက်နှုန်းသည် ဤပုံဤနည်းအတိုင်း ဆက်လက်ဖြစ်ပေါ်နေမည်ဆိုပါက ငါးနှင့် ရေသတ္တဝါ မျိုးစိတ်များစွာတို့သည် ဆယ်စုနှစ် တစ်စုလျှင် ၂၅ မိုင်နှုန်းဖြင့် မြောက်အရပ်ဆီသို့ တစ်နည်းအားဖြင့် ရေပြင်အပူချိန် ပို၍လျော့နည်းရာ ဒေသများဆီသို့ ကူးခတ်ရွှေ့ပြောင်းသွားကြဖွယ် ရှိနေသည်။

ထိုကဲ့သို့ စားကျက်ရွှေ့ပြောင်းသွားကြမည်ဆိုပါက အတ္တလန္တိတ်သမုဒ္ဒရာအတွင်း ငါးကြီးဆီထုတ်ယူနိုင်သောငါးများ ဖမ်းဆီးရမိမှုမှာ လာမည့် ဆယ်စုနှစ် လေးစုခန့်အတွင်း ထက်ဝက်လျော့ကျသွားမည့် အလားအလာ ရှိနေသည်။ အပူပိုင်းနှင့် သမပိုင်းဒေသများမှ ငါးမျိုးစိတ် အများအပြားတို့က အအေးပိုင်းဒေသသို့ စားကျက်ရွှေ့ပြောင်းကြသည့်အခါ အာရှတိုက်၊ အာဖရိကတိုက်နှင့် တောင်အမေရိကတိုက်တို့ရှိ နိုင်ငံပေါင်း ၃၀ ကျော်တို့၏ ငါးဖမ်းလုပ်ငန်းများအနေဖြင့် အကြီးအကျယ် ထိခိုက်ခံစားကြရဖွယ် ရှိနေကြသည်။

လာနီညာဖြစ်စဉ် ဖြစ်ပေါ်ခြင်း

ကမ္ဘာ့အပူချိန်မြင့်တက်မှုဖြစ်စဉ်ကြီး ကာလရှည်ဖြစ်ပေါ်နေစဉ်အတွင်း အချို့သောအရပ်ဒေသများ၌ အအေးပိုမိုလွန်ကဲသော ဖြစ်ရပ်မျိုးကို ကြုံတွေ့ခဲ့ကြရသည်။ ၂၀၀၈ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၀၉ ခုနှစ် ဇန်နဝါရီလအတွင်းက မြောက်အမေရိကနှင့် ဥရောပနိုင်ငံများ၌ ပုံမှန်ထက် အအေးပိုခဲ့သဖြင့် ကမ္ဘာ့အပူချိန် မြင့်တက်နေသည် ဆိုခြင်းအပေါ် ဒွိဟ ဖြစ်စေခဲ့သည်။ အမှန်တကယ်အားဖြင့်မူ ထိုနိုင်ငံများ၌ အအေးပိုခဲ့ခြင်းမှာ ပစိဖိတ်သမုဒ္ဒရာအတွင်း ဖြစ်ပေါ်ခဲ့သော ကာလတို လာနီညာဖြစ်စဉ်ကြောင့်သာလျှင်ဖြစ်ကြောင်း နောက်ပိုင်း၌ သိရှိခဲ့ကြသည်။

ကမ္ဘာ့အပူချိန် မြင့်တက်နေမှု၏ သရုပ်သကန်အဖြစ် ၂၀၀၃ ခုနှစ်အတွင်းက ဥရောပတိုက်တစ်ခွင်၌ မကြုံစဖူးမိုးခေါင်မှု ဖြစ်ပေါ်ခြင်းနှင့် အပူလှိုင်းဖြတ်သန်းမှု ဖြစ်စဉ်များကို တွေ့ရှိနိုင်သည်။ လူပေါင်းသုံးသောင်းခန့် သေဆုံးခဲ့ရသော ထိုဖြစ်စဉ်ကြီးသည် ရေသယံဇာတများကို လျော့နည်းစေခဲ့ပြီး ကောက်ပဲသီးနှံ အထွက်နှုန်းများကို သိသာစွာလျော့ကျစေခဲ့ကာ ယူရို ၁၃ ဘီလီယံကျော် ဆုံးရှုံးစေခဲ့သည်။

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်ကလည်း ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်းသည် ကမ္ဘာ့အပူပြင်းဆုံးသောကာလဖြစ်ပြီး ထိုကာလထဲ၌ပင် ၂၀၁၅ သည် အပူဆုံးနှစ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ မျက်မှောက်ကာလ ကမ္ဘာ့ပျမ်းမျှအပူချိန် မြင့်တက်နေမှု၏ ထင်ရှားသော ကြိုတင်လက္ခဏာများအဖြစ် ၁၉၈၀ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ် ကာလအတွင်း ပြင်းထန်သော အယ်လ်နီညိုဖြစ်စဉ် ၁၁ ကြိမ်တိုင်တိုင် ဖြစ်ပေါ်ခဲ့ခြင်းကို တွေ့မြင်နိုင်သည်။

ပျမ်းမျှအားဖြင့် ခြောက်နှစ်လျှင်တစ်ကြိမ်ခန့်သာ ဖြစ်လေ့ရှိသော အယ်လ်နီညိုဖြစ်စဉ်သည် နှစ်ပေါင်း ၂၀ အတွင်း ၁၁ ကြိမ်အထိ ဖြစ်ပေါ်ခဲ့ခြင်းကို ထောက်ရှု၍ ကမ္ဘာ့ ပျမ်းမျှအပူချိန် မြင့်တက်နေမှုကို ချိန်ထိုးသိရှိနိုင်သည်။ မြန်မာနိုင်ငံ၌ လက်ရှိ ဖြစ်ပေါ်ခံစားနေရသော အယ်လ်နီညိုရာသီဥတုသည် ၂၀၁၅ ခုနှစ်အတွင်းက အီကွေတာနှင့်နီးကပ်သော အရှေ့ဇုံဟု အပူပိုင်း ပစိဖိတ်သမုဒ္ဒရာရေပြင်၏ အပူချိန် သိသိသာသာမြင့်တက်ခဲ့မှု၏ ဆက်စပ်ဆိုးကျိုးပင် ဖြစ်သည်။

ကမ္ဘာ့ ပျမ်းမျှအပူချိန်ကို လျှော့ချရန်

၂၀၁၅ ခုနှစ်၏ အပူချိန် စံချိန်သစ်တင်သော သာဓကအချို့အဖြစ် အီရန်နိုင်ငံ၌ အပူချိန် ၄၆ ဒီဂရီစင်တီဂရိတ်၊ ဂျော်ဒန်နိုင်ငံ၌ ၄၇ ဒီဂရီစင်တီဂရိတ်နှင့် အီဂျစ်နိုင်ငံ၌ ၄၇ ဒသမ ၆ ဒီဂရီစင်တီဂရိတ်တို့ အသီးသီးဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိနိုင်သည်။

သို့ဖြစ်၍ ကမ္ဘာ့နိုင်ငံအားလုံးတို့အနေဖြင့် ကမ္ဘာ့ပျမ်းမျှအပူချိန် မြင့်တက်နေခြင်းကို ထိရောက်စွာဟန့်တားကြရန် အထူးလိုအပ်နေသလို ကာဗွန်ဒိုင်အောက်ဆိုက်၊ မီသိန်း၊ နိုက်ထရပ်စ်အောက်ဆိုက်၊ ဟိုက်ဒရိုဖလူအိုရိုကာဗွန်၊ ပါဖလူအိုရိုကာဗွန်နှင့် ဆာလ်ဖာဟက်ဆာဖလူအိုရိုက် စသော ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များ ထုတ်လွှတ်နေမှုကို လက်တွေ့ကျကျဖြင့် သိသိသာသာ လျှော့ချကြရန် လိုအပ်နေပြီဖြစ်ပေသည်။ ။

အခြေခံပညာကျောင်းများတွင် မွန်စာပေသင်ကြားနေသော ဆရာ ဆရာမများ၏ ပထမအကြိမ်မွမ်းမံသင်တန်းဆင်းပွဲ ကျင်းပ

ပေါင် ဧပြီ ၃

သထုံခရိုင် ပေါင်မြို့နယ်တွင် အခြေခံပညာကျောင်းများရှိ တိုင်းရင်းသားစာပေသင် မွန်ဆရာ ဆရာမများ မွမ်းမံသင်တန်းဆင်း အခမ်းအနားကို ဧပြီ ၁ ရက်က အ.ထ.က ပေါင် ရွှေရတုခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနား၌ မွန်ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာ မင်းကြည်ဝင်းက အခြေခံပညာကျောင်းများတွင် မွန်စာပေသင်ကြားပေးနေသည့် ဆရာ ဆရာမများ၏ တတ်မြောက်မှု စွမ်းရည်များက မတူညီသည့်အတွက် အကုန်လုံး တစ်သားတည်းဖြစ်သွားအောင် ရည်ရွယ်၍ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း၊ ယခုလို မွမ်းမံသင်တန်း ဖွင့်လှစ်ပေးခြင်းဖြင့် ပြန်လည်သင်ကြားရာတွင် ကျောင်းသားကျောင်းသူများ လွယ်ကူစွာနဲ့ ပိုမိုနားလည် သဘောပေါက်လာမည်ဖြစ်ကြောင်းနှင့် စာပေသင်ကြားပြီးတိုင်း ကျောင်းသား ကျောင်းသူများ ပိုမိုကြိုးစားချင်စိတ်ဖြစ်လာအောင် စာမေးပွဲပုံစံမျိုး မဟုတ်ဘဲ အထိမ်းအမှတ်နေ့များကဲ့သို့ ခေါင်းစဉ် တစ်ခုခုပေးကာ စာပေပြိုင်ပွဲပုံစံမျိုး ပြုလုပ်ပေးပြီး ဂုဏ်ပြုပွဲများ ပြုလုပ်ပေးစေလိုကြောင်း ပြောကြားသည်။

ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးနှင့် တာဝန်ရှိသူများက သင်တန်းဖြစ်မြောက်ရေးအတွက် ငွေကြေးလှူဒါန်းသော စေတနာရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ချီးမြှင့်ကြကာ အဆိုပါသင်တန်းကို ပေါင်မြို့နယ်နှင့် သထုံမြို့နယ်မှ သင်တန်းသား ၈၆ ဦးကို မတ် ၂၆ ရက်မှ ၃၀ ရက်အထိ ၅ ရက်ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်ပြီး ပေါင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားများ၏ စာပေသင်ကြားမှုကို ၂၀၁၇ ခုနှစ်တွင် စတင်သင်ကြားခဲ့ပြီး ယခုနှစ်အထိ မွန် ၃၇ ကျောင်း၊ စကောကရင် ၁၃ ကျောင်း၊ အရှေ့ပိုးကရင် ၂၁ ကျောင်း၊ ပအိုဝ်းသုံးကျောင်းရှိကြောင်း မြို့နယ် ပညာရေးမှူးရုံးမှ သိရသည်။

သင်တန်းသူတစ်ဦးအား သင်တန်းဆင်း လက်မှတ်ပေးအပ်စဉ်။

ကိုဟိန်း (ပေါင်)

ဆရာဇော်ဂျီဆုနှင့် မြန်မာစာဂုဏ်ထူးဆု ၁၉ ဆုချီးမြှင့်မည်

ဖျာပုံ ဧပြီ ၃

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ရှိ ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက် (၁၁)နှစ်ပြည့်နှစ်ပတ်လည်အခါသမယတွင် နှစ်စဉ်ချီးမြှင့်မြဲဖြစ်သော ဆရာ ဇော်ဂျီဆု၊ ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက် မြန်မာစာဂုဏ်ထူးဆုချီးမြှင့်ခြင်းနှင့်အတူ စာနယ်ဇင်းအလှူရှင်များ၊ volunteerများ၊ Mobile Library ပူးပေါင်းဖွင့်လှစ်ပေးခဲ့သော ကျောင်းများအား ဂုဏ်ပြုပွဲအခမ်းအနားကို ဧပြီ ၁၀ ရက်တွင် ဖျာပုံမြို့ ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်တိုးချဲ့ဆောင်သစ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်ကို ဖျာပုံမြို့သား အမျိုးသားစာဆိုကြီး ဆရာဇော်ဂျီ၏မွေးနေ့ နှစ် ၁၀၀ ပြည့်ကို ဂုဏ်ပြုသောအားဖြင့် ၂၀၀၈ ခုနှစ် ဧပြီလက ဖျာပုံမြို့ ချောင်းတွင်းလမ်းမကြီး (ဖျာပုံတံတားအနီး) ၌ တည်ထောင်ဖွင့်လှစ်ခဲ့ပြီး နှစ်စဉ်တက္ကသိုလ်ဝင်စာမေးပွဲ၌ ဖျာပုံမြို့နယ်အတွင်းမှ မြန်မာစာ ဂုဏ်ထူးရှင် များအား ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက် မြန်မာစာ ဂုဏ်ထူးဆုများချီးမြှင့်လာ ခဲ့ရာ ယခု ၁၀ နှစ်တာကာလအတွင်း မြန်မာစာ ဂုဏ်ထူးဆုပေါင်း ၁၄၀ ကျော် ချီးမြှင့်နိုင်ခဲ့ပြီ ဖြစ်ကြောင်း စာကြည့်တိုက်အလုပ်အမှုဆောင်အဖွဲ့ထံမှ သိရသည်။

"အဓိက ဒီဆုတွေချီးမြှင့်တာက ကျောင်းသား ကျောင်းသူတွေ မြန်မာစာပေကို ချစ်မြတ်နိုးတတ်ဖို့နဲ့ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးကိုအားပေးဖို့ ဦးတည်ပါတယ်။ နောက်တစ်ချက်က ဆရာကြီးရဲ့ဇာတိမြေ ဖျာပုံသူ ဖျာပုံသား မျိုးဆက်သစ်တွေနဲ့အတူ လူငယ်လူရွယ်တွေ အမျိုးသားစာဆိုကြီး ဆရာဇော်ဂျီကို အားကျအတုယူ ဂုဏ်ယူကြစေဖို့ ရည်ရွယ်ချီးမြှင့်တာဖြစ်တယ်။ ဒါ့အပြင် ဝမ်းသာကျေးဇူးတင်စရာတစ်ခုက ဆရာဇော်ဂျီမိသားစုကလည်း နှစ်စဉ်မြန်မာစာဂုဏ်ထူးရရှိသူတွေထဲက အမှတ်အများဆုံးရရှိသူတစ်ဦးကို ရွေးချယ်ကာ ဆရာဇော်ဂျီဆုအဖြစ် ထိုက်ထိုက်တန်တန် ချီးမြှင့်လျက်ရှိပါတယ်"ဟု စာကြည့်တိုက်အလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဦးမြင့်အောင် (ဖိုးအောင်လေး)က ပြောသည်။

သူဇာနွယ် (ဖျာပုံ)

တာချီလိတ်မြို့၌ နယ်စပ်ဖြတ်ကျော်မီးခိုးငွေ့များ ပြန်လည်ကျဆင်း

တာချီလိတ် ဧပြီ ၃

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့တွင် နယ်စပ်ဖြတ်ကျော်မီးခိုးငွေ့များကြောင့် လေထုညစ်ညမ်းမှု ဆိုးရွားစွာမြင့်တက်နေရာမှ ပုံမှန်အခြေအနေနီးနီးသို့ ပြန်လည်ကျဆင်းလာပြီဖြစ်သည်။

မတ် ၃၀ ရက်က AQI(502)အထိ မြင့်မားခဲ့ရာ ယမန်နေ့က တိုင်းတာချက်အရ AQI (173) သို့ ပြန်လည်ကျဆင်းလာသည်ကို တွေ့ရသည်။

လေထုညစ်ညမ်းမှု ကျဆင်းစေရေး ခရိုင်စီမံခန့်ခွဲရေးကော်မတီက ကြီးကြပ်၍အကာအကွယ် Mask များ ဝေငှခြင်း၊ ပညာပေးဟောပြောခြင်း၊ ရပ်ကွက်တွင်းသို့ လိုက်လံအသိပေးဆော်ဩခြင်း၊ မီးသတ်ယာဉ်များဖြင့် တစ်ရက်လျှင် သုံးကြိမ်ရေမှုန် ရေမွှားများ ပက်ဖျန်းပေးခြင်းများ လုပ်ဆောင်ခဲ့ကြသည်။ ယင်းနေ့ ရေမှုန်ရေမွှားပက်ဖျန်းခြင်းကို မယ်ခေါင်ရပ်ကွက်အတွင်းရှိ အစိုးရဝန်ထမ်းအိမ်ရာနှင့် ရပ်ကွက်တွင်းမှ လမ်းများကို သွားရောက်ပက်ဖျန်းခဲ့ကြောင်း သိရသည်။

ယခုအချိန်တွင် ရှမ်းရိုးမကွင်းအတွင်း ပြည်သူများ မီးခိုးရှောင်ရင်း နားနေနိုင်ရန် မီးခိုးကင်းမဲ့ဇုန် ဖန်တီးပေးထားပြီး ပြည်သူများကို စောင့်ရှောက်ကူညီပေးလျက်ရှိသည်။

လေထုညစ်ညမ်းမှုကျဆင်းသွားသော်လည်း ခရိုင်စီမံခန့်ခွဲမှုကော်မတီ၏ အသိပေးနှိုးဆော်ချက်ပါ အချက်ရှစ်ချက်ကို လိုက်နာရန်လိုအပ်ကြောင်းနှင့် အချိန်နှင့်တစ်ပြေးညီ ပြည်သူများအား အသိပေးသွားမည်ဖြစ်ကြောင်း ခရိုင်စီမံခန့်ခွဲရေးကော်မတီမှ သိရသည်။

ခရိုင်(ပြန်/ဆက်)

မာန်အောင်မြို့တွင် ရခိုင်ရိုးရာ နံ့သာသွေးပြိုင်ပွဲကျင်းပမည်

မာန်အောင် ဧပြီ ၃

ရခိုင်ပြည်နယ် မာန်အောင်မြို့တွင် ၂၀၁၉ ခုနှစ် ဧပြီ ၁၃ရက်နှင့် ၁၇ ရက်တို့တွင် နံ့သာသွေးပြိုင်ပွဲ၊ သက်ကြီးပူဇော်ပွဲ၊ အန္တရာယ်ကင်း ပရိတ်တရားတော် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းများကို အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ပတ်သက်၍ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးရုံး၊ အစည်းအဝေးခန်းမ၌ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ နံ့သာသွေးပြိုင်ပွဲ၊ သက်ကြီးပူဇော်ပွဲ၊ အန္တရာယ်ကင်း ပရိတ်တရားတော် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းများကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြီးကြပ်ကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့ပေါ် ၅ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ NGO အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီး ယခုနှစ် မဟာသင်္ကြန်ပွဲတော်အကြိုနေ့တွင် "ရခိုင်ရိုးရာ နံ့သာသွေးပြိုင်ပွဲ" ကို လှပျိုဖြူအသင်း ၁၂ သင်းဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် သင်္ကြန်ကာလအတွင်း ရခိုင်ရိုးရာနံ့သာသွေးပြိုင်ပွဲ ကျင်းပခဲ့စဉ်။

သိန်းထွန်းအောင်(ပြန်/ဆက်)

သာသနာတော်နှစ် ၂၅၆၂-၂၅၆၃ ခုနှစ် သက္ကရာဇ် ၁၃၈၀-၁၃၈၁ ခုနှစ် မဟာသင်္ကြန် အကျ-အကြတ်-အတက်-နှစ်ဆန်း (၁) ရက်နှင့် ဝါဆို-ဝါကပ်-လ-ရက်နှင့် နေ့များ ၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁) ရက်၊ သာသနာတော်နှစ် ၂၅၆၃ ခုနှစ် ခရစ်နှစ် ၂၀၁၉ ခုနှစ်၊ မေလ (၁၉) ရက်၊ တနင်္ဂနွေနေ့

၁။ မဟာသင်္ကြန်ကျရက်

- ဇေယတု-မြန်မာသက္ကရာဇ်-၁၃၈၀ ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း (၁၀) ရက်
- ရခိုင်သက္ကရာဇ်-၁၃၈၀ ပြည့်နှစ် တာကူးလဆန်း (၁၀) ရက်
- ခရစ်နှစ် ၂၀၁၉၊ ဧပြီလ (၁၄) ရက် တနင်္ဂနွေနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စံတော်ချိန် ညနေစက် ၅- နာရီ၊ ၂၁ -မိနစ်၊ ၄၂ -စက္ကန့်အချိန်တွင် မဟာသင်္ကြန်ကျပါသည်။

၂။ မဟာသင်္ကြန် အကြတ်ရက်

- မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း (၁၁) ရက်
- ရခိုင်သက္ကရာဇ် ၁၃၈၀ ပြည့်နှစ်၊ တာကူးလဆန်း (၁၁) ရက်
- ခရစ်နှစ် ၂၀၁၉ ခုနှစ်၊ ဧပြီလ (၁၅) ရက် တနင်္လာနေ့သည် မဟာသင်္ကြန်အကြတ်ရက်ဖြစ်ပါသည်။

၃။ မဟာသင်္ကြန် အတက်ရက်

- မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း (၁၂) ရက်
- ရခိုင်သက္ကရာဇ် ၁၃၈၀ ပြည့်နှစ်၊ တာကူးလဆန်း (၁၂) ရက်
- ခရစ်နှစ် ၂၀၁၉၊ ဧပြီလ (၁၆) ရက် အင်္ဂါနေ့ မြန်မာစံတော်ချိန် ညစက် ၉ -နာရီ၊ ၂၆- မိနစ်၊ ၂၃- စက္ကန့်အချိန်တွင် မဟာသင်္ကြန်တက်ပါသည်။

၄။ မြန်မာ-ရခိုင်-နှစ်ဆန်း ၁ ရက်

- မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ်၊ ဦးတန်ခူးလဆန်း (၁၃) ရက်
- ရခိုင်သက္ကရာဇ် ၁၃၈၁ ခုနှစ်၊ တာကူးလဆန်း (၁၃) ရက်
- ခရစ်နှစ် ၂၀၁၉၊ ဧပြီလ (၁၇) ရက် ဗုဒ္ဓဟူးနေ့သည် မြန်မာ-ရခိုင် နှစ်ဆန်း (၁) ရက်နေ့ဖြစ်ပါသည်။

၅။ ရဟန်းတော်များအတွက် ဝါဆို-ဝါကပ်-လ-ရက်များ

၁၃၈၁ ခုနှစ်သည် လထပ်ရက်ငင်မရှိသော ရိုးရိုးနှစ်ဖြစ်ပါ၍

သာသနာတော်နှစ် ၂၅၆၃ ခုနှစ် မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ် ဝါဆိုလပြည့်ကျော် (၁) ရက်၊ ရခိုင်သက္ကရာဇ် ၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၁) ရက်၊ ခရစ်နှစ် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ (၁၇) ရက် ဗုဒ္ဓဟူးနေ့တွင် ဗုဒ္ဓဘာသာသာသနာတော်ဝန်ထမ်းရဟန်းတော် အရှင်မြတ်တို့သည် ပထမပုရိမဝါကို ကပ်ဆိုတော်မူကြရမည်ဖြစ်ပြီး

မြန်မာ-ရခိုင် ၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၁) ရက်၊ ခရစ်နှစ် ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၁၆) ရက် သောကြာနေ့တွင် ဒုတိယပစ္ဆိမဝါကို ကပ်ဆိုတော်မူကြရမည် ဖြစ်ပါသည်။

ပြင်ဆင် ဖတ်ရှုပါရန်

ဧပြီ ၂ ရက် (အင်္ဂါ)နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၈ ရှိ သမုဒ္ဒရာနှစ်စင်း သီအိုရီ(သို့) အင်ဒို-ပစိဖိတ်မဟာဗျူဟာ ဆောင်းပါး၌ "အာဆီယံသည် လူဦးရေသန်းပေါင်း ၆၆၀ ရှိပြီး ကမ္ဘာ့လူဦးရေ၏ ၈ ဒသမ ၆ ရာခိုင်နှုန်းရှိကာ စီးပွားရေးအရလည်း ကမ္ဘာပေါ်မှာ သတ္တမမြောက် အင်အားအကြီးဆုံးဖြစ်သည်။" ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

စာရေးသူ

ပြင်ဦးလွင်မြို့နယ် ကုန်းကော်ကျေးရွာတွင် ၂၄ နာရီမီးလင်းပြီ

ပြင်ဦးလွင် မေ ၃

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ကျေးလက်တောရွာများပါမကျန် လျှပ်စစ်မီးရရှိရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် လျှပ်စစ်ဌာနသည် ပန်းဦးတောင်ကျေးရွာအုပ်စု ကုန်းကော်ကျေးရွာရှိနေအိမ်များသို့ မေ ၁ ရက်မှစ၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း သိရသည်။

၂၄ နာရီ လျှပ်စစ်မီးရရှိပြီ

ထိုကဲ့သို့ လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးနိုင်ရန်အတွက် ပြင်ဦးလွင် မြို့နယ်လျှပ်စစ်ဌာနမှ ကုန်းကော်ကျေးရွာတွင် အိမ်ထောင်စု ၁၁၂ စုကို လျှပ်စစ်မီတာများ တပ်ဆင်ပေးပြီး ၃၁၅ ကေဗွီ ထရန်စဖော်မာဖြင့် မေ ၁ ရက်မှစ၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ခြင်း ဖြစ်သည်။ သို့ပါ၍ ပြင်ဦးလွင်မြို့နယ် ကုန်းကော်ကျေးရွာအနေဖြင့် ဓာတ်အား လိုင်းမှ ၂၄ နာရီ လျှပ်စစ်မီးရရှိပြီဖြစ်၍ ပညာရေး၊ အလုပ်အကိုင်၊ လူမှုဘဝဖွံ့ဖြိုးပြီး လူနေမှု အဆင့်အတန်းမြင့်မားကာ ဒေသဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း သိရသည်။ **မောင်လူမော်**

ကုန်းတော်ကျေးရွာရှိ ထရန်စဖော်မာအား တွေ့ရစဉ်။

မကွေးတိုင်းဒေသကြီးအတွင်း သောက်သုံးရေရှားပါးလာပါက အမြန်ဆုံးဆောင်ရွက်ပေးသွားမည်

မကွေး မေ ၃

နွေရာသီတွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်၊ ကျေးရွာများတွင် သောက်သုံးရေပြတ်လပ်ပါက ကျေးလက်ဦးစီးဌာနမှ ရေပြတ်လပ်သည့်ကျေးရွာများအတွက် ရေလှူဒါန်းနိုင်ရန် ကြိုတင်ပြင်ဆင်ထားရှိပြီး အမြန်ဆုံးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သည်ဟု သိရသည်။

"နွေရာသီမှာ ရေရှားပါးမှုဖြစ်လာမယ်ဆိုရင် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆက်သွယ်ဖို့ ဖုန်းနံပါတ်တွေလည်း ပေးထားပါတယ်။ တိုင်းဦးစီးမှူး၊ မြို့နယ်ဆိုရင် မြို့နယ်ဦးစီးမှူးတွေနဲ့ ဆက်သွယ်ပြီးတော့ မိမိတို့ဒေသမှာ ရေရှားပါးနေတယ်ဆိုရင် သူတို့ဆီ အကူအညီတောင်းခံနိုင်ပါတယ်။ ဒါကိုလည်းဌာနအနေနဲ့ အမြန်ဆုံးဆောင်ရွက်ပေးသွားမှာပါ"ဟု တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေးက ပြောကြားသည်။

အိမ္ဘွန်ဆွေ(ရေစကြို)

ဇမ္ဗူသီရိမြို့နယ်၌ အထူးတရားဓမ္မသဘင်ကျင်းပ

နေပြည်တော် မေ ၃

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ "စိုးမိုးသူ" လူမှုကူညီရေးအဖွဲ့မှ ကြီးမှူးကျင်းပသော (စတုတ္ထ)အကြိမ် အထူးတရားဓမ္မသဘင်ပွဲကြီးကို မေ ၃ ရက် ညမှ မေ ၉ ရက်အထိ ဇမ္ဗူသီရိမြို့နယ် ဗလသိဒ္ဓိရပ်ကွက် အ.ထ.က (၈) ကျောင်းရှေ့၌ ကျင်းပလျက်ရှိသည်။

အဆိုပါ တရားဓမ္မသဘင်ပွဲကြီးတွင် ဆရာတော် အရှင်ရေဝတ (သာသနာ့ပျိုးခင်းဆရာတော်)၊ ဆရာတော် အရှင်ပညာနန္ဒ (သီတဂူကြယ်တစ်ပွင့်)၊ ဆရာတော် အရှင်ဇေယျာစိဏ္ဏ (အေလာကြယ်တစ်ပွင့်)၊ ဆရာတော်ဒေါက်တာ အရှင်ဘောဂိက (ကြိုးကြာမြေ)၊ ဆရာတော်အရှင်သီလစာရ (မေတ္တာအနန္တ)၊ ဆရာတော်အရှင် သုမင်္ဂလ (ဝေါဆရာတော်)၊ ဆရာတော်အရှင်ဝိစာရ (ငြိမ်းချမ်းရွှေပြည်)တို့မှ အလှည့်ကျတစ်ညစီ ဟောကြားမည်ဖြစ်ကြောင်းနှင့် တရားပွဲသို့ လာရောက်မည့် တရားနာပရိသတ်များအတွက် သိဒ္ဓိရပ်ကွက်ဓမ္မာရုံများ၌ ညစဉ်ညတိုင်း ညနေ ၆ နာရီတွင် ကြိုပို့ယာဉ်များ စီစဉ်ထားလျက်ရှိပြီး အလှူရှင်များအနေဖြင့် ဖုန်း ၀၉ - ၄၂၀၁၀၄၅၀၄၊ ၀၉ - ၄၄၅၉၆၂၂၃၈၊ ၀၉ - ၄၄၅၇၁၅၀၉၆၊ ၀၉ - ၄၂၆၇၄၀၀၅၅၊ ၀၉- ၄၄၅၇၁၆၁၃၃ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရ သည်။

မင်းမင်းလတ် (မန်းတက္ကသိုလ်)

သင်္ကြန်ကာလအတွင်း မှုခင်းမဖြစ်ပွားစေရေး ပညာပေးကြော်ငြာဆိုင်းဘုတ် စိုက်ထူ

နေပြည်တော် မေ ၃

သရက်-မင်းလှ ကားလမ်းနှင့် မင်းလှ-မင်းဘူး ကားလမ်းဆုံတွင် ယနေ့နံနက်ပိုင်းက ယခုနှစ်သင်္ကြန်ကာလအတွင်း ပြည်သူများ ပျော်ရွှင်စိတ်အေးချမ်းစွာ ရေကစားနိုင်ရေးအတွက် မှုခင်းပညာပေး ကြော်ငြာဆိုင်းဘုတ်များ စိုက်ထူ အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ်ရဲတပ်ဖွဲ့၊ မင်းလှမြို့မ ရဲစခန်းမှ ဒုရဲအုပ် ညီညီမင်းနှင့် တပ်ဖွဲ့ဝင်များသည် ယနေ့နံနက် ၁၀ နာရီက လာမည့် နှစ်သစ်ကူးသင်္ကြန်ပွဲတော်ကာလအတွင်း မင်းလှမြို့နယ်နေ ပြည်သူများ စိတ်အေးချမ်းပျော်ရွှင်စွာ ရေကစားနိုင်ရေးအတွက် မင်းလှမြို့ ရုံးရပ်မြောက်ပိုင်းရပ်ကွက်၊ သရက်-မင်းလှ ကားလမ်းနှင့် မင်းလှ-မင်းဘူးကားလမ်းဆုံ လမ်းဘေးတွင် ယာဉ်မောင်းများလိုက်နာရန်၊ မှုခင်းများမဖြစ်ပွားစေရေး၊ မူးယစ်ဆေးဝါး၊ ကာမစိတ်ကြွဆေးဝါးများနှင့် ပတ်သက်၍ သတိပြုရှောင်ကြဉ်ရမည့် အချက်များနှင့် လိုက်နာရမည့်အချက်အလက်များအား အလျား(၃)ပေ၊ အနံ (၆)ပေရှိ ဗီနိုင်းကြော်ငြာဆိုင်းဘုတ် သုံးချပ်ကို စိုက်ထူကာ ပညာပေး ဆောင်ရွက်ခြင်း၊ ယာဉ်သွားယာဉ်လာနှင့် လမ်းသွားလမ်းလာ ပြည်သူများအား ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **အေအေတီ**

သွေးတိုးရောဂါကာကွယ်ပါ (၁)

သွေးပေါင်ချိန် (၁၄၀/၉၀) မီလီမီတာ မာကျူရီနှင့်အထက်ရှိလျှင် သွေးတိုးရောဂါရှိသည်ဟု သတ်မှတ်ထားပါသည်။

သွေးတိုးရောဂါ၏ လက္ခဏာများမှာ-

- ခေါင်းမူးခြင်း
- ခေါင်းကိုက်ခြင်း
- ဇက်ကြောတက်ခြင်း
- အော့အန်ခြင်း
- သတိလစ်ခြင်းတို့ဖြစ်ပြီး အချို့လူများတွင် မည်သည့်လက္ခဏာမှမပြဘဲ သွေးတိုးရောဂါ၏ နောက်ဆက်တွဲဝေဒနာများဖြစ်သည့် နာတာရှည်ရောဂါများနှင့် ရုတ်တရက် အသက်ဆုံးရှုံးခြင်းတို့ ဖြစ်တတ်ပါသည်။

သွေးတိုးရောဂါရှိပါက နီးစပ်ရာဆေးရုံ၊ ဆေးခန်း၊ ကျန်းမာရေးဌာနများတွင် သွေးပေါင်မှန်မှန် ချိန်ပြီး စနစ်တကျဆေးကုသမှုခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

သွေးတိုးရောဂါကာကွယ်ပါ (၂)

သွေးပေါင်ချိန် (၁၄၀/၉၀) မီလီမီတာ မာကျူရီနှင့်အထက်ရှိလျှင် သွေးတိုးရောဂါရှိသည်ဟု သတ်မှတ်ထားပါသည်။

သို့ဖြစ်ပါ၍ သွေးတိုးရောဂါကြိုတင်ကာကွယ်နိုင်ရန်အတွက် -

- ကိုယ်အလေးချိန်ထိန်းသိမ်းခြင်း (အဝမလွန်ခင်ထိန်းသိမ်းပါ)
- ပုံမှန်ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ပါ
- ဟင်းသီးဟင်းရွက်၊ အသီးအနှံများများစားသုံးပါ
- စိတ်ဖိစီးမှုနည်းပါးအောင်နေထိုင်ပါ
- ဆား၊ အငန်နှင့် အဆီအဆိမ့်လွန်ကဲစွာစားသုံးခြင်းမှ ရှောင်ကြဉ်ပါ။

သွေးတိုးရောဂါရှိပါက နီးစပ်ရာဆေးရုံ၊ ဆေးခန်း၊ ကျန်းမာရေးဌာနများတွင် သွေးပေါင်မှန်မှန် ချိန်ပြီး စနစ်တကျဆေးကုသမှုခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

မော်လမြိုင်မြို့၌ လင်းယုန်စီမံချက်ဖြင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်

မော်လမြိုင် မေ ၃

မွန်ပြည်နယ်အတွင်း စည်းကမ်းပျက်ယာဉ်များနှင့် စည်းကမ်းမဲ့ယာဉ်မောင်းနှင်မှုကြောင့် ယာဉ်မတော်တဆမှုများ ဖြစ်ပွား၍ သေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်းများ လျော့နည်းကျဆင်းစေရေးအတွက် ယနေ့ နံနက်ပိုင်းက ရက် ၁၀၀ လင်းယုန်စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မော်လမြိုင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး သိန်းထွန်းဦး ကြီးကြပ်ကွပ်ကဲ၍ မော်လမြိုင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်ဌေး၊ အမှတ်(၇၇) ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ်ကျော်ဇင်နိုင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့သည် မော်လမြိုင်မြို့ ဈေးကြိုအဝိုင်း၊ ဈေးကြိုတော်ကူး ဘုန်းကြီးကျောင်းရှေ့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုမရှိသည့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များကို လင်းယုန်စီမံချက်ဖြင့် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ဈေးကွက်အတွင်း ဝယ်လက်ပျောက်နေသည့် ရက် ၉၀ ဆန်များကို တစ်အိတ်လျှင် အခြေခံဈေးနှုန်း ငွေကျပ် ၁၉၅၀၀ ဖြင့် သတ်မှတ်ဝယ်ယူသွားမည်

ရန်ကုန် မေ ၃

ဈေးကွက်အတွင်း ဝယ်လက်ပျောက်နေသည့် ရက် ၉၀ ဆန်များကို တစ်အိတ်လျှင် အခြေခံဈေးနှုန်းငွေကျပ် ၁၉၅၀၀ ဖြင့် သတ်မှတ်ဝယ်ယူသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန် စပါးကုန်သည်များအသင်းထံမှ သိရသည်။ အဆိုပါ ဈေးကွက်အတွင်း ဝယ်လက်ပျောက်နေသည့် ရက် ၉၀ ဆန်သား အစိုဓာတ် ၁၄ ဒသမ ၅ ပါဝင်သည့် ဆန်များကို တစ်အိတ်လျှင် အခြေခံဈေးနှုန်းငွေကျပ် ၁၉၅၀၀ ဖြင့် ယခုလ ၈ ရက်မှစ၍ လာမည့်ဇွန်လအထိ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၏ ရန်ပုံငွေအပါအဝင် အသင်းသားများ၏ ထည့်ဝင်ငွေများဖြင့် ဝယ်ယူပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းဥက္ကဋ္ဌ ဦးအောင်သန်းဦးက ပြောသည်။

" အခြေခံဈေး ဝယ်ပေးတာဖြစ်တဲ့အတွက် နောင်ဝယ်မယ့်သူတွေ အခုတော်တော်များများက ဈေးကွက်ကို ဒီထက်ကျဦးမယ်ဆိုပြီး နဂိုဆန်ဝယ်နေတဲ့ ဝယ်လက်တွေက ကျဖို့စောင့်နေတယ်။ မဝယ်ရဲဘူး။ သူတို့ဝယ်လိုက်လို့ရှိရင်လည်း ဒီထက်ပိုကျသွားရင် သူတို့အနေနဲ့ဆုံးရှုံးမှာ။ ဒါကြောင့် ဒီထက်ပိုမကျနိုင်တော့ဘူးဆိုတဲ့ မက်ဆေ့ကို ကျွန်တော်တို့ကပေးချင်တာ။ ကျွန်တော်တို့က အကုန်လုံးကိုဝယ်မှာ မဟုတ်ပါဘူး။ ငွေကျပ် ၁၉၅၀၀ နဲ့ သူ့ဟာသူ ပုံမှန်ဝယ်နေတဲ့သူတွေလည်းဝယ်၊ ဒီထဲက ဝယ်သူမရှိတော့ဘူးဆိုရင် ကျွန်တော်တို့က ဒီဈေးနဲ့ဝယ်ပေးမှာ။ ဈေးကွက်ကြီးတစ်ခုလုံးကို လိုက် ပြီး ထိန်းချုပ်ဝယ်ယူဖို့မဟုတ်ဘူး။ ကျန်တဲ့သူက ငွေကျပ် ၁၉၅၀၀ မဟုတ်ဘူး။ ငွေကျပ် နှစ်သောင်းနဲ့ဝယ်၊ နှစ်သောင်းတစ်ထောင်နဲ့ဝယ်။ သူရဲ့အရည်အသွေးအလိုက်ကို ဝယ်လို့ရပါတယ်။အခုလိုမျိုး မက်ဆေ့ပေးလိုက်တဲ့အတွက် နဂိုကမဝယ်တဲ့သူတွေကလည်း ငွေကျပ် ၁၉၅၀၀ တော့ အသင်းကပြောလိုက်ပြီဆိုရင်၊ ဒီထက်လည်း ကျစရာမရှိတော့ဘူးဆိုရင် ဈေးကွက်ထဲ ဝယ်လိုအားတက်လာမယ်။ ရဲရဲကြီး သူတို့လည်းဝယ်နိုင်မယ်။ နဂိုဆန်လှောင်လက်တွေရှိတယ်။ ဝယ်လက်တွေ ရှိတဲ့သူတွေကလည်း ဝယ်ရဲသွားမယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

လက်ရှိ ရက် ၉၀ ဆန်လုံးရှည်များကို ဧရာဝတီနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးလျက်ရှိပြီး ဧရာဝတီတိုင်းဒေသကြီးဘက်မှ ရက် ၉၀ ဆန်များ ဝါးတန်းဆန်စပါးကုန်စည်ဒိုင်သို့ ဝင်ရောက်နေပြီဖြစ်ကြောင်း ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း)ထံမှ သိရ သည်။

အဆိုပါ ရက် ၉၀ ဆန်လုံးရှည်များကို တရုတ်နိုင်ငံနှင့် ဥရောပသမဂ္ဂ(EU) နိုင်ငံများသို့ တင်ပို့လျက်ရှိရာ နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှတစ်ဆင့် တရုတ်နိုင်ငံသို့ ဆန်တင်ပို့ရာတွင် တရုတ်နိုင်ငံဘက်၌ တရားမဝင်ကုန်စည်ဖမ်းဆီးရေး စီမံချက်များ လုပ်ဆောင်နေသောကြောင့် တရုတ်ကုန်သည်များ ဆန်အဝယ်ရပ်တန့်နေကြောင်း၊ ထို့ပြင် EU ကလည်း ၎င်းအဖွဲ့ဝင်နိုင်ငံများမှ ဆန်စိုက်ပျိုးထုတ်လုပ်သူများ၏ ကိုယ်ကျိုးစီးပွားကာကွယ်ရန်အတွက် မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ တင်သွင်းသော ဆန်လုံးရှည်အမျိုးအစားကို ဇန်နဝါရီ ၁၈ ရက်မှစ၍ သုံးနှစ်အခွန်ကောက်ခံရန် ဥရောပသမဂ္ဂက ဆုံးဖြတ်ခဲ့ပြီး ပထမနှစ်တွင် ဆန်တစ်တန်လျှင် ၁၇၅ ယူရို၊ ဒုတိယနှစ်တွင် ယူရို ၁၅၀၊ တတိယနှစ်တွင် ၁၂၅ ယူရိုဖြင့် နှစ်အလိုက် အသီးသီးကောက်ခံခဲ့သဖြင့် တင်ပို့မှုနည်းကြောင်း ဆန်ကုန်သည်များထံမှ သိရသည်။

"နိုင်ငံတော်ကိုလည်း အကြိမ်ကြိမ်အခြေခံဈေးသတ်မှတ်တဲ့အခါ အစိုးရအနေနဲ့ ဈေးသိပ်ကျတဲ့အခါမှာ ထွက်ပြီး ပိုက်ဆံထုတ်ပြီး ရက်တိုချေးငွေ၊ ဘဏ်တွေနဲ့ သက်ဆိုင်ရာဆန်လုပ်ငန်းရှင်တွေကို ချေးငွေပေးပြီးဝယ်ဖို့ဆိုတဲ့ အစီအမံတွေလည်း တင်ပြပါတယ်။ သို့သော် နိုင်ငံတော်က လုပ်ရမယ့်အချိန်ကိုစောင့်နေရင် လက်ရှိက ဆန်တွေပေါ်နေပြီ။ ဈေးကွက်ထဲမှာပစ္စည်းတွေလည်း လှိုင်လှိုင်ဝင်နေပြီ။ ဝယ်သူမရှိဘူးဆိုရင် ဒီဈေးကွက်က ကျသင့်တာထက်ပိုကျသွားမယ်။ ကျသင့်တာထက်ပိုကျရင် နိုင်ငံခြားဝယ်လက်တွေကလည်း နှိမ်သထက်နှိမ်ဝယ်တာလေ။ ဝယ်တဲ့အတွက် ဈေးကွက်က ကမောက်ကမကိုဖြစ်နေတယ်၊ အချို့ဆိုရင် သူများနိုင်ငံထက် ကိုယ့်နိုင်ငံကဈေးတွေက တစ်တန်ကို ဒေါ်လာ ၄၀၊ ၅၀၊ ၆၀၊ ၇၀ နှိမ်ပြီးဝယ်တဲ့အခါမှာ နိုင်ငံအနေနဲ့ ကြည့်မယ်ဆိုရင်လည်း နစ်နာတယ်။ ဒါကြောင့် ဆန်စပါးကုန်သည်အသင်းအနေနဲ့ တတ်နိုင်တဲ့ဘက်ကနေပြီးတော့ ဒါမျိုးမဖြစ်အောင် ဝိုင်းကူတဲ့သဘောပါ။ နိုင်ငံခြားဝယ်လက်တွေလည်း အခုရှာနေပါတယ်"ဟု ဦးအောင်သန်းဦးက ပြောသည်။

အဆိုပါ ရက် ၉၀ ဆန်ကို တစ်အိတ်လျှင် အခြေခံဈေးနှုန်းငွေကျပ် ၁၉၅၀၀ ဖြင့် သတ်မှတ်ဝယ်ယူပေးသွားမည်ဖြစ်သောကြောင့် တောင်သူများအတွက် မရှုံးသော်လည်း အကျိုးအမြတ်အားဖြင့် မနှစ်ကထက် လျော့နည်းကြောင်း၊ ထို့ပြင် တောင်သူများ အစိုက်များသည့် ရက် ၉၀ ဆန်ကို အသင်းအနေဖြင့် အခြေခံဈေးနှုန်း သတ်မှတ်ဝယ်ယူပေးသောကြောင့် လာမည့်နှစ်အတွက် တောင်သူများ အဆိုပါ ရက် ၉၀ ဆန်ကို ဆက်လက်စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း)မှ တွဲဖက်အတွင်းရေးမှူး ဦးဇော်ခိုင်က ပြောသည်။

"ကျွန်တော်တို့က ရက် ၉၀ ကို တောင်သူတွေစိုက်ဖို့အတွက် နည်းပညာတွေ လုပ်ပေးပြီးတော့ လက်ရှိမှာ အဲဒီလို ရက် ၉၀ က ထွက်ပေါက်မရှိတဲ့အခါ ဒီလိုအခြေအနေမျိုးမှာ ဒီကနေပြီး အသင်းဥက္ကဋ္ဌတွေကနေ ခေါ်ယူပြီးတော့ ဝယ်ယူပေးတဲ့အတွက် ဘာပဲပြောပြော လာမယ့်နှစ်ကိုလည်း ဒီလိုမျိုးတွေကို တောင်သူတွေက စိုက်နိုင်မှာပေါ့။ တကယ်လို့သာ ဒီလိုသာ ဈေးကွက်ကို မဖော်ဆောင်နိုင်ဘူးဆိုရင်တော့ လာမယ့်နှစ်ကို ဘယ်လိုစပါးမျိုးတွေ စိုက်ရမယ်ဆိုတာ တောင်သူတွေအတွက် ဝေဝါးစရာတွေဖြစ်ကုန်မှာ"ဟု ဦးဇော်ခိုင်က ပြောသည်။ လက်ရှိ ရက် ၉၀ ဆန်သည် ပြီးခဲ့သည့်နှစ်က တစ်အိတ်လျှင်ငွေကျပ် ၂၆၀၀၀ ခန့်ရှိခဲ့ပြီး ယခုနှစ်တွင် ဈေးကွက်အတွင်း ပြည်တွင်း၊ ပြည်ပ ဝယ်ယူမှုကျဆင်းနေသောကြောင့် ရက် ၉၀ ဆန်တစ်အိတ်လျှင်ငွေကျပ် ၁၉၀၀၀ အထိ ကျဆင်းခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရသည်။ **ငြိမ်းငြိမ်း**

တောင်သူများအား မြေဆီလွှာစမ်းသပ်ကိရိယာများ ထောက်ပံ့ပြီး စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရေး ဆွေးနွေး

ခန္တီး မေ ၃

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ၏ ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနက နာဂဒေသအတွက် လိုအပ်သော အစေ့ထုတ်ပြောင်း မျိုးကောင်းမျိုးသန့်များနှင့် မြေဆီလွှာစမ်းသပ်ကိရိယာများ၊ လယ်ယာစီးပွားဂျာနယ်နှင့် လက်ကမ်းစာစောင်များကို နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်အတွင်းမှ ဒေသခံတောင်သူများထံသို့ မေ ၃ ရက်က ပေးအပ်ခဲ့ကာ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရေး အသိပညာပေး ဆွေးနွေးပွဲကိုလည်း ပြုလုပ်ခဲ့သည်။

လဟယ်မြို့မာလာတောင်အားကစားခန်းမ၌ ကျင်းပသည့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကေဆိုင်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကယ်က လဟယ်မြို့နယ်အတွင်း စိုက်ပျိုးရေးကဏ္ဍများအကြောင်းကို ရှင်းလင်းပြောကြားကာ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး(၁) ဦးအောင်မျိုးဦးက စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရေးအတွက် ဆောင်ရွက် ရမည့် အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ဒုတိယညွှန်ကြား ရေးမှူးနှင့် တာဝန်ရှိသူများက ဧက ၁၀၀ စာ မျိုးကောင်းမျိုးသန့် အစေ့ထုတ်ပြောင်း မျိုးစေ့များ၊ လယ်ယာစိုက်ပျိုး သတင်းဂျာနယ်များ၊ လက်ကမ်းစာစောင်များနှင့် မြေဆီလွှာဓာတ်ခွဲကိရိယာများကို ဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများထံ ထောက်ပံ့ ပေးအပ်ခဲ့သည်။

ဆက်လက်၍ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲကို ကျင်းပရာ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး(၂) ဦးထွန်းရှိန်က ကော်ဖီနှင့် စက်မှုသီးနှံပင်များအကြောင်း၊ တိုင်း ဒေသကြီး မြေအသုံးချမှုတာဝန်ခံ၊ သီးနှံကာကွယ်ရေးတာဝန်ခံနှင့် လဟယ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးတို့က မြေအသုံးချမှု၊ သီးနှံကာကွယ်ရေး၊ စပါးနှင့် လက်ဖက်ပင်များ စိုက်ပျိုးမှုအကြောင်း စသည်တို့ကို ဆွေးနွေးခဲ့ကြပြီး တောင်သူများက သိရှိလို သည်များကို မေးမြန်းကာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ ဆွေးနွေးပွဲအပြီးတွင် ဒေသခံတောင်သူများအား EM ဘိုကာရှီ မြေဆွေး ပြုလုပ်နည်းကို စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများက လက်တွေ့သရုပ်ပြ သင်ကြားပြသခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

ညောင်လေးပင်မြို့နယ်၌ နွေရာသီ ရေပြတ်လပ်မှုမရှိစေရေး ကွင်းဆင်းဆောင်ရွက်

ညောင်လေးပင် မေ ၃

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်းရှိ ကျေးရွာများ၌ နွေရာသီ ရေရှားပါးပြတ်လပ်မှု မရှိစေရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနော်မိုင်လုကြည်၊ မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးသန့်ဇင်မျိုးနှင့် ဝန်ထမ်းများ ပါဝင်သောအဖွဲ့က မေ ၂ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ညောင်လေးပင်မြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် နွေရာသီရောက်သည်နှင့် သောက်သုံးရေပြတ်လပ်မှုကို ကြုံတွေ့ရတတ်သောကြောင့် ထိုရွာများတွင် သောက်သုံးရေ ပြတ်လပ်မှုမရှိစေရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ရန်နှင့် ရေပြတ်လပ်မှုဖြစ်ပေါ်လာပါက ကျေးလက်နေပြည်သူများအနေဖြင့် တာဝန်ရှိသူများထံ ဆက်သွယ်ဆောင်ရွက်တတ်စေရန် ကွင်းဆင်းခဲ့ခြင်းဖြစ်ကြောင်း၊ ရေရှားပါးလေ့ရှိသော ငါးကြီးအိုင်ကျေးရွာနှင့် ဗမော်တောကျေးရွာတို့ရှိ သောက်သုံးရေကန်များတွင် နွေရာသီအတွက် သောက်သုံးရေ လုံလောက်စွာသုံးစွဲနိုင်ဖွယ်ရှိသည်ကို စစ်ဆေးတွေ့ရှိရကြောင်း၊ ထို့အပြင် အိမ်တိုင်းတွင် တုံကင်များရှိကြသဖြင့် သုံးရေလည်း လုံလောက်နိုင်ကြောင်း၊ ကျေးရွာနေပြည်သူများအား စိုးရိမ်ပူပန်မှုမရှိကြရန် တာဝန်ရှိသူများက အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

ထို့အပြင် သောက်သုံးရေ အရေးပေါ်လိုအပ်လာပါကလည်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်အကြောင်းကြားကြရန်နှင့် သောက်သုံးရေ လုံလောက်စွာသုံးစွဲနိုင်အောင် ဖြန့်ဝေပေးရန် စီစဉ်ပေးသွားမည်ဖြစ်ကြောင်းလည်း တာဝန်ရှိသူများက ဒေသခံပြည်သူများအား မှာကြားခဲ့သည်။

နေလင်း(ညောင်လေးပင်)

ကျေးရွာ သောက်သုံးရေကန်အတွင်း ရေခပ်နေသော ဒေသခံပြည်သူများ

အိန္ဒိယမှ ပဲတင်သွင်းခွင့်ပြုသည့်သတင်းကြောင့် ရန်ကုန်ပဲဈေးကွက်၌ သုံးရက်အတွင်း မတ်ပဲနှင့် ပဲတီစိမ်းများ ဈေးအတက်ကြမ်းနေ

ရန်ကုန် မေ ၃

မြန်မာနိုင်ငံ၏ အဓိက ပဲဝယ်လက်ဖြစ်သော အိန္ဒိယနိုင်ငံက ပြည်တွင်းသို့ ပဲတင်သွင်းခွင့်ကို နှစ်လကြာ ပိတ်ထားခဲ့ပြီးနောက် မတ် ၂၉ ရက်တွင်မှ အိန္ဒိယနိုင်ငံ၏ ဘတ်ဂျက်နှစ်သစ်အတွက် မတ်ပဲနှင့် ပဲတီစိမ်း တန်ချိန်တစ်သိန်းခွဲစီနှင့် ပဲစင်းငုံ တန်ချိန်နှစ်သိန်း တင်သွင်းမည်ဟု ကြေညာချက်ထုတ်ပြန်ခဲ့သည့် သတင်းများအရ ရန်ကုန်ပဲဈေးကွက်၌ ကုန်စည်ဒိုင်ဖွင့်ရက် သုံးရက်အတွင်း မတ်ပဲနှင့် ပဲတီစိမ်းဈေးနှုန်းများ အတက်ကြမ်းနေခဲ့ကြောင်း သိရသည်။

ရန်ကုန်ပဲဈေးကွက်တွင် မတ် ၂၉ ရက်က မတ်ပဲ (RC) တစ်တန်လျှင် ကျပ် ၆၈၀၀၀၀ နှုန်း၊ (SQ/RC) တစ်တန်လျှင် ကျပ် ၈၃၈၀၀၀ နှုန်းနှင့် ပဲစင်းငုံနီ(RC) တစ်တန်လျှင် ကျပ် ၇၆၁၀၀၀ နှုန်းရှိရာမှ မေ ၁ ရက်တွင် မတ်ပဲ(RC)တစ်တန်လျှင် ကျပ် ၇၄၀၀၀၀၊ (SQ/RC) တစ်တန်လျှင် ကျပ် ၈၈၅၀၀၀ နှင့် ပဲစင်းငုံနီ(RC) တစ်တန်လျှင် ကျပ် ၈၄၃၀၀၀ နှုန်း ရှိလာခဲ့ပြီး မတ်ပဲ (RC) တစ်တန်လျှင် ကျပ် ၅၂၀၀၀ ခန့် ဈေးပိုမြင့်လာသလို ပဲစင်းငုံ(RC) တစ်တန်လျှင် ကျပ် ၈၄၀၀၀ အထိ ဈေးပိုမြင့်လာခြင်းဖြစ်သည်။

ထို့အပြင် မေ ၂ ရက်တွင်လည်း မတ်ပဲ(RC) တစ်တန်လျှင် ကျပ် ၇၃၂၀၀၀၊ (SQ/RC) တစ်တန်လျှင် ကျပ် ၈၇၇၀၀၀ နှင့် ပဲစင်းငုံနီ(RC) တစ်တန်လျှင် ကျပ် ၈၂၅၀၀၀ ကျပ်နှုန်းဖြင့် ဈေးအမြင့်တွင် ဆက်ရှိနေကြောင်း သိရသည်။

၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်အထိ မြန်မာနိုင်ငံမှ ပြည်ပသို့ ပဲတင်ပို့မှုမှာ မတ်ပဲ ၃၃၈၆၃၃ ဒသမ ၈၁၆ တန် (တန်ဖိုး အမေရိကန်ဒေါ်လာ ၁၆၄ ဒသမ ၈၃၈ သန်း)နှင့် ပဲစင်းငုံ ၅၂၆၉၈ ဒသမ ၃၄၁ တန်(တန်ဖိုး အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၁၄၄ သန်း)ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ပြည်တွင်းစိုက်ပျိုးမှုအရ မတ်ပဲ တန်ချိန် လေးသိန်းဝန်းကျင်နှင့် ပဲစင်းငုံ တန်ချိန် သုံးသိန်းဝန်းကျင် ထွက်ရှိကာ ပြည်ပသို့ မတ်ပဲ တင်ပို့မှု၏ ၇၀ ရာခိုင်နှုန်းနှင့် ပဲစင်းငုံတင်ပို့မှု၏ ၉၅ ရာခိုင်နှုန်းမှာ အိန္ဒိယနိုင်ငံသို့ တင်ပို့နေခြင်းဖြစ်သည်။

ယခု မတ်လကုန်ပိုင်းတွင် အိန္ဒိယပြည်တွင်းသို့ ပဲမျိုးစုံ တန်ချိန်ငါးသိန်း တင်သွင်းခွင့်ပြုသည့် သတင်း ထုတ်ပြန်ချက်သည် မြန်မာနိုင်ငံအပြင် အခြားနိုင်ငံများပါ အကျုံးဝင်သော်လည်း မတ်ပဲကို အဓိကစိုက်ပျိုးနေသည့် နိုင်ငံများမှာ မြန်မာနှင့် အိန္ဒိယ နှစ်နိုင်ငံသာရှိသည့်အတွက် မြန်မာနိုင်ငံထွက် မတ်ပဲများကို အိန္ဒိယနိုင်ငံသို့ တင်သွင်းခွင့်ရလာနိုင်သည်။

ပဲစင်းငုံမှာလည်း ယခု အိန္ဒိယသို့ တင်သွင်းခွင့်ပြုထားသည့် တန်ချိန်မှာ မြန်မာနိုင်ငံမှထွက်ရှိနိုင်သော တန်ချိန်ထက်ပင် ပိုများနေသဖြင့် ပဲစင်းငုံကိုလည်း ပြည်ပသို့တင်ပို့ရန် အခွင့်အလမ်း ပိုမိုရရှိလာသည်။ ထို့ကြောင့် မြန်မာနိုင်ငံမှထွက်သည့် မတ်ပဲနှင့် ပဲစင်းငုံ နှစ်မျိုးလုံးကို ပြည်ပသို့တင်ပို့ခွင့်ရရန် အခွင့်အလမ်း ပိုကောင်းလာလျက်ရှိသော်လည်း ဈေးနှုန်းအပြောင်းအလဲကိုမူ ခန့်မှန်းမရနိုင်သေးဟု ပဲလုပ်ငန်းလုပ်ကိုင်သူအချို့က သုံးသပ်ပြောကြားထားသည်။

ခင်ဆိုင်

စစ်ကိုင်း ရွှေမင်းဝံ အဆင့်မြင့်နှစ်ထပ်ဈေးသစ်ကြီးတည်ဆောက်မှု ၇၅ ရာခိုင်နှုန်းပြီးစီး

ဆောက်လုပ်မှု ၇၅ ရာခိုင်နှုန်း ပြီးစီးနေသော ရွှေမင်းဝံ အဆင့်မြင့်နှစ်ထပ်ဈေးသစ်ကြီး

စစ်ကိုင်း မေ ၃

စစ်ကိုင်းမြို့ ရွှေမင်းဝံရပ်ကွက်အတွင်း အသစ် တည်ဆောက်နေသော ရွှေမင်းဝံ အဆင့်မြင့် နှစ်ထပ်ဈေးသစ်ကြီး၏ တည်ဆောက်မှုလုပ်ငန်းများမှာ လက်ရှိအချိန်တွင် ၇၅ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးကော်မတီမှ သိရသည်။

အဆိုပါ ရွှေမင်းဝံ အဆင့်မြင့် နှစ်ထပ်ဈေးသစ်ကြီးကို ၂၀၁၈ ဇွန်လဆန်းက ပန္နက်တင်ပြီး စတင်တည်ဆောက်ခဲ့ရာ လက်ရှိတွင် ၇၅ ရာခိုင်နှုန်း ပြီးစီး၍ ယခုနှစ် မေလ ၁ ရက်နေ့တွင် ဖွင့်လှစ်နိုင်ရန် ရည်မှန်းထားကြောင်း စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းနိုင်က ပြောကြားသည်။ "ဈေးဆိုင်ခန်းတွေက နည်းနည်းကျန်သေးတယ်၊ အပေါ်ထပ်၊ အောက်ထပ်က ဈေးဆိုင်ခန်း နည်းနည်းစီကျန်ပြီး အမိုးပါ အကာမဲ့ ဈေးဆိုင်ခန်းတွေကတော့ အကုန် ရောင်းကုန်ပါပြီ"ဟု ၎င်းက ပြောသည်။

ယခု အသစ်ဆောက်လုပ်သည့် ရွှေမင်းဝံ အဆင့်မြင့် နှစ်ထပ်ဈေးသစ်ကြီးသည် ယူပုံသဏ္ဌာန် ရှိမည်ဖြစ်ပြီး အခန်းပေါင်း ၂၂၂ ခန်း ပါဝင်ကာ ဆိုင်ခန်းဈေးနှုန်းများ အနေဖြင့် ကျပ်သိန်း ၂၀၀၊ သိန်း ၁၅၀၊ ၇၅ သိန်းနှင့် အမိုးပါ အကာမဲ့ ဆိုင်ခန်းတစ်ခန်းလျှင် ကျပ် ၁၅ သိန်းဖြင့် ရောင်းချပေးခဲ့ကြောင်း၊ ရောင်းချရာတွင် လက်ရှိရောင်းချနေသည့် ဈေးသည်များကို ဦးစားပေး၍ အရစ်ကျစနစ်ဖြင့် ရောင်းချပေးခဲ့ကြောင်း စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးကော်မတီမှ သိရသည်။

ကိုမင်း(အင်းတော်)

တာချီလိတ်မြို့၌ အာဖရိက ဝက်အပြင်းဖျားရောဂါကာကွယ်ရေး ကြိုတင်ဆောင်ရွက်နေ

တာချီလိတ် မတ် ၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်အတွင်းရှိ စီးပွားဖြစ် ဝက်မွေးမြူရေးခြံများနှင့် တစ်ပိုင်တစ်နိုင် ဝက်မွေးမြူရေးခြံများတွင် အာဖရိက ဝက်အပြင်းဖျားရောဂါ မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ဝက်ခြံပိုင်ရှင်များနှင့် စည်ပင်သာယာရေးဌာနတို့ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

ဝက်ခြံတစ်ခြံအတွင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တာဝန်ရှိသူများ လိုက်လံစစ်ဆေးနေစဉ်

လက်ရှိအချိန်အထိ တာချီလိတ်မြို့နယ်အတွင်း၌ အာဖရိက ဝက်အပြင်းဖျားရောဂါ သံသယဖြစ်ဖွယ် မတွေ့ရှိရသော်လည်း ကြိုတင်ကာကွယ်ရေးအဖြစ် ကာကွယ်ဆေးများ ပုံမှန်ထိုးနှံပေးခြင်း၊ ပုံမှန်စစ်ဆေးခြင်းအပြင် စီးပွားဖြစ် ဝက်မွေးမြူရေးခြံများတွင် ဇီဝလုံခြုံရေးလုပ်ငန်းစဉ်များကို စနစ်တကျ ဆောင်ရွက်ရန်၊ ပိုးသတ်ဆေးဖျန်းရန်၊ ခြံအဝင်/အထွက်ကို ထိန်းချုပ်ရန်၊ ပြင်ပမှ ဝက်နှင့် ဝက်ထွက်ပစ္စည်းများကို ခြံအတွင်းသို့ မသယ်ဆောင်ရန် စသည်တို့ကို အသိပညာပေးလျက်ရှိကြောင်း၊ ထို့အပြင် တစ်ပိုင်တစ်နိုင် မွေးမြူရေးသမားများအတွက်လည်း ခြံသန့်ရှင်းရေးကို စနစ်တကျလုပ်ရန်နှင့် ပြင်ပမှ စားကြွင်းစားကျန်များကို ယူပြီး ဝက်များကိုမကျွေးရန် အသိပညာပေးထားကြောင်း တာချီလိတ်ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

စိုင်းအောင်ဇော်လင်း

ကန်တော်ရိုးကုန်ထုတ်လမ်း ဂျင်းကျောက်ခင်းခြင်း ၅၀ ရာခိုင်နှုန်း ပြီးစီးနေ

ရွှေဘို မေ ၃

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ပလိုင်းကျေးရွာရှိ ကန်တော်ရိုးကုန်ထုတ်လမ်း အရှည် ပေ ၁၀၀၀၀ ကျော်တွင် ဂျင်းကျောက်ခင်းခြင်းလုပ်ငန်းများကို ရွှေဘိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရန်ပုံငွေ ကျပ် ၅၅ ဒသမ ၄ သန်းဖြင့် တင်ဒါအောင်မြင်သော အောင်ဖြိုးနေကုမ္ပဏီက ဖေဖော်ဝါရီ ၂၇ ရက်မှစ၍ ဆောင်ရွက်လျက်ရှိကြောင်းနှင့် မေ ၁ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ရာတွင် ၅၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဝင်းမြတ်သိန်းထံမှ သိရသည်။ အရှည် ပေ ၁၀၈၀၀ ရှိသည့် အဆိုပါ ကုန်ထုတ်လမ်း၌ အကျယ် ၁၂ ပေ ဂျင်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ပလိုင်းကျေးရွာရှိ စပါးစိုက်လယ်မြေ ၇၁၃ ဧကမှ ထွက်ရှိသည့် လယ်ယာထွက်ကုန်များကို မြို့ပြသို့ အလွယ်တကူ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်းနှင့် ကုမ္ပဏီမှဆောင်ရွက်နေသည့် လုပ်ငန်းများ အရည်အသွေးပြည့်မီရေးနှင့် အချိန်မီပြီးစီးရေးအတွက် ရွှေဘိုခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးကြပ်ဆောင်ရွက်နေကြောင်း သိရသည်။

ထွန်းမြင့်အောင်(ရွှေဘို)

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
မန္တလေးတိုင်းဒေသကြီး
မန္တလေးမြို့
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၁၉-၂၀၂၀ ပညာသင်နှစ် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မူလတန်းဆင့်သင် ကျောင်းသူ/ကျောင်းသားများကို တစ်ဦးလျှင် ဗလာစာအုပ်(၆)အုပ်နှုန်းဖြင့် အခမဲ့ဖြန့်ဝေရန်အတွက် ဗလာစာအုပ် (၂၃၀၂၅၄)ဒါဇင်ကို တင်ဒါ(အိတ်ဖွင့်)စနစ်ဖြင့် ဝယ်ယူလိုပါ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါများကို အောက်ပါအတိုင်း ရောင်းချပေးမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၂-၃၉၀၇၀၊ ၀၂-၃၃၇၈၄၊ ၀၂-၃၉၁၇၂ တို့သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

(က) ရောင်းချရက် - ၃-၄-၂၀၁၉ရက်
(ခ) တင်ဒါပိတ်မည့်ရက် - ၂-၅-၂၀၁၉ရက်
(ဂ) ရောင်းချမည့်နေရာ - မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံး

တင်ဒါကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ချင်းပြည်နယ်၊ ဟားခါးမြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအတွက် ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်အတွင်း ကျပ်သန်း(၁၀၀)အထက်အောက်ဖော်ပြပါ လုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) မတူပီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး (၁၂၀×၁၃၆×၄၀)ပေ RC သုံးထပ်ဆောက်လုပ်ခြင်း
(ခ) ဖလမ်းမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး(၁၀၀×၇၀×၄၄)ပေ RC သုံးထပ်ဆောက်လုပ်ခြင်း
(ဂ) ကျင်ဒွေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး (၅၀×၄၄×၂၅)ပေ RC နှစ်ထပ်ဆောက်လုပ်ခြင်း

၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၁၀-၄-၂၀၁၉ရက်တွင် စတင်ရောင်းချမည်ဖြစ်ပါသည်။ အိတ်ဖွင့်တင်ဒါများကို ၁၀-၄-၂၀၁၉ရက်မှ ၁၀-၅-၂၀၁၉ ရက်အတွင်း တင်ဒါကော်မတီ၊ ချင်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လိပ်မူတင်သွင်းကြရမည်ဖြစ်ပြီး တင်ဒါဖွင့်ဖောက်မည့်ရက်မှာ ၂၀-၅-၂၀၁၉ရက် နံနက် ၁၀နာရီဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၇၀-၂၂၃၉၉ သို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

တင်ဒါကော်မတီ

ပျောက်ဆုံးကြောင်း
ကျွန်တော် မောင်နေမျိုးရှိန် ၇/သနပ(နိုင်)၁၅၈၉၅၄(ဘ) ဦးဝင်းနိုင်၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ) သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၄၂၄၆၇၀၆

ပျောက်ဆုံးကြောင်း
ကျွန်တော် စောမိုးဇက်သိန်း ၂/လကန(နိုင်)၀၉၅၀၁၃၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၂၆၁၇၂၂

မွေးသက္ကရာဇ်အမှန်
ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကျိုက်ဒုံမြို့၊ လန်းဖားကျေးရွာနေ ဦးအောင်သိန်းကြည်၏သမီး နန်းမိဆူးခလိမ်း ၃/ကဒန(နိုင်) ၀၀၄၃၉၉ ၏ မွေးသက္ကရာဇ်၄-၁၀-၁၉၉၆ အစားတက္ကသိုလ်ဝင်တန်းအောင်လက်မှတ်အရမွေးသက္ကရာဇ်အမှန်မှာ၁၇-၁၁-၁၉၉၆ ဖြစ်ပါကြောင်း။

ပျောက်ဆုံးကြောင်း
ကျွန်တော် မောင်ဖန်း ၂/လကန(နိုင်)၀၈၆၅၆၀၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၂၆၁၇၂၂

ပျောက်ဆုံးကြောင်း
ကျွန်မ ဒေါ်နန်းခင် ၂/လကန(နိုင်)၀၅၈၁၆၀၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၂၆၁၇၂၂

ပျောက်ဆုံးကြောင်း
ကျွန်တော် မောင်အော်လီဗာ ၂/လကန(နိုင်)၀၆၂၀၈၆၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၂၆၁၇၂၂

ကန့်ကွက်နိုင်ပါကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ လိပ်ပွတ်ကျေးရွာ၊ ကွင်းအမှတ်(၅၆၅)၊ ဦးပိုင်အမှတ်(၇)၊ ဧရိယာ(၁ဒသမ၇၅)ရှိ ကျွန်ုပ်တရားဝင်ပိုင်ဆိုင်သည့် မြေကွက်ဖြစ်ပြီး မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခြင်း၊ ပေါင်နှံထားခြင်း၊ မေတ္တာဖြင့်ပေးကမ်းထားခြင်း၊ လှူဒါန်းထားခြင်း၊ အာမခံအဖြစ် တင်သွင်းထားခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းထားခြင်းမရှိပါ။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကျွန်ုပ်၏ ခွင့်ပြုချက်မရှိဘဲ စီမံဆောင်ရွက်ပါက ဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။ ကျွန်ုပ်ကိုယ်စား ဒေါက်တာခင်မောင်ညို ၆/တသရ(နိုင်)၀၁၂၄၄အား တရားဝင်ကိုယ်စားလှယ်အဖြစ် လွှဲပြောင်းထားပါသည်။

ဦးကျော်ရှိန် ၆/မအရ(နိုင်)၀၀၅၆၉၃
အမှတ်(၈၆)၊ ပထမထပ်၊ အုန်းပင်လမ်း၊ ဈေးကြီးအရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၇၉၆၁၂၉၁၂၁

ကန့်ကွက်နိုင်ပါကြောင်း
ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅/င ညောင်တုန်း၊ မြေကွက်အမှတ် ၈၇၊ ဧရိယာ ၀ဒသမ၃၃၉၈ဧက တစ်စိတ်တစ်ဒေသ မြေကွက်တည်နေရာအမှတ် ၅၃၃၊ မမဦးလမ်းသွယ်၊ ကြို့ကုန်းအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ မသိန်းအမည်ပေါက် B လ/န-၃၉(စိုက်ပျိုးရေးသုတေသနစခန်းမြေအဖြစ်အသုံးပြုရန်သတ်မှတ်မြေအား အင်းစိန်မြို့နယ်တရားရုံး)၊ တရားမကြီးမှု အမှတ် ၉၆/၂၀၁၈ဖြင့် ပဋိညာဉ်အတိုင်း မြေနှင့်အိမ်အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေလိုမှု၏ ၂၄-၁-၂၀၁၉ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီ တရားမဇာရီမှုအမှတ် ၅/၂၀၁၉ဖြင့် ဘီလစ်ခန့်အပ်ကြောင်း အချိန်ချမှတ်လိုက်သည့် ၆-၂-၂၀၁၉ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်းနှင့် ထုံးပုံကျအပြီးသတ်အမိန့်ဘီလစ်ခန့်အပ်ကြောင်း အကြောင်းကြားစာတို့တင်ပြ၍ ဘီလစ်ဒေါ်မိုးမိုးအေး ၁၂/အစန(နိုင်) ၁၂၂၁၈၄ မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဌာနမှူး(ကိုယ်စား)**

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(၄၈)ကြိမ်မြောက် မင်္ဂလာနှစ်ပတ်လည်ဆုတောင်း

၄-၄-၂၀၁၉ရက်မှာကျရောက်တဲ့ ကျေးဇူးရှင် ဖေဖေ ဦးမြင့်ကြည်နှင့် မေမေ ဒေါ်မကြီးတို့၏ (၄၈)ကြိမ်မြောက် မင်္ဂလာနှစ်ပတ်လည်မှသည် ရာပြည့်မင်္ဂလာနှစ်ပတ်လည်တိုင် ချစ်သောသားသမီးမြေး၊ မြစ်တို့နှင့်အတူ ကျန်းမာရွှင်လန်းပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ချစ်သားများ - ဦးကျော်မျိုးထွန်း (ညွှန်ကြားရေးမှူး၊ မြို့ပြ)
တံတားဦးစီးဌာန-ဒေါ်စောနီလာမောင်
- ဦးမျိုးမင်းကြည်(MD,Leads Facade Co.,Ltd)-
ဒေါ်ဇင်မာဝင်း(Planning Engineer,Singapore)
- ဒုတိယဗိုလ်မှူးကြီးတိုးနိုင်ထက်-ဒေါက်တာယမင်းနိုင်

ချစ်မြေးများ - မေကျော်၊ ရှင်းခန့်၊ သူရကျော်၊ ပိုင်ဇင်၊ သန့်တည်ကြည်

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 2E/6064,Nissan Aflas HR69,Light Truck(4×2) ယာဉ်လက်ဝယ်ရှိသူဦးနိုင်ညွန့်၁၂/လမန(နိုင်)၀၀၀၁၃၉က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၆ယ/၉၈၀၉၂ Kenbo125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းလှိုင် ၁၄/သပန(နိုင်)၁၀၂၂၇၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ တိုင်းရုံး (ပုသိမ်မြို့)

တစ်ဦးတည်းဖြစ်ပါကြောင်း
ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ သရက်ကုန်းကျေးရွာ (အထက)မှ မဖြူဖြူအောင်နှင့် မဇင်မာအောင်တို့၏ဖခင် ဦးကျော်နိုင် ၇/ကဝန(နိုင်)၁၀၃၈၂၈ နှင့် ဦးကျော်နိုင်လင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးကျော်နိုင်(ခ)ဦးကျော်နိုင်လင်း

မိဘအမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ဖလေး(အထက) တက္ကသိုလ်ဝင်တန်းမှ မနှင်းနှင်းဝေ ၇/ကဝန(နိုင်)၂၂၁၉၈၇ ၏ မိဘအမည်မှန်မှာ ဦးဇော် ၇/ကဝန(နိုင်)၁၇၆၆၈၁-ဒေါ်နီနီခိုင် ၇/ကဝန(နိုင်)၁၇၆၇၃၅ဖြစ်ပါကြောင်း။
ဦးဇော်-ဒေါ်နီနီခိုင်

ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 3L/6495 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊
ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 7L/1436 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသား သတိပေးကြေညာခြင်း
ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်တိုးချဲ့ (၃) ရပ်ကွက်၊ မြမဉ္ဇူလမ်း၊ အမှတ် (၃/၃၄၂) ရှိ မြန်မာဟိန်းရွှေ ကုမ္ပဏီလီမိတက် (ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၀၁၉၂၉၂၂၁) က လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်-၁၇၈၃၁ ဖြင့် မိမိတို့ကုမ္ပဏီ၏မူပိုင်အဖြစ် တရားဝင်မှတ်ပုံတင်သွင်းထားပြီး ဖြစ်ပါသည်။

HEIN SHWE

မှတ်ပုံတင်အမှတ်-၁၇၈၃၁

အထက်ဖော်ပြပါ ကပ်နှိပ်ဖော်ပြထားသော "HEIN SHWE" ဟူသော စက်သုံးဆီဆိုင် အမှတ်တံဆိပ်အမှတ်အသားကို မိမိတို့ကုမ္ပဏီမှ ၎င်းစက်သုံးဆီအမျိုးမျိုးကို ပြည်ပမှ မှာယူတင်သွင်း၍ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် ဆိုင်ခွဲများဖွင့်လှစ်ကာ ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။ သို့ဖြစ်၍ မိမိတို့ကုမ္ပဏီ၏မူပိုင်အဖြစ် အသုံးပြုလျက်ရှိသော အဆိုပါတံဆိပ်အမှတ်အသားကို မိမိတို့ကုမ္ပဏီမှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားဖြစ်အောင် တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အသုံးမပြုရန် သတိပေးတားမြစ်အပ်ပါသည်။

အဆိုပါတားမြစ်ချက်ကို လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်ဇင်မာထွန်း	ဦးထွန်းလင်းကျော်
(LL.B, D.B.L)	(LL.B, D.B.L)
စဉ်-၁၀၀၇၃	စဉ်-၁၃၀၁၅
တရားလွှတ်တော်ရှေ့နေ	တရားလွှတ်တော်ရှေ့နေ

အင်းစိန်ရှေ့နေအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။
ဖုန်း-၀၉ ၄၄၈၀၀၈၇၁၆

အမည်ပြောင်း
တပ်ကြပ်ကျော်ကျော်ဆန်း ၇/ပခန(နိုင်)၂၆၂၈၆၄ ၏သမီး မယမင်းအိမ်အား မအိမ့်မိုမိုထွန်းဟု ပြောင်းလဲခေါ်ပါရန်။

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
ဇန်းမော်မြို့နယ်တရားရုံးတော်
၂၀၁၈ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၇

ဒေါ်သီတာစန်း နှင့် ဒေါ်စန်းဦး
တရားလို **တရားပြိုင်**

ကချင်ပြည်နယ်၊ ဇန်းမော်မြို့၊ ဟန်းတဲရပ်ကွက်၊ အမှတ်(ဟတ-၁၁၇၅)နေ ဒေါ်စန်းဦး (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ ဒေါ်သီတာစန်းကထည့်ဝင်ထားသည့် စုကြေးငွေ၁၃၅၀၀၀၀ိ/(ဆယ့်သုံးသိန်းငါးသောင်းကျပ်)ရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၉ခုနှစ်၊ ဧပြီ ၁၁ရက် (၁၃၈၀ပြည့်နှစ်၊ တန်ခူးလဆန်း ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင်ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၁၉ခုနှစ် မတ် ၂၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(နေမင်းစိုး)
တွဲဖက်မြို့နယ်တရားသူကြီး
ဇန်းမော်မြို့နယ်တရားရုံး

ကုန်အမှတ်တံဆိပ်အသိပေးကြေညာချက်
အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားသည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ထွန်းပပ (၁၂/သဃက (နိုင်) ဝ၆၃၆၀၂) က ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် (၁၇၅၇၉/၂၀၁၉) ဖြင့် (၁၂-၃-၂၀၁၉) နေ့တွင် မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။ အဆိုပါ ကုန်အမှတ်တံဆိပ် အမည်ကို အသုံးပြု၍ ပွင့်ဖြူ စားသောက်ဆိုင် PWINT PHYU Restaurant အမည်ဖြင့် စားသောက်ဆိုင် လုပ်ငန်းများ ဖွင့်လှစ်ရောင်းချသွားမည် ဖြစ်ပါသည်။

(၁၇၅၇၉/၂၀၁၉)

ပွင့်ဖြူ စားသောက်ဆိုင်
PWINT PHYU Restaurant

အထက်ပါ PWINT PHYU Restaurant ကုန်အမှတ်တံဆိပ်အမည်နှင့် ပတ်သက်၍ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ ကုန်အမှတ်တံဆိပ် တစ်ခုလုံးကိုဖြစ်စေ တစ်စိတ်တစ်ဒေသကိုဖြစ်စေ တိုက်ရိုက် သော်လည်းကောင်း၊သွယ်ဝိုက်၍သော်လည်းကောင်း ပုံတူပုံမှား ထင်ယောင်ထင်မှား၊ သံတူကြောင်းကွဲ မြန်မာအင်္ဂလိပ် အမိပ္ပါယ်တူ ဆင်တူယိုးမှား တုပသုံးစွဲခြင်းမပြုရန်နှင့် တုပသုံးစွဲနေသည်ကို တွေ့မြင်ကြားသိရပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး	ဦးထိန်လင်းသန်း
LL.B, D.B.L, D.I.L.,	LL.B, D.B.L, D.I.L, D.M.L,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)	တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂)

Hein Htet San Law Firm ဖုန်း- ၀၉၅၅၀၆၁၄၆၊ ၀၉၅၅၀၄၂၆၅

တစ်ဦးတည်းဖြစ်ပါကြောင်း
တပ်ကုန်းမြို့နယ်၊ အလက(သပြေချောင်း)တွင် တာဝန်ထမ်းဆောင်နေသော အလယ်တန်းပြဆရာမ ဒေါ်မြမြနွယ်၏ ဖခင်အမည်မှာ ဦးစံငြိမ်းနှင့် ဦးစံညိမ်း ၈/ရစက(နိုင်)၀၄၂၈၀၂ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

မွေးသက္ကရာဇ်အမှန်
ပေါက်တောမြို့၊ အနောက်ပိုင်းရပ်ကွက်နေ ဦးထွန်းသာစိန်၏သမီး မသင်းသင်းအိ ၁၁/ပတန(နိုင်) ၀၇၈၁၅၈ ၏ မွေးသက္ကရာဇ်အမှန်မှာ ၃-၃-၁၉၉၈ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
မိတ္ထီလာမြို့နယ် မုန်တိုင် (အထကခွဲ) မှန၀မတန်းဖြေဆိုထားသည့် မောင်ရဲထွန်းအောင်၏ ဖခင်အမည်မှန်မှာ ဦးအေးလွင် ၉/မထလ(နိုင်)၀၆၀၅၄၇ ဖြစ်ပါကြောင်း။
ဦးအေးလွင်

ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ ရှောက်တောအထက နဝမတန်း(C)မှ မောင်ဇင်ကို၏ဖခင်အမည်မှန်မှာ ဦးညွန့်တင် ၈/စလန(နိုင်) ၀၉၆၈၁၁ ဖြစ်ပါကြောင်း။
ဦးညွန့်တင်

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၉ယ/၂၄၆၈၈ Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မြတ်မူ ၆/မအရ(နိုင်)၀၀၂၀၄၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (မြိတ်)

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် HH/1364 Toyota Succeed NCP 51, S/W(4×2) ယာဉ်လက်ဝယ်ရှိသူ ဦးညီညီလွင် ၇/ညလပ(နိုင်)၀၆၅၉၅၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လို ပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး
(ရန်ကုန်မြောက်ပိုင်း)အင်းစိန်မြို့နယ်

လှိုက်လှဲဝမ်းသာစွာဖြင့်ကျေးဇူးတင်ရှိခြင်း

(၃၀.၃.၂၀၁၉) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော မြန်မာနိုင်ငံ၏ ပထမဆုံးနှင့်အကြီးမားဆုံး ဆောက်လုပ်ရေးနှင့်အိမ်အသုံးအဆောင်ပစ္စည်းအရောင်းစင်တာ တစ်ခုဖြစ်သည့် PRO 1 Global Home Center ၏ သတ္တမမြောက် အေးသာယာ အရောင်းစင်တာကြီး ဖွင့်ပွဲအခမ်းအနားအား အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ပါသဖြင့် ကြွရောက်ချီးမြှင့်ပေးပါသော ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်၊ စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိုင်းမှူး ဗိုလ်မှူးချုပ်ဦးဝင်းဇော်မိုး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဦးဝင်းမြင့်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်စံလွင်၊ ကမ္ဘောဇဘဏ်၏ နာယကကြီး ဦးအောင်ကိုဝင်း၊ Siam Global House Public Company Limited မှ Chief Executive Officer Mr.Witoon Suriyawanakul ၊ SCG Cement-Building Materials Company Limited မှ Vice President Of Regional Business Mr. Paramate Nisagornsen ၊ Farmer Phoyarzar Group of Companies ၏ ဥက္ကဋ္ဌ ဦးမောင်မောင်တင်၊ DBS Bank၊ OCBC Bank၊ Bangkok Bank၊ ကမ္ဘောဇဘဏ်၊ ရောဂတီဘဏ်၊ ရောမြန်မာအာမခံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်း(SSSCCI)၊ ပြည်တွင်းပြည်ပမှလာရောက်ကြသောSupplierများ၊ ဖွင့်ပွဲအားတက်ရောက်လာကြသော အထူးဧည့်သည်တော်ကြီးများ၊ အခမ်းအနားသို့တက်ရောက်ချီးမြှင့်ပေးပါသောရှမ်းပြည်နယ်မှ ဧည့်သည်တော်များ၊ တီးခတ်သီဆိုဖျော်ဖြေပေးပါသောအနုပညာရှင်များ၊ မှတ်တမ်းတင်ဗီဒီယိုရိုက်ကူးပေးသော မီဒီယာအသီးသီးမှသတင်းထောက်များ၊ အဖက်ဖက်မှပိုင်းဝန်းကူညီကြသော PRO 1 Global Home Center ဝန်ထမ်းများနှင့် မိတ်ဖက် ကုမ္ပဏီ၏ဝန်ထမ်းများအားလုံးကိုအထူးပင် လှိုက်လှဲဝမ်းသာစွာကျေးဇူးတင်ရှိပါကြောင်း နှင့် နှစ်သစ်မှာ "အတူတကွကြီးပွားတိုးတက်ပါစေကြောင်း " နှစ်သစ်ဆုမွန်ကောင်းနဲ့အတူ PRO 1 Global Home Center မိသားစုမှ ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

PRO 1 Global Company Limited
BOD အဖွဲ့နှင့် ဝန်ထမ်းများ

အမည်မှန်

လှိုင်းတွဲမြို့နယ်၊အထက(ခွဲ)ကမော့ကချူးကျောင်းမှ နဝမတန်းအောင် (အဘ) ဦးစောကျော်ကျော်ထွေး (၃/လဘန(နိုင်)၀၈၇၃၃၃)၏ သား စောဒိနယ်ထူး အမည်မှန်မှာ စောဒိနယ်ထွန်း (၃/လဘန(နိုင်)၁၉၀၇၉၇) ဖြစ်ပါကြောင်း

စောဒိနယ်ထွန်း

ကန့်ကွက်နိုင်ပါကြောင်း

ကန်ကြီးထောင့်မြို့နယ်၊ အပင်နှစ်ဆယ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၆၈)၊ အပင်နှစ်ဆယ်ကွင်း၊ ဦးပိုင်အမှတ်(၅၆/၅)၊ ဧရိယာ ၀ဒသမ ၁၄ဧကရှိမြေကို ပုသိမ်မြို့ (၂) ရပ်ကွက်၊ ကန်လမ်းနေ ဦးအေးမောင်၏သမီး ဒေါ်ခင်မိုးမြင့် ၁၄/ပသန(နိုင်)၀၁၄၂၄၆ အမည်ဖြင့် မြေငှားဂရန်လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများယူဆောင်၍ ကန်ကြီးထောင့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကန်ကြီးထောင့်မြို့နယ်**

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2N/9673 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ တိုင်းရုံး(ပဲခူး)**

အမည်မှန်

ဦးမျိုးမျိုး၏သား ကျောက်ဆည်မြို့၊ အထက(၂)၊ ဆဋ္ဌမတန်း(E)မှ မောင်ဇော်မျိုးဦး၏ အမည်မှန်မှာ မောင်ဇင်ပိုင်ဦး ၉/ကဆန (နိုင်) ၁၈၉၃၁၁ ဖြစ်ပါကြောင်း။

မောင်ဇင်ပိုင်ဦး

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၆ယ/၄၇၀၈၄ Suzuki Revo 110(M/C) ယာဉ်လက်ဝယ်ရှိသူ ဦးစောစာဟေဘလု ၁၄/ပသန(နိုင်) ၁၇၄၄၅၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းရုံး(ပုသိမ်မြို့)**

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀/ပေါင်းလောင်း-၁၊ ဦးလှမြင့်အမည်ပေါက် ဦးပိုင်အမှတ်(၂၄၅)၊ မြေကွက်အမှတ်(၄၄၇)၊ ပေ(၄၀×၆၀) မြေကွက်၊ ဧရိယာ ၀ဒသမ ၀၅၅ဧကရှိမြေကွက်အား ဒေါ်လှရီ (ဘ) ဦးချန်ထွန်း ၉/ပမန(နိုင်)၀၁၇၁၃၅မှ ပျဉ်းမနားမြို့ မြေတိုင်းချိန်ရေးကော်မတီ၏ အိမ်ပိုင်းတန်ဖိုးငွေသွင်းပြေစာ၊ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ ကိုယ်တိုင်ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း(မူရင်း) များတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများ ခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၈၇လမ်း၊ အမှတ် ၃၉(သုံးလွှာ)နေ ကျွန်တော် ဦးကျော်ဝင်းစိုး S/OKA-၀၃၂၈၂၈ မှ ဝယ်ယူထားသော ရန်ကုန်မြို့၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ အမှတ်(၁၀၄)တွင် ဆောက်လုပ်ထားသော Sanchaung Garden Residence အခန်းအမှတ် M122 ၏ အရောင်းအဝယ်စာချုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိသူများ အောက်ဖော်ပြပါနေရပ်လိပ်စာသို့ ဆက်သွယ်အကြောင်းကြားပေးပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျော်ဝင်းစိုး S/OKA-၀၃၂၈၂၈
အမှတ် ၃၉(သုံးလွှာ)၊ ၈၇လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့

ဖခင်အမည်မှန်

ဦးသိန်းဝင်း၏သမီး သံဖြူဇရပ်မြို့နယ်၊ ထင်းရှူးကျေးရွာ အထက သတ္တမတန်းဖြေဆိုပြီးသူ မတင်တင်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးမျိုးဝင်း ၁၀/သဖရ(နိုင်)၀၉၀၁၅၄ ဖြစ်ပါကြောင်း။

ပျောက်ဆုံးကြောင်း

ကျွန်မ မေဇင်စိုး (ဘ) ဦးညွန့်တင် ၉/တကန(နိုင်)၁၉၉၆၅၄၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၀၅၅၁၆၈၅**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၅ယ/၁၈၀၆၃ Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းဝင်း ၁၄/သပန(နိုင်)၀၄၇၇၂၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းရုံး(ပုသိမ်မြို့)**

ဖခင်အမည်မှန်

ရမည်းသင်းမြို့နယ်၊ ပွဲဆည်အုပ်စု၊ ပင်စု(တောင်ရွာ) အလက(ခွဲ) အဋ္ဌမတန်းမှ မဖြူလဲ၏ဖခင် ဦးချစ်ပြား၏ အမည်မှန်မှာ ဦးဇော် ၉/ရမလ(နိုင်) ၁၂၃၄၅၅ ဖြစ်ပါကြောင်း။ **ဦးဇော်**

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မောင်သက် (ဘ) စံရွှေ ၉/လဝန(နိုင်)၁၅၅၆၈၃ ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၀၅၅၁၆၈၅

သတိပေးတားမြစ်ခြင်း

ကျွန်ုပ်တို့မိတ်ဆွေဖြစ်သော ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ခရပ်ကွက်၊ ယုဝလမ်း၊ အမှတ် ၄ တွင် နေထိုင်သူ ဦးဇော်ဝင်း(ခ)မော်လဝီအီဒရစ် ၁၂/သဃက(နိုင်)၁၈၄၃၃၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးတားမြစ်ပါသည်။

၁။ ကျွန်ုပ်တို့မိတ်ဆွေသည် အထက်ဖော်ပြပါလိပ်စာ၌ မေတ္တာ၊ စေတနာ၊ ကရုဏာ(မန်းခန်း)အမည်ဖြင့် ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံတို့ကို လူတန်းစားခွဲခြားခြင်းမရှိဘဲ၊ အခကြေးငွေရယူခြင်းမရှိဘဲ မေတ္တာစေတနာသက်သက်ဖြင့် လူပုဂ္ဂိုလ်အသီးသီးတို့၏ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးအခက်အခဲများကို ကောင်းသောဂုဏ်သတင်းဖြင့် ကုသပေးလျက်ရှိသူတစ်ဦး ဖြစ်ပါသည်။

၂။ ယခုအခါ ကျွန်ုပ်တို့မိတ်ဆွေ၏ ကောင်းသောဂုဏ်သတင်းကို မလိုလားသူတချို့က Facebook လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ကျွန်ုပ်တို့မိတ်ဆွေ၏ ဂုဏ်သိက္ခာကိုကျဆင်းစေရန် တမင်ရည်ရွယ်ကြံဆောင်ပြီး Postများ၊ Statusများ၊ Commentများရေးသားခြင်းနှင့် လူမှုပတ်ဝန်းကျင်တွင် အများသူငှာယုံကြည်မှုကျဆင်းစေရန် ပြုမူပြောဆိုဆောင်ရွက်လာကြောင်း မြင်တွေ့ကြားသိရပါသည်။

၃။ ထိုသို့ရေးသားပြုမူသူများကို သတိပေးတားမြစ်လိုသည်မှာ-

(က) Facebook လူမှုကွန်ရက်စာမျက်နှာပေါ်၌ ကျွန်ုပ်တို့မိတ်ဆွေ၏ ဂုဏ်သိက္ခာကိုကျဆင်းစေရန် ဆောင်ရွက်ခြင်းသည် ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ)ပါ ပြဋ္ဌာန်းချက်ကို ကျူးလွန်ရာရောက်စေပါကြောင်း။

(ခ) ကျွန်ုပ်တို့မိတ်ဆွေ၏ ပြုမူဆောင်ရွက်ချက်ကြောင့် တစ်စုံတစ်ရာ ထိခိုက်ဆုံးရှုံးနစ်နာမှုရှိခဲ့ပါလျှင် ကျွန်ုပ်တို့မိတ်ဆွေကို ဥပဒေနှင့်အညီ တရားစွဲဆိုနိုင်ပါကြောင်း။

၄။ သို့ဖြစ်ပါ၍ ကျွန်ုပ်တို့မိတ်ဆွေ၏ ဂုဏ်သိက္ခာကိုကျဆင်းစေသည့် အပြုအမူ အရေးအသားများကို ချက်ချင်းပယ်ဖျက်ပေးရန်နှင့် နောက်နောင်ထိုသို့ ဆက်လက်ဆောင်ရွက်ခြင်းမပြုရန် သတိပေးတောင်းဆိုပါသည်။ လိုက်နာခြင်းမရှိပါက ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာပါသည်။

ညွှန်ကြားချက်အရ-

ဦးလှရွှေ LL.B	**ဦးအောင်ကျော်ထွန်း LL.B,LL.M**	**ဦးဝင်းမင်းလွင် LL.B**
စဉ်-၈၉၁၂	**စဉ်-၁၁၁၆၃**	**စဉ်-၁၃၃၅၅**

တရားလွှတ်တော်ရှေ့နေများ
36 Thrity Six Law Group
အမှတ်-၁၁၁/၁၁၃၊ ဒုတိယထပ်၊ ၃၆ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
ပန်းတောင်းမြို့နယ်တရားမရုံးတော်၌
၂၀၁၉ခုနှစ် တရားမကြီးမှုအမှတ် ၂၆

မခင်နှင်းဝေ **နှင့်** မောင်ကြည်ဦးချို
တရားလို **တရားပြိုင်**

ပန်းတောင်းမြို့၊ ဝန်လိုရပ်ကွက်နေ တရားပြိုင် မောင်ကြည်ဦးချို (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို မခင်နှင်းဝေက အကြင်လင်မယားအဖြစ်မှ ကွာရှင်းပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၉ခုနှစ်၊ ဧပြီ ၃၀ရက် (၁၃၈၀ပြည့်နှစ်၊ တန်ခူးလပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၉ခုနှစ်၊ ဧပြီ ၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ထွန်းထွန်းမြိုင်)
ဒုတိယမြို့နယ်တရားသူကြီး၊ ပန်းတောင်းမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂၊ မြေကွက်အမှတ် ၃၁၆/က၊ မြေကွက်တည်နေရာ အမှတ် ၃၁၆၊ ချမ်းမြေ့သာယာလမ်း၊ (၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးကျော်မြင့် ၁၂/ဥကတ(နိုင်)၀၂၈၁၁၄ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား ဦးကျော်မြင့် ၁၂/ဥကတ(နိုင်)၀၂၈၁၁၄ ကွယ်လွန်သဖြင့် ဒေါ်ကြည်အောင် ၁၂/ ဥကတ(နိုင်)၀၂၂၄၆၈ မှ ဇနီးဖြစ်ကြောင်းနှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ နှစ်စောင်၊ ဦးကျော်မြင့်၏ သေစာရင်း၊ သန်းခေါင်စာရင်း၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ပါဝါမူရင်း၊ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါရုပ်သိမ်းခြင်းမရှိသေးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ဒေါ်ကြည်အောင်ထံမှ GP အမှတ် ၁၄၂၃၁/၂-၁-၁၉ဖြင့် ကိုယ်စားလှယ်ရရှိသူ ဦးမင်းဇော် ၁၂/အလန(နိုင်)၀၀၃၆၄၂ မှ ပိုင်ဆိုင်အရောင်းမြေပုံကူး လျှောက်ထားခြင်းအား ကွင်းဆင်းစစ်ဆေးရာ အုတ်ကာ သွပ်မိုး တစ်ထပ်အိမ် လျှောက်သူနေထိုင်ပြီး ကွင်းဆင်းစစ်ဆေးချက်တွင် သိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့်GP ဦးမင်းဇော်၏ ပိုင်ဆိုင်အရောင်းမြေပုံကူး လျှောက်ထားခြင်းအား တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ကိုယ်စား)
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
Agriculture Development Support Project
ဈေးနှုန်းအဆိုပြုလွှာဖိတ်ခေါ်ခြင်း

၁။ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှကမ္ဘာ့ဘဏ်ချေးငွေဖြင့်ဆောင်ရွက်လျက်ရှိသောAgricultureDevelopment Support Project (ADSP) အတွက် အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာ (RFQ) များ ဖိတ်ခေါ်အပ်ပါသည်။

Reference No.	Description of Project
G 45	Laboratory Equipments (DOA LUD)
G 48	Machinery and Equipments (Tractor) (DAR)
G 56	Teaching & Learning Material (IWUMD)

၂။ အထက်ပါပစ္စည်းများဝယ်ယူခြင်းအတွက် World Bank Procurement Guideline ပါ စည်းမျဉ်း၊ စည်းကမ်းအတိုင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ ကြော်ငြာပါသည့်နေ့မှစ၍ ဈေးနှုန်းအဆိုပြုလွှာပုံစံ (RFQ) များကို E-mail No. tlwin4.irr@gmail.com သို့ မိမိတို့ တင်သွင်းလိုသော ပစ္စည်းနှင့် ဈေးနှုန်းအဆိုပြုလွှာ (Reference No.)ကို အတိအကျဖော်ပြပြီး ယှဉ်ပြိုင်မည့်ကုမ္ပဏီအမည်ဖြင့် ရုံးချိန်အတွင်း အခမဲ့ လျှောက်ထားတောင်းခံနိုင်ပါသည်။ (လာရောက်ဝယ်ယူရန်မလိုပါ။)

၄။ ဈေးနှုန်းအဆိုပြုလွှာ (RFQ) များကို (၂၄-၄-၂၀၁၉) ရက်နေ့၊ (၁၄:၀၀)နာရီ နောက်ဆုံးထားပြီး အောက်ဖော်ပြပါလိပ်စာသို့ လူကိုယ်တိုင်လာရောက် တင်သွင်းရမည်ဖြစ်ပါသည်။

လိပ်မူရန်
U Tint Lwin
Director (Procurement Branch)
Irrigation and Water Utilization Management Department
Office No. 43, Naypyitaw

Haskoning International B.V Company Limited (Branch Office)
Notice of Closure of Branch Office

It is hereby notified that in pursuance of Head Office's Board of Directors' Resolution dated March 26, 2019 the above Branch Office has been closed down with effect from March 31, 2019 since the existence of Branch Office was no more required in the Republic of the Union of Myanmar.

Notice to Creditors

The creditors of the above-named Branch Office are required to send their names, addresses and the particulars of their debts or claims and the names and addresses of their attorneys, if any, to the undersigned Liquidator in person or by their attorneys to come in and prove their debts or claims on or before May 6, 2019 or in default thereof they will be excluded from the settlement of such debts or claims.

Daw Thaung Mya Wai
LL.B, DA, DCA
Liquidator
Room No. (2D), Rose Condominium,
No. 182/194, 1st Floor, Botahtaung Pagoda Road,
Pazundaung Township, Yangon Region, Myanmar

ယနေ့ညဟောကြားမည့်ဆရာတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန မှ ကြီးမှူးကျင်းပသော

ထာဝရငြိမ်းချမ်းရေး ဓမ္မသဘင်

အရှင်ဆန္ဒာဓိက ရွှေပါရမီတောရဆရာတော်

ပထမကျော် ၊ သာသနဓဇဓမ္မာစရိယ၊ ဓမ္မကထိက မဟာဂန္ထဝါစကပဏ္ဍိတ ၊ မဟာသဒ္ဓမ္မဇောတိကဓဇ

၁၃၈၀-ခုနှစ် ၊ တပေါင်းလကွယ်

၄-၄-၂၀၁၉ (ကြာသပတေးနေ့) ည (၇ : ၃၀) နာရီ

တရားအလှူ ပေးလှူမည် ဖြစ်ပါ၍ တရားတော်နာ ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည် ။

နေရာ - ရွှေတိဂုံစေတီတော်မြတ်ကြီးခြေတော်ရင်း၊ ပြည်သူ့ဥယျာဉ်၊ ရန်ကုန်မြို့။

SKY NET BUDDHA CHANNEL / MRTV-4 MAHARBAWDI CHANNEL / FOR TUNE TV တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပေးသွားပါမည်။ ကြို/ ပို့မော်တော်ယာဉ်များ (အခမဲ့)စီစဉ်ပေးထားပါသည်။
အောက်ဖော်ပြပါဖုန်းနံပါတ်များကို ဆက်သွယ်အကူအညီတောင်းခံနိုင်ပါသည်။
ဦးအောင်အောင် - ၀၉၂၆၂၆၂၆၅၅၉ / ဦးအရှည်ကြီး - ၀၉-၄၄၃၁၈၇၅၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
ဝန်ကြီးရုံး

အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ Air Conditionerများကို DDP-NPW(Kyat)ဖြင့် ဝယ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါအား(၁၉-၄-၂၀၁၉)ရက် ၁၄:၀၀နာရီတွင် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန (www.moee.gov.mm)တွင် ဝင်ရောက်ကြည့်ရှု၍ အခမဲ့ download ဆွဲယူနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဝန်ကြီးရုံး
ဖုန်း -၀၆၇-၃၄၁၀၀၇၅၊ ၀၆၇-၃၄၁၀၂၀၉

ဆောက်လုပ်ရေးဝန်ကြီးဌာန
တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့ (၁၄)
(မော်လမြိုင်)

Open Tender ခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေနှင့် ပြည်နယ်ရန်ပုံငွေတို့ဖြင့် တံတားအထူးအဖွဲ့ (၁၄)၊ မော်လမြိုင်မှဆောင်ရွက်သည့် မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ကျိုက်မရော-စံပယ်ဂူ-ကော့ပနော လမ်းပေါ်ရှိ အတ္တရံမြစ်ကူး(စံပယ်ဂူ)တံတား တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများလုပ်ငန်းခွင်အရောက်ဝယ်ယူခြင်း၊ စက်ယာဉ်ယန္တရားငှားရမ်းခြင်းတို့ကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်။

အသေးစိတ်အချက်အလက်များ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို ၂၂-၄-၂၀၁၉ရက်မှ ၂-၅-၂၀၁၉ရက်အထိ ရုံးချိန်အတွင်း တံတားအထူးအဖွဲ့ (၁၄)ရုံး၊ မော်လမြိုင်မြို့တွင် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါသည်။

တံတားအထူးအဖွဲ့ (၁၄)	- ဖုန်း-၀၉-၄၄၉၀၀၀၈၀၆၊ ၀၉-၄၅၂၉၀၄၅၅၉
တင်ဒါပိတ်မည့်ရက်/အချိန်	- ၂၂-၄-၂၀၁၉ရက်၊ မွန်းတည့် ၁၂:၀၀
တင်ဒါဖွင့်မည့်ရက်/အချိန်	- ၃-၅-၂၀၁၉ရက် နံနက် ၁၀:၀၀
တင်ဒါစိစစ်ရွေးချယ်မည့်နေရာ	- ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့

တင်ဒါကော်မတီ
တံတားအထူးအဖွဲ့ (၁၄)၊ မော်လမြိုင်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ကျောက်ဆည်မြို့၊ ဆည်ထိပ်ထန်းတောရပ်၊ ဦးစံထွန်းပိုင်သော အကွက်အမှတ် (၂၉)၊ ဦးပိုင်အမှတ် (၁၆)၊ ဧရိယာ ၀ ဒသမ ၀၅၃ ဧကရှိ ရှေ့(၃၄)ပေ၊ နောက် (၃၈)ပေ၊ တောင်(၆၂)ပေ၊ မြောက် (၄၉)ပေ မြေပေါ်တွင် လူနေအိမ်ဆောက်လုပ်မည်ဖြစ်သဖြင့် ကန့်ကွက်လိုပါက ရက်ပေါင်း(၃၀)အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

ဦးစံထွန်း
၉/ကဆန(နိုင်)၀၂၅၇၁၄
ဖုန်း-၀၉-၇၉၇၆၀၆၁၃၅

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း လက်အောက်ရှိ ဖြူးချောင်းစက်ရုံအတွက် ဝယ်ယူထားသည့် 230/11kV, 25MVA, 3 Phase Main Transformer, Main Body (2 Sets) and Insulation Oil (2 Sets)စုစုပေါင်းတန်ချိန် ၁၀၉ဒသမ၅ တန်အား အလုံဓာတ်အားပေးစက်ရုံမှ ဖြူးချောင်းဓာတ်အားပေးစက်ရုံသို့ (၁၅၄ မိုင်ခန့်)သယ်ယူရန် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်-

၂။ ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) အား ချိတ်ပိတ်၍ Tender No. 55/EPGE/ သယ်ပို့/၂၀၁၈-၂၀၁၉ အား ၁၀-၄-၂၀၁၉ရက် မွန်းလွဲ ၁၄:၀၀နာရီ နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ဝန်ကြီးဌာနဝက်ဆိုဒ် (www.moee.gov.mm)တွင် Download ဆွဲယူနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ
ဖုန်း-၀၆၇-၈၁၀၄၂၇၈၊ ၀၆၇-၈၁၀၄၂၇၉

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
လူမှုဖူလုံရေးအဖွဲ့၊နေပြည်တော်

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လူမှုဖူလုံရေးအဖွဲ့ပိုင် ရန်ကုန်အလုပ်သမားဆေးရုံကြီးတွင် ဓာတ်ခွဲစမ်းသပ်မှုဝန်ဆောင်မှုလုပ်ငန်းကို (၂၄)နာရီ ဓာတ်ခွဲခန်းဖွင့်လှစ်၍ လုပ်ဆောင်နိုင်သောပုဂ္ဂလိကဓာတ်ခွဲခန်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။ အသေးစိတ်စုံစမ်းလိုပါက လူမှုဖူလုံရေးအဖွဲ့ရုံးချုပ်၊ ဆေးဌာန ဖုန်း-၀၆၇၃-၄၁၇၉၅၃၊ ၀၆၇၃-၄၁၇၉၁၈သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

(က)	**တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်**	- ၃-၄-၂၀၁၉ရက်မှ ၂-၅-၂၀၁၉ ရက်အထိ
(ခ)	**တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်ရက်**	- ၃-၅-၂၀၁၉ရက်

ဆေးဌာန
လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)
နေပြည်တော်

တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ ဘတ်(စ်)ကားမှတ်တိုင်များတွင် ဇုန်(B)အတွက် ခေတ် မီခရီးသည်နားခိုဆောင်(Bus Shelter)များ ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လိုသည့် ပြည်တွင်းကုမ္ပဏီများအား တင်ဒါခေါ်ယူမည်ဖြစ်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်များနှင့်လျှောက်လွှာပုံစံများကို ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ခန်းမ(ဒုတိယထပ်)၊ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)တွင် ရုံးချိန်အတွင်း ဝယ်ယူလျှောက်ထားနိုင်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)သို့ဖြစ်စေ၊ တယ်လီဖုန်းအမှတ် ၀၉-၅၁၀၃၂၅၀သို့ ဖြစ်စေ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက်	- ၃-၄-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့)
တင်ဒါပိတ်မည့်ရက်အချိန်	- ၂-၅-၂၀၁၉ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီ

တင်ဒါကော်မတီ
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရွှေကျောက်အိုင်ကုမ္ပဏီလီမိတက်
အစုရှယ်ယာရှင်များ အစည်းအဝေးဖိတ်ကြားစာ

ရွှေကျောက်အိုင်ကုမ္ပဏီလီမိတက်၏ ရှေ့လုပ်ဆောင်မည့် လုပ်ငန်းစဉ်များနှင့် အစုရှယ်ယာများ ထည့်ဝင်မှုဆိုင်ရာ ကိစ္စရပ်များအတွက် ညှိနှိုင်းအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် မပျက်မကွက် တက်ရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်အစီအစဉ်

နေ့ရက်	**- ၈-၄-၂၀၁၉ ရက် (တနင်္လာနေ့)**
အချိန်	**- နံနက် ၁၀:၀၀ နာရီမှ ၁၂:၀၀ နာရီထိ**
နေရာ	**- ရွှေကျောက်အိုင်ကုမ္ပဏီရုံးခန်း**

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဘောဂဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၂/ပေါင်းလောင်း-၂)၊ မြေကွက်အမှတ် (၄၆၇၅)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဦးဝင်း အမည်ပေါက် ပါမစ်မြေကွက်အား ဦးမင်းအောင် (ဘ)ဦးမြသန်း ၁၄/ကကန (နိုင်)၀၇၃၇၂၇မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ ကိုယ်တိုင်ကတိဝန်ခံချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ မြင်သာ(၄)လမ်း၊ အမှတ်(၁၇၇)နေ (ဦးဘလွန်း-ဒေါ်စိမ်းမြ)တို့၏သမီး၊ ညောင်လေးပင်မြို့နေ ဦးတင်စိုး-ဒေါ်စန်းစန်းမြင့်၊ ရန်ကုန်မြို့နေ ဦးဘုန်းကျော်-ဒေါ်စန်းချစ်၊ ဦးမျိုးဝေ-ဒေါ်အေးအေးသန်းတို့၏မိခင်၊ အသင်းဝင်ဒေါ်တင်ကြည်သည် ၂၈-၃-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ **ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်)**

ဝမ်းနည်းကြေကွဲခြင်း
ဦးတင်လှ (မင်းကင်း)၊ ကုန်သည်
အသက်(၇၀)

မင်းကင်းမြို့၊ (၂)ရပ်ကွက်၊ ဈေးတန်းလမ်း၊ အမှတ် ၁၅၁နေ ဒေါ်ခင်ဆွေဝင်း၏ခင်ပွန်း ဒေါ်ခိုင်ဇာသွယ်(ဘားမားတွင် ခုံလုပ်ငန်း)၊ ဒေါ်တင်ဇာလွင်(အလုပ်သမားဝန်ကြီးဌာန)၊ ဒေါ်ဟန်နီစိုး၊ ဦးကျော်သီဟ(ပါရီမြို့၊ မြန်မာသံရုံး)-ဒေါ်စိုးသန္တာလွင်(နိုင်ငံခြားရေးဝန်ကြီးဌာန)တို့၏ဖခင်သည် ၃၁-၃-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။
သံအမတ်ကြီး ဦးကျော်ဇေယျ၊ ဇနီး ဒေါ်မွန်မွန်စိုး မိသားစုနှင့်
ပါရီမြို့၊ မြန်မာသံရုံးဝန်ထမ်းမိသားစု

ဒေါ်နှင်းရီရီစိန်
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ ဇီဇဝါလမ်း၊ ငွေကြာရံရိပ်သာ၊ အမှတ်(၁၂)နေ (ဦးစိန်မောင်-ဒေါ်မြသင်)တို့၏သမီး၊ (ဦးမိန့်-ဒေါ်သိန်းညွန့်)တို့၏သမီးချွေးမ၊ ဦးခင်မောင်ဖြူ၏ချစ်လှစွာသောဇနီး၊ မဆွေဆွေလှိုင်-ကိုသန့်တို့၏မိခင်၊ ဒေါ်ရင်ရင်စိန်၊ ဦးစိန်လင်း-ဒေါ်သဇင်ဝင်း၊ ဦးစိန်မင်း-ဒေါ်မာလာထွန်း၊ ဒေါ်မြင့်မြင့်စိန်တို့၏အစ်မ၊ ဒေါက်တာကျော်ဇေယျမင်း၊ ကိုခိုင်မင်းထွန်း-ဒေါက်တာအေးပွင့်ဖြူ၊ ကိုရဲမြတ်မင်း၊ ကိုထက်မြက်ထူး-မသက်ဟန်နီ၊ ကိုကျော်ဇင်သန့်တို့၏ကြီးကြီး၊ မမှူးခေတ်မဒီ၏အဘွားသည် ၃-၄-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၀၀း၃၀နာရီတွင် ပါရမီဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၁၉ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၉-၄-၂၀၁၉ရက်(အင်္ဂါနေ့) နံနက် ၉နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5G/3419 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန(ရွှာသာကြီး)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7B/2078 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန(ရွှာသာကြီး)

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၂၊ မြေကွက်အမှတ်-၆၁၊ မြေကွက်တည်နေရာအမှတ်(၆၁)၊ စိမ်းလဲ့သာယာလမ်း၊ (၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ဦးခင်မောင်စန်း ၁၂/ရကန(နိုင်)၀၁၃၀၂၀ အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား ဂရန်အမည် ပေါက်ဦးခင်မောင်စန်း ၁၂/ရကန(နိုင်)၀၁၃၀၂၀ ကွယ်လွန်သဖြင့် ဒေါ်ရှုရိမ်(ခ)ဒေါ်ရီရီဝင်းသွယ် ၁၂/ရကန(နိုင်)၀၄၄၀၁၆မှ ဇနီးဖြစ်ကြောင်းနှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာနှစ်စောင်၊ ဦးခင်မောင်စန်း၏ သေစာရင်း၊ သန်းခေါင်စာရင်း၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ပိုင်ဆိုင်၊ အရောင်းမြေပုံကူးလျှောက်ထားခြင်းအား ကွင်းဆင်းစစ်ဆေးရာ ပျဉ်ကာ၊ သွပ်မိုး၊ တစ်ထပ်အိမ်တွင် လူနေထိုင်ခြင်းမရှိပါ။ ကွင်းဆင်းစစ်ဆေး စဉ်သော့ဖွင့်ပြ၍ ကွင်းဆင်းစစ်ဆေးခြင်းကို သိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ဒေါ်ရှုရိမ်(ခ)ဒေါ်ရီရီဝင်းသွယ်၏ပိုင်ဆိုင်၊ အရောင်းမြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင် လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေး ကြေညာအပ်ပါသည်။ **ဌာနမှူး(ကိုယ်စား)**
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ခရစ်တော်၌အိပ်ပျော်ခြင်း
ဆရာမကြီး ဒေါ်ခင်အေးမူ(Josephinc Pe Thwin)သန်လျင်
သူနာပြုဆရာမကြီး(မူစလင်ကုသိုလ်ဖြစ်ဆေးရုံ)
အသက်(၈၈)နှစ်

သန်လျင်မြို့၊ ပဲခူးစုရုံးတော်ရပ်ကွက်၊ အမှတ်(အေ/၂)၊ မင်းရဲကျော်စွာလမ်းနေ သိက္ခာတော်ရဆရာကြီး ဦးဖေသွင်(သန် လျင်ဖေသွင်)၏ချစ်လှစွာသောဇနီး၊ ဦးဌေးသွင် (C.E,RCL)-ဆရာမ ဒေါ်မရန်ကျီးလု၊ ဒေါ်ချယ်ရီမာလာသွင်တို့၏မိခင်၊ ဆရာမန်းဇော်ဝင်းထက်(Singapore Judson Baptist Church)-ဆရာမဇင်မာသွင်၊ ဦးခန့်ကျော်မိုး-ဒေါက်တာသစ္စာသွင်၊ ဦးစောဘွဲ့မှူး-ဒေါ်စန္ဒာသွင်တို့၏အဘွား၊ မြစ်ငါးယောက်တို့၏ဘွားဘွားကြီးသည် ၃-၄-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၅-၄-၂၀၁၉ ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် အထက်ပါနေအိမ်၌ ဝတ်ပြုဆုတောင်းပြီး သန်လျင်အမိုးနီခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဘုရား၊ သိမ်၊ ကျောင်းဒါယိကာမကြီး
ဒေါ်လှသိန်းကြည်(ခ)ဒေါ်စစ်မေ အသက်(၅၃)နှစ်

ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်နေ(ဦးမောင်စိန်အေး-ဒေါ်မစိန်ညွန့်)တို့၏သမီး၊ (ဦးမြင့်သိန်း)-ဒေါ်တင်တင်မိုးတို့၏သမီး ချွေးမ၊ (ဒေါ်အုန်းခင်-ဦးခိုင်ထွန်းဦး)၊ (ဒေါ်မခင်မြင့်-ဦးဖိုးစံ)၊ ဒေါ်လှအေးသိန်း-(ဦးတင်ရွှေ)၊ ဒေါ်လှအေးကြည်-ဦးမောင်ချမ်းမြ၊ (ဦးမောင်တင်ထွန်း)တို့၏ညီမ၊ (ဦးမောင်ကြီးချေ)၏အစ်မ၊ မမေရတနာစိုး၊ မောင်ခန့်နိုင်စိုးတို့၏မိခင်၊ တူ၊ တူမ ရှစ်ယောက်တို့၏အဒေါ်၊ ဦးစိုးမြင့်သူ၏ချစ်လှစွာသောဇနီးသည် ၂-၄-၂၀၁၉ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂း၀၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၄-၄-၂၀၁၉ရက် (ကြာသပတေးနေ့) မွန်းလွဲ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတောင်ရပ်ကွက်၊ ဈေးလမ်း၊ အမှတ် ၁၆၊ အခန်း(၅/A) နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး
ဒေါ်ခင်အေးမြင့် B.A(Geog) (မာလာမြိုင်ထိုးမုန့်)
အသက်(၅၃)နှစ်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အကွက်၆၄၀၊ ရွှေချည်ထိုးအရှေ့ရပ်နေ (ဦးမောင်မောင်လတ်-ဒေါ်ကျင်ရွှေ)တို့၏သမီး၊ ဗိုလ်ကြီးမောင်အေး(ငြိမ်း)-ဒေါ်တင်တင်ရီ]တို့၏သမီးချွေးမ၊ (ဦးမြင့်သိန်း-ဒေါ်ကြည်ကြည်နွဲ့)၊ ဦးမြင့်သန်း-ဒေါ်မေအုံးသီး၊ ဦးမြင့်သူ-(ဒေါ်ခင်စန်းရီ)၊ (ဦးခင်မောင်မြင့်-ဒေါ်ဖြူဖြူဆွေ)၊ ဦးစိုးမြင့်-ဒေါ်ခင်အုန်းမြင့်၊ ဦးမြင့်သောင်းတို့၏ညီမ၊ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ရဲမွန်တပ်မြို့နေ ဗိုလ်ကြီးရဲထွဋ်(ခ)ဝဏ္ဏအေး၏ချစ်လှစွာသောဇနီးသည် ၃၁-၃-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၁း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၄-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် အေးရိပ်ငြိမ်သုသာန်၌ အရိုးပြာအိုးကို ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်ပိုင်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊မြေကွက်အမှတ်(၄၃၆)၊မြေကွက်တည်နေရာအမှတ်(၄၃၆)၊ပိုးမိုးနှင်းလမ်း၊(၄၂)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ဒေါ်ဝင်းကြည်(B/RGN-၀၁၅၉၇၇)အမည်ပေါက်၊နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်ဒေါ်ဝင်းကြည်အားတရားပြိုင်ထားကာဦးဟိန်းထွဋ်စံ၊ဦးအောင်ဘုန်းသစ်စံ(ကွယ်လွန်သူဒေါ်ခင်မာညွန့်၏တရားဝင်ကိုယ်စားလှယ်)(၎င်းတို့၏အခွင့်ရကိုယ်စားလှယ်ဒေါ်ဌေးဌေးလှိုင်)တို့မှတရားလိုပြုလုပ်၍အရှေ့ပိုင်းခရိုင်တရားရုံး၏တရားမကြီးမှုအမှတ်-(၁၀၆/၂၀၁၈)၏(၂၆-၇-၁၈)ဖြင့်အရောင်းဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့်တရားစွဲဆိုခဲ့ခြင်းအပေါ်အနိုင်ဒီကရီရရှိသည့်စီရင်ချက်ဒီကရီနှင့်တရားမဇာရီမှုအမှတ်(၂၂၇/၂၀၁၈)၏နေ့စဉ်မှတ်တမ်း၊ဂရန်မူရင်းပျောက်ဆုံးကြောင်းရပ်ကွက်၊ရဲစခန်းထောက်ခံချက်၊နိုင်ကတ်၊ဂရန်မူရင်းမှာနေအိမ်မီးလောင်၍ပျောက်ဆုံးသွားသည်မှာမှန်ကန်ကြောင်းမင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး၊ကျမ်းကျိန်ဆိုသူအရာရှိရှေ့တွင်ပြုလုပ်ထားသည့်(၅-၁၂-၁၈)ရက်စွဲပါကျမ်းကျိန်လွှာအမှတ်စဉ်(၁၂/၁၉၄)၊တရားရုံးအမိန့်၊ဘီလစ်ခန့်စာတို့တင်ပြ၍တရားရုံးကိုယ်စားဘီလစ်ဒေါ်အေးငြိမ်းပြည့်(၁၂/ကမရ(နိုင်)၀၆၀၃၄၀)မှအရောင်းမြေပုံကူးလျှောက်ထားလာပါသည်။ကွင်းဆင်းစစ်ဆေးခဲ့ရာအိမ်ငှားဦးသိန်းဦးမိသားစုမှကားဘော်ဒီရုံလုပ်ငန်းဖွင့်လှစ်ထားခြင်းနှင့်ပတ်သက်၍တာဝန်ယူကြောင်းနှင့်ကွင်းဆင်းသိရှိကြောင်းလက်မှတ်ရေးထိုးပါသည်။သို့ပါ၍ဘီလစ်ဒေါ်အေးငြိမ်းပြည့်၏အရောင်းမြေပုံကူးလျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သင့်သွေးဖြင့် အသက်ကယ်ပါ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ကမ္ဘောဇရိပ်သာလမ်း၊ အမှတ်(၄)တည်ရှိရာဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆အိုင်၊ မြေကွက်အမှတ် ၁၁၂အေ/၃အီး၊ မြေအမျိုးအစား မြေပိုင်မြေ၊ အမည်ပေါက်ဒေါ်ကြည်ကြည် (အာရ်ဂျီအင်န်-၀၀၀၁၉၀) မြေကွက်နှင့် မြေကွက်အမှတ် ၁၁၂အေ/၃ဘီ-၂+၁၁၂အေ/၃စီ၊ မြေအမျိုးအစား မြေပိုင်မြေ၊ အမည်ပေါက် ဒေါ်ကြည်ကြည် (အာရ်ဂျီအင်န်- ၀၀၀၁၉၀)မြေကွက်နှစ်ကွက်ဖြစ်ပါသည်။ အမည်ပေါက် ဒေါ်ကြည်ကြည် (မိခင်)သည် ၂၄-၁၀-၂၀၁၇ရက်တွင်လည်းကောင်း၊ ဦးကျော်စိုး(ဖခင်)သည်၁၇-၉- ၁၉၈၁ရက်တွင်လည်းကောင်း ကွယ်လွန်သဖြင့် ဦးရဲမြတ်စိုး ၁၂/မရက(နိုင်)၀၃၆၀၄၁၊ ဦးရဲထွဋ်စိုး ၁၂/ဗဟန(နိုင်)၀၉၀၅၉၆၊ ဒေါ်လဲ့လဲ့စိုး ၁၂/ဗဟန(နိုင်)၀၅၄၄၆၄၊ ဒေါ်လွင်လွင်စိုး ၁၂/ဗဟန(နိုင်)၀၅၄၈၁၂၊ ဒေါ်ဇင်ဇင်စိုး ၁၂/ဗဟန(နိုင်)၀၅၆၃၀၅တို့မှ သားသမီးတော်စပ်ကြောင်းနှင့် ၎င်းတို့ ငါးဦးသာမွေးဖွားခဲ့ကြောင်း၊ အခြားသားသမီးအရင်းများနှင့် မွေးစားသားသမီးများကျန်ရစ်ခဲ့ခြင်းမရှိပါကြောင်း၊ ၎င်းတို့ ငါးဦးသာလျှင် အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိကြောင်း ၁၃-၁၂-၂၀၁၈ရက်စွဲပါ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ နှစ်စောင်၊ မိခင်/ဖခင်တို့၏ သေဆုံးမှုလက်မှတ်၊ ယင်းမြေ၏အမည်ပေါက် စာချုပ်တို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံမြေရာဇဝင် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဌာနမှူး**
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အောက်ဖော်ပြပါ ပုဂ္ဂိုလ်များမှ ဤဌာနသို့ ဆောက်လုပ်ခွင့်လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကြေညာချက်ပါရှိသည့် ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း ဤဌာနသို့လျှောက်ထားကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည် -

စဉ်	အမည်	မှတ်ပုံတင်	လိပ်စာ	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်
၁	ဒေါ်ယုယုခိုင်(ခ)ဒေါ်ဝါဝါလွင်	၁၂/တမတ(နိုင်)၀၅၀၉၈၅	၂၈၊ ဈေးကလေး(၄)လမ်း၊ ဈေးကလေးရပ်ကွက်၊ ကြည့်မြင်တိုင်	၂၅ E²	၁၆-A	ဒေါ်ကြူရင်+၅၉
၂	ဒေါ်နွယ်ဆောက်လျှင်	၁၃/နခန(နိုင်)၀၅၂၇၃၀	၁၁၃၊ ဗန္ဓုလလမ်း၊ ၂၉-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)	၂၉	၁၁၃	ဦးစိုးအောင်
၃	ဒေါ်မြင့်မြင့်စမ်း	၉/ညဥန(နိုင်)၀၀၂၈၂၅	၁၉၁/၁၉၂၊ သီရိမင်္ဂလာပတ်လမ်း၊ ၅-ရပ်ကွက်၊ ရွှေပြည်သာ	၂၈	၁၉၁+၁၉၂	ဦးခင်မောင်ဝင်း+ဒေါ်သန်းသန်းဝင်း
၄	ဒေါ်စောပပလင်း	၆/ဘပန(နိုင်)၀၃၁၃၀၄	၁၇၄၊ အလောင်းဘုရားလမ်း၊ ရွှေပေါက်ကံမြို့သစ်ရပ်ကွက်၊ မြောက်ဥက္ကလာပ	၁၆	၁၇၄	မသန်းဌေးကြည်
၅	ဦးခင်မောင်မြင့်	၁၄/မမက(နိုင်)၁၂၅၅၈၆	၂၈၀/ခ၊ လက်ဝဲသုန္ဒရလမ်း၊ ၁၈-ရပ်ကွက်၊ လှိုင်သာယာ	၁၆	၂၈၀/ခ	ဦးချစ်ဆိုင်
၆	ဦးဇော်မိုး	၁၂/လသယ(နိုင်)၀၅၀၂၆၆	၇၉/ခ၊ မြဝတီမင်းကြီးလမ်း၊ ၁၈-ရပ်ကွက်၊ လှိုင်သာယာ	၁၆	၇၉/ခ	ဦးကျော်ရင်
၇	ဦးမျိုးဝင်း	၁၀/ဘလန(နိုင်)၀၅၄၂၀၉	၁၄၂၇၊ ကနောင်လမ်း၊ ဗညားဒလရပ်ကွက်၊ ဒလ	၁	၁၄၂၇	ဒေါ်ဌေးစိန်
၈	ဒေါ်နှင်းရီ	၉/ညဥန(နိုင်)၀၅၄၀၂၀	၁၇၅၁/က၊ ပါရမီ(၁)လမ်း၊ ၁၅-ရပ်ကွက်၊ ရွှေပြည်သာ	၄၁	၁၇၅၁/က	ဦးကြည်
၉	ဦးခင်ဇော်+၁	၁၁/ကဖန(နိုင်)၀၆၃၉၄၂	၁၃၂/ခ၊ မြစိမ်းရောင်လမ်း၊ ၁၁-ရပ်ကွက်၊ ရွှေပြည်သာ	၃၅	၁၃၂/ခ	ဒေါ်မော်စီ
၁၀	ဒေါ်စပယ်အေး	၇/ကကန(နိုင်)၀၅၃၄၇၂	၉၇၆၊ မုံရွာလမ်း၊ ၁၃-ရပ်ကွက်၊ ရွှေပြည်သာ	၃၇	၉၇၆	ဦးမြင့်သိန်း
၁၁	ဒေါ်နိုင်နိုင်ဦး	၁၂/တမန(နိုင်)၀၈၇၇၆၄	၈၂၅/က၊ အောင်စိုးမိုး(၂)လမ်း၊ ၁၁-ရပ်ကွက်၊ ရွှေပြည်သာ	၃၅	၈၂၅/က	မသန်းသန်းထွေး
၁၂	ဦးဗလထွန်း	၁၂/ရပသ(နိုင်)၀၅၇၅၀၂	၁၆၀/က၊ စွယ်တော်(၃)လမ်း၊ ၁၉-ရပ်ကွက်၊ ရွှေပြည်သာ	၄၈	၁၆၀/က	ဦးကြည်ဝင်း
၁၃	ဒေါ်မြင့်မြင့်သိန်း	၁၂/ဥကတ(နိုင်)၁၇၅၃၉၆	၆၂၊ ကျောင်းလမ်းသွယ်(၁)လမ်း၊ ၆-ရပ်ကွက်၊ လှိုင်သာယာ	၃-B	၆၂	ဒေါ်စုစုပိုင်
၁၄	ဦးထွန်းထွန်းဝင်း	၁၂/ရပသ(နိုင်)၀၃၇၃၃၅	၁၂၆/ခ၊ မဟာမြိုင်လမ်း၊ ၉-ရပ်ကွက်၊ ရွှေပြည်သာ	၂	၁၂၆/ခ	ဦးစိန်မြင့်+ဦးအောင်ကြည်အေး
၁၅	ဒေါ်ခင်ဖြူဖြူထွဋ်	၁၂/ဗတထ(နိုင်)၀၀၉၀၃၇	၃၈၂ ရွှေပေါက်ပင်လမ်း၊ ကျောင်းကုန်းကျေးရွာအုပ်စု၊ ရွှေပြည်သာ	၅၄	၃၈၂	ဦးအုန်းကျော်
၁၆	ဦးစိုင်းလင်း	၉/အမဇ(နိုင်)၀၀၀၁၀၈	၃၂၅၊ ပုဂံလမ်း၊ ရွှေပေါက်ကံမြို့သစ်ရပ်ကွက်၊ မြောက်ဥက္ကလာပ	၁၄	၃၂၅	ဦးစိုင်းညီညီ
၁၇	ဒေါ်စုစုလှိုင်	၁၁/တတန(နိုင်)၀၇၇၁၈၅	၁၀၄၊ သဇင်လမ်း၊ ၁၅-ရပ်ကွက်၊ ရွှေပြည်သာ	၁၅	၁၀၄	ဒေါ်ခင်စောယုမေ
၁၈	ဦးအောင်ကျော်စိုး	၁၄/ဟသတ(နိုင်)၀၄၂၈၆၀	၅၂/ခ၊ ရွှေလီလမ်း၊ ၆-ရပ်ကွက်၊ ရွှေပြည်သာ	၁၈	၅၂/ခ	ဒေါ်ကြည်
၁၉	ဦးတင်မြင့်	၁၁/ပတန(နိုင်)၀၄၂၀၉၆	၃၆၀/ခ၊ ခတ္တာလမ်း၊ ၁၉-ရပ်ကွက်၊ ရွှေပြည်သာ	၄၇	၃၆၀/ခ	ဦးအေးထွန်း
၂၀	ဦးအောင်သန်း	၁၂/အစန(နိုင်)၀၉၂၆၅၅	၁၆၄၃၊ အောင်သုခလမ်း၊ ၁၅-ရပ်ကွက်၊ ရွှေပြည်သာ	၄၁	၁၆၄၃/က၊ ၁၆၄၃/ခ	ဦးတင်ရွှေ ဦးအေးရီ
၂၁	ဒေါ်ဟာလီမာခါတွန်း+၁	ISN-၅၅၁၂၈၁	၁၂၄၊ ဓမ္မသုခလမ်းသွယ်(၁)လမ်း၊ တ-ရပ်ကွက်၊ သယ်န်းကျွန်း	၅၃	၂၉	ဦးတင်ထွန်း

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သင်္ကြန်ကာလအတွင်း အများပြည်သူခရီးသွားလာမှုအဆင်ပြေစေရန် အထူးရထားပြေးဆွဲမည်

အများပြည်သူ သွားလာရေးအဆင်ပြေစေရန် မြန်မာ့မီးရထားမှ နေ့စဉ်ပြေးဆွဲပေးလျက်ရှိသည့် ရထားများကို တွေ့ရစဉ်။ ဓာတ်ပုံ -သန်းစိုး

ရန်ကုန် ဧပြီ ၃

မြန်မာ့နှစ်သစ်ကူးသင်္ကြန်ကာလအတွင်း (ဧပြီ ၁၃ ရက်မှ ၁၆ ရက်ထိ) အများပြည်သူ ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရန် မြန်မာ့မီးရထားမှ ရန်ကုန်-မန္တလေး ခရီးစဉ် အတွက် အထူးရထားနှစ်စင်းကို တိုးချဲ့ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

သင်္ကြန်ကာလတွင် ရန်ကုန်မြို့မှ နယ်မြို့များသို့ ခရီးသွားလာမှုနှစ်စဉ် များပြားလျက်ရှိသဖြင့် ထိုကာလတွင် မြန်မာ့မီးရထားမှ ရထားခရီးစဉ်များကို တိုးချဲ့ပြေးဆွဲပေးလျက်ရှိရာ ယခုနှစ် သင်္ကြန်ကာလတွင်လည်း ရန်ကုန်မှ အဆန်တစ်စင်းနှင့် မန္တလေးမှ အစုန်တစ်စင်းဖြင့် သင်္ကြန်အထူးရထားနှစ်စင်းဖြင့် ပြေးဆွဲသွားမည်ဖြစ်သည်။

"သင်္ကြန်ပိတ်ရက်မှာ အိမ်ပြန်တဲ့ခရီးသည်များတဲ့အတွက် လက်ရှိပုံမှန်ပြေးဆွဲနေတဲ့ရထားတွေနဲ့ မလုံလောက်တာကြောင့် ထပ်ပြီးအထူးရထားပြေးဆွဲပေးရတာပါ။ ဧပြီ ၈ ရက်ကစပြီး ညနေ ၆ နာရီမှာ ရန်ကုန်တစ်စင်း၊ မန္တလေးက တစ်စင်းပြေးဆွဲပေးမှာပါ။ သင်္ကြန်ကာလအပြီး ခရီးသွားများတဲ့အချိန်မှာလည်း ဆက်ပြေးဆွဲဖို့ရှိပါတယ်" ဟု တိုင်း (၇) ရန်ကုန်မှ လက်ထောက်မန်နေဂျာ ဦးအောင်နိုင်မြင့်က ပြောကြားသည်။

မြန်မာ့မီးရထားမှ အများပြည်သူ စီးနင်းနိုင်ရန် မန္တလေးမှ နံနက် ၆ နာရီ၊ မွန်းလွဲ ၃ နာရီ နှင့် ညနေ ၅ နာရီတို့တွင် ရန်ကုန်သို့ ရထားများ ပြေးဆွဲပေးလျက်ရှိပြီး ရန်ကုန်ဘူတာကြီးမှလည်း ထိုသို့ ပြေးဆွဲပေးလျက်ရှိသည်။ ရန်ကုန်-မော်လမြိုင်ခရီးစဉ်အဖြစ် နံနက် ၇ နာရီ ၁၅ မိနစ်တွင် တစ်စင်း၊ ည ၈ နာရီတွင် တစ်စင်းနှင့် ညနေ ၆ နာရီ ၁၅ မိနစ်တွင် ရေး-ထားဝယ်သို့လည်းကောင်း၊ နေပြည်တော်သို့ နံနက် ၈ နာရီနှင့်ည ၉ နာရီတို့တွင် နှစ်စင်းဖြင့်လည်းကောင်း၊ ပြည်သို့ စာပို့ရထားနှစ်စင်းနှင့် အမြန်ရထား တစ်စင်းဖြင့် လည်းကောင်း၊ ပုဂံသို့ရထား တစ်စင်းဖြင့် လည်းကောင်း အသီးသီး နေ့စဉ်ပြေးဆွဲပေးလျက်ရှိရာ သင်္ကြန်ကာလတွင် အများပြည်သူသွားလာရေး လွယ်ကူချောမွေ့စေရန် အထူးရထား နှစ်စင်းဖြင့် ပြေးဆွဲခြင်းဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၁ ❒

မြန်မာ ယူ-၁၅ အသင်း တရုတ်ဖိတ်ခေါ် ပြိုင်ပွဲ ယှဉ်ပြိုင်ရန် ထွက်ခွာ

ရန်ကုန် ဧပြီ ၃

မြန်မာ ယူ-၁၅ အသင်းသည် ၂၀၁၉ တရုတ် ယူ-၁၆ ဖိတ်ခေါ်ပြိုင်ပွဲယှဉ်ပြိုင်ရန် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့မှ တရုတ်နိုင်ငံသို့ ထွက်ခွာသွားသည်။

မြန်မာ ယူ-၁၅ အသင်းတွင် **အုပ်ချုပ်သူ**-ဦးညီညီလတ်၊ **နည်းပြချုပ်**-တာကူမူ၊ **လက်ထောက်နည်းပြ**-ဦးတင်မောင်ဝင်း၊ **ကြံ့ခိုင်ရေးနည်းပြ**-အီဘာဂါ၊ **ဂိုးနည်းပြ**-ဦးကိုကို၊ ကစားသမားများအဖြစ် **ဂိုး**-ထက်အာကာဝင်း၊ ဟံသာလင်း၊ အောင်ကျော်ဖြိုး၊ **နောက်တန်း**-အောင်ကိုမင်း၊ ထွန်းထွန်းဝင်း၊ ထူးမြတ်ခန့်၊ ကောင်းထက်ပိုင်၊ ရဝေကျော်၊ **အလယ်တန်း**- ကျော်မင်းခန့်၊ ကောင်းဇော်လင်း၊ ကောင်းခန့်၊ အောင်ကျော်မင်း၊ ထက်မြတ်လွင်၊ ထက်အောင်ဝင်း၊ ကောင်းစစ်ထူး၊ **ရှေ့တန်း**- ကျော်သူရဦး၊ ဝေဖုန်းမြတ်ကျော်၊ သီဟအောင်၊ ဟိန်းထက်ဇော်ဝင်း၊ ရန်နိုင်ထွန်း၊ မင်းသူ၊

စာမျက်နှာ ၁၂ ကော်လံ ၁ ❋

အိုလံပစ်ဒုတိယအဆင့်ခြေစစ်ပွဲတွင် မြန်မာအသင်း အဖွင့်ပွဲအနိုင်ရ

မန္တလေး ဧပြီ ၃

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၂၀ တိုကျိုအိုလံပစ် အမျိုးသမီးဘောလုံးပြိုင်ပွဲဒုတိယအဆင့်ခြေစစ်ပွဲ အုပ်စု (က) ပထမနေ့ကို ယနေ့ညနေပိုင်းက မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပရာ မြန်မာအသင်းနှင့် အိန္ဒိယအသင်းတို့ နိုင်ပွဲစတင်ရရှိခဲ့သည်။

အိမ်ရှင်မြန်မာအသင်းသည် နီပေါအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး အဖွင့်လှသွားခဲ့သည်။ နီပေါအသင်း၏ ရုန်းကန်မှုကြောင့် မြန်မာအသင်းအနေဖြင့် အားကုန်ထုတ်ကစားခဲ့ရသော်လည်း အမှတ်ပြည့်ရယူနိုင်ခဲ့သည်။ မြန်မာအသင်းသည် ယခုအုပ်စုတွင် နောက်တစ်ဆင့်တက်ရန် ရေပန်းအစားဆုံးဖြစ်နေပြီး ပထမပွဲတွင် အနိုင်ရခဲ့သဖြင့် တတိယအဆင့်သို့ တက်ရောက်ရန် အခွင့်အရေးပိုကောင်းသွားခဲ့သည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ◆

မြန်မာအသင်းမှ ခင်မိုးဝေ၏ ခေါင်းတိုက်ဂိုးသွင်းရန် ကြိုးပမ်းမှုကို နီပေါဂိုးသမား ကာကွယ်နေစဉ်။ ဓာတ်ပုံ-ဖိုးသော်ဇင်

မြန်မာ့အလင်း
ကြာသပတေး၊ မေ ၄၊ ၂၀၁၉

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာ

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ သုံးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ သုံးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရုန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ တတိယ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

တစ်ဦးချင်းမှသည် ပြည်သူအားလုံး စွမ်းအင်ကိုအကျိုးရှိစွာ အသုံးပြုခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုဆီသို့

သတင်းဆောင်းပါး - ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဓာတ်ပုံ- မေဦးမိုး

ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းလုပ်ငန်းခွင်အတွင်း သဘာဝဓာတ်ငွေ့ထုတ်လုပ်နေမှုအခြေအနေနှင့် ထိန်းချုပ်ခန်းအတွင်း သဘာဝဓာတ်ငွေ့ထိန်းချုပ်ပို့လွှတ်ပေးနေမှု အခြေအနေများကို ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

လူတစ်ဦးချင်း၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှုကို ကြည့်ရှု၍ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာကြသည်။ ပြည့်စုံချမ်းသာသည့် နိုင်ငံမှ နိုင်ငံသားတစ်ဦးချင်းစီသည် လျှပ်စစ်ကိုပိုမိုသုံးစွဲကြပြီး နိုင်ငံမပြည့်စုံ၊ ချို့တဲ့ပါက လျှပ်စစ်ကိုသုံးစွဲမှု နည်းပါးမည်သာ။ မိမိတို့နိုင်ငံတွင်လည်း လျှပ်စစ်ကိုပြည်သူတိုင်း သုံးစွဲခွင့်ရရှိရန် စွမ်းအင်အမျိုးမျိုးကို အခြေခံကာ ထုတ်လုပ်ပြီး လျှပ်စစ်စွမ်းအား လိုအပ်ချက်ကို ဖြည့်တင်းလျက်ရှိသည်။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် ခြေလှမ်းမှန်မှန်လျှောက်လှမ်းချိန်တွင် လူတစ်ဦးချင်းစီ၏ လျှပ်စစ်ပိုမိုသုံးစွဲနိုင်ရေးသည် အရေးကြီးသည်။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က အစိုးရတာဝန်ယူ ဆောင်ရွက်နေသည့် တတိယ(၁)နှစ်တာအတွင်း လူတစ်ဦးချင်းစီ၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ ကီလိုဝပ် နာရီ ၃၇၀ အထိ ရှိလာသည့်အတွက် ယခင်နှစ်ကထက် လူတစ်ဦးချင်းလျှပ်စစ်သုံးစွဲမှု ၁၀ ဒသမ ၇ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်ဟု အစိုးရ၏ တတိယ(၁)နှစ်တာဖြတ်သန်းမှုများအကြောင်းတွင် ထည့်သွင်းပြောကြားသည်။

မြန်မာနိုင်ငံတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လျှပ်စစ်ဓာတ်အားရရှိမှုအခြေအနေကို ပြန်လည်သုံးသပ်ကြည့်မည်ဆိုပါက မြို့ကြီးများတွင် လျှပ်စစ်မီးရရှိထားသော်လည်း ကျေးရွာများတွင်မူ လျှပ်စစ်ဓာတ်အားကို ရယူသုံးစွဲရန် ခက်ခဲနေဆဲဖြစ်သည်။ ဝေးလံခေါင်ဖျားဒေသဖြစ်ခြင်း၊ ဓာတ်အားလိုင်းတွေ ဆက်လက်တည်ဆောက်ပေးရန် လိုအပ်ချက်များကြောင့် မရရှိခြင်းဖြစ်သည်။

၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိစေရန်ရည်မှန်း

တစ်နိုင်ငံလုံးရှိ အိမ်ထောင်စုများ အားလုံး အနက်မှ ၄၄ ရာခိုင်နှုန်းသည် လျှပ်စစ်ဓာတ်အား အသုံးပြုခွင့်ရရှိနေပြီး ဝန်ကြီးဌာန၏ ရည်မှန်းချက်များမှာ ၂၀၂၀-၂၀၂၁ ခုနှစ်တွင်လျှပ်စစ်ဓာတ်အား ရယူသုံးစွဲရာတွင် အနည်းဆုံးအိမ်ထောင်စု ၅၅ ရာခိုင်နှုန်းသည် လျှပ်စစ်ဓာတ်အားကို ရယူသုံးစွဲနိုင်ရမည်ဖြစ်ပြီး အနာဂတ်ရည်မှန်းချက်အဖြစ် ၂၀၂၅-၂၀၂၆ ခုနှစ်တွင် အိမ်ထောင်စု ၇၅ရာခိုင်နှုန်းကိုလည်းကောင်း ၂၀၃၀-၂၀၃၁ ခုနှစ် အရောက်တွင် မြန်မာတစ်နိုင်ငံလုံး၏ အိမ်ထောင်စုအားလုံးတို့တွင် ရာနှုန်းပြည့်လျှပ်စစ်ဓာတ်အားသုံးစွဲခွင့်ရရှိရေးကိုလည်းကောင်း ဝန်ကြီးဌာနမှ ဦးဆောင်ကြိုးပမ်းလျက်ရှိသည်။

"ပြည်သူတွေဟာ လျှပ်စစ်ဓာတ်အားရရှိဖို့ လိုအပ်တဲ့အတွက် တတိယ(၁)နှစ်တာ အတွင်း ဒုတိယနှစ်ထက် လျှပ်စစ်ပမာဏ ၁၂ ရာခိုင်နှုန်း တိုး ထုတ်ပေးနိုင်ခဲ့ပါတယ်။ အစိုးရသစ်ရဲ့ ပထမ (၁)နှစ်တာမှာ ယမန်နှစ်ထက် ၁၁ ရာခိုင်နှုန်း၊ ဒုတိယ(၁)နှစ်တာမှာ ယမန်နှစ်ထက် ၁၃ ရာခိုင်နှုန်းတိုးထုတ်နိုင်ခဲ့တာကြောင့် အားရကျေနပ်မိပါတယ်" ဟု ဒုတိယဝန်ကြီးက ပြောကြားသည်။

နွေရာသီ အမြင့်ဆုံးသုံးစွဲမှု ၃၇၀၀ မဂ္ဂါဝပ်ရှိလာ

လျှပ်စစ်ဓာတ်အား သုံးစွဲမှုတွင်လည်း လက်ရှိကာလသည် အမြင့်ဆုံးသုံးစွဲသည့် ကာလဖြစ်သည်။ လျှပ်စစ်သုံးစွဲမှု အမြင့်ဆုံးပမာဏဖြစ်သည့် ၃၇၀၀ မဂ္ဂါဝပ်ရှိပြီး နွေရာသီသို့ ရောက်ရှိလာသည့်အတွက် သုံးစွဲမှု ပိုမိုမြင့်တက်လာနေကြောင်းကိုလည်း ဝန်ကြီးဌာန ကိန်းဂဏန်းများအရ သိရှိရသည်။ လျှပ်စစ်အမြင့်ဆုံးသုံးစွဲရာတွင် ၂၀၁၅ ခုနှစ်က ၂၃၅၀ မဂ္ဂါဝပ်သာရှိခဲ့ရာမှ ၂၀၁၆ ခုနှစ်တွင် ၂၆၇၀ မဂ္ဂါဝပ်အထိ မြင့်တက်လာပြီး ၂၀၁၇ ခုနှစ်တွင်မူ ၂၉၀၀ မဂ္ဂါဝပ်ဖြစ်လာခဲ့သည်။ ၂၀၁၈ ခုနှစ်တွင်မူ မဂ္ဂါဝပ် ၄၀၀ ခန့် ပိုမိုသုံးစွဲလာပြီး ရာခိုင်နှုန်းအားဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် ယမန်နှစ်ကထက် ၁၂ ရာခိုင်နှုန်း မြင့်တက်လာခြင်းပင်ဖြစ်သည်။

"အခုလို တစ်နှစ်အတွင်းမှာ ဓာတ်အား မဂ္ဂါဝပ် ၄၀၀ အထိ တိုးတက်သုံးစွဲလာတာက တော်တော်ကြီးမားတဲ့ ပမာဏဖြစ်ပြီး စက်ရုံအကြီးကြီးတွေ လိုအပ်တဲ့ ပမာဏလည်း ဖြစ်ပါတယ်။ ဒါကြောင့် ဓာတ်အားပေးစက်ရုံတွေ များများတည်ဆောက်ပေးဖို့ လိုအပ်ပါတယ်။ ဒီကဏ္ဍဟာ အရင်းအနှီးနဲ့ အချိန်တွေအများကြီးပေးရပါတယ်။ ရေတိုကာလအတွင်း လျှပ်စစ်နဲ့ ဘဏ္ဍာငွေကြေးတွေလည်း အများကြီးလိုအပ်ပါတယ်။ ဓာတ်အားပေးစက်ရုံတွေ တည်ဆောက်စရာမလိုဘဲ အချိန်တိုအတွင်း

အချပ်ပို(ခ)သို့

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်

"ပြည်သူတွေဟာ လျှပ်စစ်ဓာတ်အားရရှိဖို့ လိုအပ်တဲ့အတွက် တတိယ(၁)နှစ်တာအတွင်း ဒုတိယနှစ်ထက် လျှပ်စစ်ပမာဏ ၁၂ ရာခိုင်နှုန်းတိုးထုတ်ပေးနိုင်ခဲ့ပါတယ်။ အစိုးရသစ်ရဲ့ ပထမ (၁) နှစ်တာမှာ ယမန်နှစ်ထက် ၁၁ ရာခိုင်နှုန်း၊ ဒုတိယ(၁)နှစ်တာမှာ ယမန်နှစ်ထက် ၁၃ ရာခိုင်နှုန်း တိုးထုတ်နိုင်ခဲ့တာကြောင့် အားရကျေနပ်မိ"

အချပ်ပို(က)မှ

လျှပ်စစ်ဓာတ်အားပိုထုတ်နိုင်ဖို့ တည်ဆောက်ထားပြီးဖြစ်တဲ့ ရေအားလျှပ်စစ်ဓာတ် အားပေးစက်ရုံတွေကနေ နှစ်စဉ်ဒီဇိုင်းအရ ထုတ်လုပ်ပေးနိုင်တဲ့ လျှပ်စစ်ပမာဏထက် ပိုတိုးထုတ်နိုင်အောင် ကြိုးစားခဲ့ပါတယ်''ဟု လျှပ်စစ်ပိုမိုတိုးတက်သုံးစွဲနိုင်ကြရန် ကြိုးပမ်းနေကြောင်းကို ဒုတိယဝန်ကြီးက ရှင်းလင်းပြောကြားသည်။

ဓာတ်အားထုတ်နိုင်စွမ်းအားမြှင့်တင်

ဘီလူးချောင်း ၁ ရေအားလျှပ်စစ်စက်ရုံသည် ဒီဇိုင်းအရ တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်း ၂၀၀ ထုတ်ပေးလျက်ရှိသည်။ သို့သော် ယင်းအခြေအနေကို တိုးချဲ့ထုတ်လုပ်ရန် ကြိုးပမ်းသည့်အခါ ကီလိုဝပ်နာရီ သန်းပေါင်း ၂၁၄ သန်းအထိ ထုတ်လုပ်နိုင်ခဲ့သည်။ ထုတ်လုပ်မှု ပမာဏ ၁၀၇ ရာခိုင်နှုန်းအထိ တိုးတက်လာခြင်း ပင်ဖြစ်သည်။ ထို့ပြင် လောပိတစက်ရုံမှ တစ်နှစ်ကို မဂ္ဂါဝပ်နာရီ ၁၁၉၀ ထုတ်ပေးနိုင်သည့် ဒီဇိုင်းရှိသော်လည်း ၁၂၆၂ မဂ္ဂါဝပ်နာရီအထိ တိုးထုတ်နိုင်ခဲ့ခြင်းကြောင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ အလတ်စားစက်ရုံတစ်ရုံစာရဲ့ တစ်နှစ်စာ ထုတ်လုပ်မှုပမာဏအထိ တိုးထုတ်နိုင်ခဲ့ခြင်းဖြစ်သည်။ ဘီလူးချောင်း ၃ နှင့် ကင်းနားစက်ရုံ၊ မုန်းရေအားလျှပ်စစ်စက်ရုံ၊ ပေါင်းလောင်း၊ ဆည်တော်ကြီး၊ ရွှေကျင် ၊ သဖန်းဆိပ်၊ အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စက်ရုံ စသည်တို့တွင်လည်း စက်ရုံဒီဇိုင်းများထက် ပိုမိုထုတ်လုပ်နိုင်စေရန်အတွက် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရသည်။

တည်ရှိပြီးသား စက်ရုံများမှ လျှပ်စစ်ဓာတ်အားကို တိုးမြှင့်ထုတ်လုပ်နိုင်ခဲ့သည့်အပြင် အစိုးရသစ်၏ တတိယ(၁)နှစ်တာအတွင်းမြင်းခြံမြို့နယ်၌ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံနှစ်ရုံ၊ ကျောက်ဆည်မြို့နယ်၌ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံတစ်ရုံ၊ သထုံမြို့နယ်၌ ဓာတ်အားပေးစက်ရုံတစ်ရုံ၊ ရာဇဗြိုလ်နှင့် အထက်နမ့်ထွမ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှစ်ရုံတို့ တည်ဆောက်ပြီးစီးခဲ့ပြီးဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရှိရသည်။

ဓာတ်အားလိုင်းများတိုးချဲ့တည်ဆောက်

လျှပ်စစ်ဓာတ်အားကို တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် ဖြန့်ဖြူးနိုင်ရန်အတွက် လျှပ်စစ်ဓာတ်အားလိုင်းကြီးများ တည်ဆောက်ရပြီး တတိယ(၁)နှစ်တာအတွင်း တည်ဆောက်ဆဲဓာတ်အားလိုင်းများစွာရှိပြီး ၂၃၀ ကေဗွီလိုင်း တစ်လိုင်း၊ ၆၆ ကေဗွီ ဓာတ်အားလိုင်း ၁၁ခု၊ စုစု ပေါင်း ဓာတ်အားလိုင်း ၂၄၄၉ မိုင်၊ ၂၃၀ ကေဗွီဓာတ်အားခွဲရုံတစ်ရုံ၊ ၆၆ ကေဗွီခွဲရုံ ၂၉ ခု၊ ၃၃ ကေဗွီ ခွဲရုံ ၁၀ ခု၊ ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာ ၄၃၃၈ လုံး၊ စုစုပေါင်း ၁၃၃၆ MVA တို့ကို ပြီးစီးအောင် ဆောင်ရွက်ထားခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့နိုင်ငံမှာ ၂၀၁၆ ခုနှစ် မတ်လမှာ လျှပ်စစ်ဓာတ်အားသုံးစွဲခွင့်ရတဲ့ အိမ်ထောင်စုဦးရေ ၃၄ ရာခိုင်နှုန်းရှိပါတယ်။ ယခု ဖေဖော်ဝါရီလကုန်အထိ ယခုနှစ်မှာဆိုရင် အိမ်ထောင်စုပေါင်း ၄ ဒသမ ၈ သန်းအထိ ရရှိခဲ့တဲ့အတွက် ၄၄ ရာခိုင်နှုန်းရရှိလာတာ ဖြစ်ပါတယ်။ တစ်နှစ်တာအတွင်း အိမ်ထောင်စုလေးသိန်းခွဲ လျှပ်စစ်ဓာတ်အား တိုးတက်ရရှိတာဖြစ်ပါတယ်။ သုံးနှစ်တာကာလကို ခြုံကြည့်ရင် လျှပ်စစ်ရရှိတဲ့ အိမ်ထောင်စုဦးရေ ၁၀ ရာခိုင်နှုန်းခန့် တိုးတက်လာခဲ့တာဖြစ်ပါတယ်''ဟု ဒုတိယဝန်ကြီးက ဆက်လက်ရှင်းပြသည်။

မြို့ငယ်နှင့်ကျေးရွာများ မီးရရှိရန်ဆောင်ရွက်ပေး

လျှပ်စစ်ဓာတ်အား အသုံးပြုမှုတိုးတက်လာပုံတွင် မြို့ကြီးအများစုသည် လျှပ်စစ်ဓာတ်အားကို ရရှိသုံးစွဲနိုင်ကြပြီဖြစ်သည်။ သို့သော် လျှပ်စစ်မီးမရရှိသေးသည့် မြို့ငယ်များလည်း ကျန်ရှိနေသေးရာ ယင်းအနက်မှ အစိုးရ၏တတိယ(၁)နှစ်အတွင်း တကောင်းမြို့အပါအဝင် မြို့ပေါင်းကိုးမြို့နှင့် ကျေးရွာပေါင်း ၂၃၃၁ ရွာတို့တွင် လျှပ်စစ်ဓာတ်အားကို စတင်အသုံးပြုခွင့်ရရှိကြပြီဖြစ်သည်။

"ရခိုင်ပြည်နယ်မှာ မြို့အားလုံးလျှပ်စစ် ဓာတ်အားရသွားတဲ့အခြေအနေမှာ မာန်အောင်မြို့မပါရှိပါဘူး။ သို့သော် မာန်အောင်မြို့ကို လျှပ်စစ်ဓာတ်အားရရှိဖို့ နေရောင်ခြည်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ခုကို ပြီးခဲ့တဲ့နှစ်က စတင်ဆောင်ရွက်နေပါတယ်။ မြန်မာနိုင်ငံမှာ ကျေးရွာပေါင်း၆၃၂၇၇ ရှိတဲ့အနက် လက်ရှိအချိန်မှာ ကျေးရွာ ၃၃၈၉၄ ရွာအထိ လျှပ်စစ်ဓာတ်အားပေးဝေနိုင်ခဲ့တဲ့အတွက် ကျေးရွာများအားလုံးရဲ့၅၄ ရာခိုင်နှုန်းလျှပ်စစ်ဓာတ်အား ရယူသုံးစွဲထား နိုင်တယ်လို့ ပြောရမှာဖြစ်ပါတယ်'' ဟု ဒုတိယဝန်ကြီးက လျှပ်စစ်ဓာတ်အား တိုးမြှင့်ပေးဝေရခြင်း ကို သုံးသပ်ပြသည်။

သတ်မှတ်ဝန်အားထက်ပိုမိုသုံးစွဲနေ

သတ်မှတ်ထားသည့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပမာဏထက် ကျော်လွန်သုံးစွဲခြင်းကြောင့် ဝန်အားမမျှသည့် ပြဿနာများကို အစဉ်သဖြင့် ကြုံတွေ့နေရသည့် လျှပ်စစ်ကဏ္ဍသည် ဖြေရှင်းရခက်ခဲသည့် အခြေအနေသို့ မကြာခဏရောက် ရှိတတ်သည်ကို ပြည်သူများအားလုံး သိရှိပြီးကြပြီဖြစ်သည်။ "လူတွေက မီးပိုသုံးတယ်။ စက်မှုဇုန်တွေကလည်း သတ်မှတ်အားထက် ပိုသုံးတယ်။ ပင်မခွဲရုံတွေ၊ ဖြန့်ဖြူးရေးခွဲရုံတွေရဲ့ထရန်စဖော်မာတွေက ဝပ်အားတက်လာပြီး ပိုတိုးတပ်ဆင်နိုင်အောင် ဘဏ္ဍာငွေအများကြီးလိုတယ်။ အချိန်မီ မဆောင်ရွက်နိုင်တဲ့အခါ ပြည်သူက လျှပ်စစ်အခက်အခဲတွေ ကြုံရတယ်။ ဒီနှစ်မှာလည်း ဒီလိုအဖြစ်မျိုးမဖြစ်ရအောင် ကြိုးစားခဲ့ပါတယ်။ ဒါကြောင့် ဒီနှစ်မှာ ဝန်အားပြည့်နေတဲ့ ဓာတ်အားခွဲရုံတွေမှာ ၁၃၅၂ အမ်ဗွီအေ အင်အားရှိတဲ့ ထရန်စဖော်မာတွေ တိုးချဲ့တည်ဆောက်ပေးခဲ့တယ်''ဟု ပြည်ထောင်စုဝန်ကြီးက တတိယ(၁)နှစ်တာ အတွင်း တိုးချဲ့တည်ဆောက်ပေးခဲ့သည့် အခြေအနေအား ရှင်းလင်းပြောကြားသည်။

မကြာခဏကြုံရသည့် System Breakdown

ထို့ပြင် ပြည်သူများအကြား ရေပန်းစားသည့် ဝေါဟာရတစ်ခုမှာ System Breakdown ပင်ဖြစ်သည်။ ယင်းအခြေအနေတွင် နေရာဒေသအတော်များများ လျှပ်စစ်ဓာတ်အား ပြတ်တောက်သွားခဲ့ပြီး အချိန်မီပြန်လည်ပြုပြင်မပြီးစီးမီအထိ လျှပ်စစ်ဓာတ်အား သုံးစွဲခွင့်မရရှိကြသည်ကို ကြုံတွေ့ခဲ့ကြဖူးသည်။ အစိုးရသစ် စတင်တာဝန်ယူသည့်ကာလ ၂၀၁၆ - ၂၀၁၇ နှစ်များအတွင်း System Breakdown ဖြစ်ပွားမှုသည် တစ်နှစ်အတွင်း ၁၇ ကြိမ်ခန့် ဖြစ်ပွားခဲ့သည်ကို ပြည်သူများ ခံစားခဲ့ကြရသည်။

အထူးသဖြင့် သဘာဝဘေးအန္တရာယ်များ ဖြစ်သည့် လေပြင်းတိုက်ခတ်ခြင်း၊ မုန်တိုင်းမိုး ရွာသွန်းခြင်းတို့ကြောင့် တာဝါတိုင်များလဲခြင်းမှ အစပြုခဲ့ပြီး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးထားသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတို့တွင် အကြိမ် ပေါင်းများစွာ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုကို ကြုံခဲ့ကြရ သည်။

"တတိယ(၁)နှစ်တာ အတွင်းမှာ System Breakdown နှစ်ကြိမ်သာ ဖြစ်ခဲ့ပါတယ်။ ဘာကြောင့်လဲဆိုရင် ဓာတ်အားလိုင်းတွေ ပြတ်တောက်မှုကို အလိုအလျောက် ပြန်လည်ဆက်သွယ်ပေးတဲ့စနစ် (Tele-protection and Auto-Reclosing Function) ကို တပ်ဆင်ဆောင်ရွက်တဲ့အတွက် ဖြစ်ပါတယ်။ ဓာတ်အားလိုင်းအပြစ်ဖြစ်ပြီး ဓာတ်အားလိုင်း ပြတ်တောက်သွားချိန်မှာ ချက်ချင်းပြန်တင် (One Trial) နိုင်ခဲ့တဲ့အတွက် ကာကွယ်နိုင်ခဲ့ခြင်းဖြစ်ပါတယ်'' ဟု တိုးတက်ဆောင်ရွက်နိုင်ခဲ့ပုံကို ဒုတိယဝန်ကြီးက ရှင်းလင်းပြောကြားသည်။

ရေအားလျှပ်စစ်ပိုမိုတိုးထုတ်နိုင်အောင် ဆောင်ရွက်

ရေအားလျှပ်စစ်သည် မြန်မာနိုင်ငံ လျှပ်စစ် ပေးဝေရေး၏ အခြေခံလျှပ်စစ်ဓာတ်အားထုတ်လုပ် မှုစနစ်ဖြစ်ပြီး မြန်မာနိုင်ငံသည် သဘာဝစွမ်းအင်များ ပြည့်ဝစွာရရှိထားသည့် နိုင်ငံဖြစ်သည့် အားလျော်စွာအခြားသော သဘာဝစွမ်းအင်များကို လည်း အကျိုးရှိအောင် ရယူသုံးစွဲရန်အတွက်လည်း ကြိုးပမ်းလျက်ရှိကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရှိရသည်။

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်တွင် နေရောင်ခြည်ကို အကျိုးရှိစွာအသုံးချပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးအတွက် ပုဂ္ဂလိကလုပ်ငန်းတစ်ခုမှလည်း ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်ကို မြင်တွေ့ရသည်။ မင်းဘူးနေရောင်ခြည် သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ယခုလကုန် တွင် ၂၀ မဂ္ဂါဝပ်ရှိ လျှပ်စစ်ဓာတ်အားကို စတင် ထုတ်လုပ်မည်ဟု သိရှိရပြီး လာမည့် ဧပြီလတွင် ၂၀ မဂ္ဂါဝပ်ထပ်မံတိုးတက်ထုတ်လုပ်ခြင်းဖြင့် စီမံကိန်း၏ ပထမအဆင့်ဖြစ်သည့် ၄၀ မဂ္ဂါဝပ်ကို ထုတ်လုပ်အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

မီတာအမျိုးအစားပြောင်းလဲသတ်မှတ်လာ

ထို့ပြင် အိမ်သုံးမီတာများနေရာတွင် ဖိုးမီတာအိမ်သုံးဒစ်ဂျစ်တယ်မီတာများနှင့် အစားထိုးလဲလှယ်တပ်ဆင်ပေးခြင်းများကို အစိုးရသစ်၏ တတိယ (၁)နှစ်တာအတွင်း ဆောင်ရွက်လျက်ရှိသည်ကို မြင်တွေ့ရသည်။ တစ်နှစ်တာအတွင်း ၅/ ၃၀ အမ်ပီယာ ကျေးရွာသုံးမီတာ ၁၃၆၁၆၃ လုံး၊ ၁၀/၃၀ အိမ်ပီယာမြို့ငယ်သုံးမီတာအရေအတွက် ၁၈၀၈၄၈ လုံး၊ ၁၀/ ၆၀ အိမ်ပီယာမြို့ကြီးသုံး မီတာအရေအတွက် ၉၉၀၈၅ လုံးတပ်ဆင်ပြီးစီးခဲ့ပြီး စုစုပေါင်းတစ်နှစ်အတွင်း မီတာလေးသိန်းကျော် တပ်ဆင်ပြီးစီးခဲ့ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရှိရသည်။

ဖိုးမီတာ အိမ်သုံးမီတာများသည် ကျေးလက်နေပြည်သူများအတွက် မီတာအဖိုးအခနှုန်းများ သက်သာစေပြီး မိမိသုံးစွဲလိုသည့် မီတာအမျိုးအစားအလိုက် ဈေးနှုန်းများခွဲခြားထားသည့်အတွက် ရွေးချယ်သုံးစွဲနိုင်သည့်အပြင် လျှပ်စစ်ခိုးယူသုံးစွဲခြင်း၊ ဓာတ်အား ပျောက်ဆုံးခြင်းများ ကိုလည်း ပိုမိုကာကွယ်ပေးနိုင်သည်ဟု တာဝန်ရှိသူများထံမှ သိရှိရသည်။ *အချပ်ပို(ဂ)သို့*

မကွေးပင်မဓာတ်အားခွဲရုံအတွင်း ထရန်စဖော်မာများ တပ်ဆင်ထားမှုကို တွေ့ရစဉ်။

ဖားကန့်ဓာတ်အားခွဲရုံကို တွေ့ရစဉ်။

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာ

အချပ်ပို (ခ) မှ

"အခုလို ပြည်သူတွေ လျှပ်စစ်ဓာတ်အားကို ပိုမိုသုံးစွဲနိုင်ဖို့အတွက် တည်ဆောက်ရေးလုပ်ငန်းတွေလုပ်ကိုင်ဖို့ ဘဏ္ဍာငွေကိစ္စရပ်တွေကိုလည်း ကြိုးစားလုပ်ကိုင်ရပါတယ်။ ချေးငွေရရှိဖို့ ကျွန်တော်တို့ဟာ World Bank၊ JICA စတဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ Donor Agency တွေကနေလည်း အတိုးသက်သာတဲ့ ချေးနှုန်းနဲ့ ချေးငွေတွေရယူပြီး ဆောင်ရွက်နေရတာလည်း ဖြစ်ပါတယ်။ ပြည်ထောင်စုဘဏ္ဍာငွေကိုလည်း ရယူပြီး ဆောင်ရွက်ပေးရတာရှိပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့ရဲ့နှစ်စဉ်ဘတ် ဂျက်တွေထဲကလည်း ဆောင်ရွက်ပေးတာရှိပါတယ်။ ဒီလိုဆောင်ရွက်ပေးပြီး လျှပ်စစ်ဓာတ်အားပိုမိုတိုးတက်ရရှိနိုင်အောင် လုပ်ဆောင်ရတာဖြစ်ပါတယ်"ဟု ဒုတိယဝန်ကြီးက ပြောကြားသည်။

လျှပ်စစ်လိုအပ်ချက် နေ့စဉ်မြင့်တက်

လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ ဝန်းကျင်ကာလနှင့် နှိုင်းယှဉ်ပါက တိုင်းပြည်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်သည် နှစ်ဆခန့် မြင့်တက်လာနေခြင်း ဖြစ်ပါသည်။ သို့သော် ယခုအချိန်တွင် လျှပ်စစ်ရရှိမှုကလည်း အဆင့်ဆင့်တိုးတက်လာနေခဲ့ပြီး နောက်လာမည့် ငါးနှစ်ပြည့်မြောက်ပါကလည်း နှစ်ဆကျော် တိုးတက်ထုတ်လုပ်လာမည်ဟု လျှပ်စစ်ကဏ္ဍဖော်ဆောင်သူများက ခန့်မှန်းထားကြသည်။ ယင်းအခြေအနေသည် လိုအပ်ချက်များကို လိုအပ်သလောက် ဖြည့်ဆည်းတိုးချဲ့ပေးလျက်ရှိသည့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအတွက် ကြီးမားသည့် စိန်ခေါ်မှုတစ်ရပ်လည်း ဖြစ်သည်။

"ဒီလိုဖြည့်ဆည်းပေးနိုင်ဖို့ နည်းပညာတွေ၊ လုပ်အားတွေ၊ ဘတ်ဂျက်တွေစတဲ့ လိုအပ်ချက်တွေက အများကြီးရှိပါတယ်။ ဒါက ကျွန်တော်တို့ ရင်ဆိုင်နေရတဲ့အရာတွေဖြစ်ပါတယ်။ နောက်တစ်ခုက ပြည်သူလူထုဟာ ယုံကြည်စိတ်ချရတဲ့ လျှပ်စစ်ကို လိုချင်ကြတယ်။ မီးမပျက်ချင်ဘူး၊ မီးအတက်အကျမှန်ချင်တယ်၊ ဝန်ဆောင်မှုကောင်းတာ လိုချင်ကြပါတယ်။ ဝန်ဆောင်မှုကောင်းအောင်လိုချင်တာကို ဖြည့်ဆည်းပေးဖို့ ကြိုးပမ်းနေပါတယ်။ မီးပျက်လျှင်လည်း ကြိုတင်အသိပေးတာမျိုးတွေကို ကျယ်ကျယ်ပြန့်ပြန့်လည်း လုပ်ဆောင်နေပါတယ်။ သို့သော် ဝန်ဆောင်မှုကောင်းအောင်လုပ်ပေးဖို့ ဝန်ထမ်းလိုအပ်ပါတယ်။ ဝန်ထမ်းခန့်အပ်ခွင့်နဲ့ ဝန်ထမ်းဦးရေပမာဏဟာ များစွာကွာခြားနေပါတယ်" ဟု လျှပ်စစ်ဓာတ်အား လူတိုင်းအကျိုးဝင်ရရှိအသုံးပြုရေးအတွက် စိန်ခေါ်မှုများအကြောင်းကိုလည်း ဒုတိယဝန်ကြီးက ပြောပြသည်။

လျှပ်စစ်ဝန်ထမ်းများ၊ ကျွမ်းကျင်လျှပ်စစ်ပညာရှင်များ နည်းပါးနေခြင်းကို ပြည်သူက သတိမထားမိ၊ ဝန်ထမ်းပမာဏ ဖြည့်တင်းရန်အတွက် အတားအဆီးများ ရှိနေသည်မှာ အမှန်ပင်ဖြစ်ကြောင်း လျှပ်စစ်ဝန်ထမ်းများထံမှ သိရှိရသည်။

ဝန်ဆောင်မှုအတွက် အမှုထမ်းလိုအပ်

"မီးပျက်နေတယ်လို့ပြောရင် ချက်ချင်းလာပြီး ပြင်ပေးတဲ့ဝန်ဆောင်မှုမျိုးကို ပြည်သူတွေက လိုချင်ကြတယ်။ အဲဒီလိုအတွက် ဝန်ထမ်းလိုအပ်သလို ချက်ချင်းသွားနိုင်ဖို့ ယာဉ်၊ ယန္တရားလိုအပ်ပါတယ်။ ဒါကြောင့် ဒီလိုစိန်ခေါ်မှုတွေ ကို ယနေ့ထိ ဖြေရှင်းနိုင်ဖို့ ခက်ခဲနေတဲ့ စိန်ခေါ်မှုတွေဖြစ်ပါတယ်" ဟု ဒုတိယဝန်ကြီးကပြောသည်။

မြန်မာနိုင်ငံအတွင်း မဖြစ်မနေ ဖြန့်ဖြူးပေးနေရသည့် လျှပ်စစ်ကဏ္ဍသည် အဆမတန် ကြီးမားသည့် အရှုံးပေါ်ခြင်းကိုလည်း ရင်ဆိုင်နေကြရသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အရှုံးပမာဏမှာ ငွေကျပ် ၄၂၂ ဘီလီယံကျော်ရှိခဲ့ပြီး ထုတ်လုပ်ရေးကဏ္ဍတစ်ခုတည်းတွင် အရှုံးပြပမာဏဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ စာရင်းဇယားများအရသိရှိရသည်။ အဆိုပါနှစ်ကဘတ်ဂျက်ကြိုတင်တွက်ချက်ခန့်မှန်းရာတွင် ငွေကျပ်ဘီလီယံ ၃၆၀ ကျော် ဆုံးရှုံးမည်ဟု ခန့်မှန်းသော်လည်း လက်တွေ့ဆုံးရှုံးမှုမှာ ငွေကျပ် ၄၂၂ ဘီလီယံအထိ မြင့်တက်ခဲ့သည်။ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် အရှုံးခန့်မှန်းခြေတွက် ချက်ထားသည့် ဘတ်ဂျက်မှာ ငွေကျပ်ဘီလီယံ ၆၀၀ ကျော်ဖြစ်ပြီး ယင်းအရှုံးကို လျော့နည်းသက်သာစေရန်အတွက် ဝန်ကြီးဌာနမှ တာဝန်ရှိသူများသည် ဓာတ်အားထုတ်လုပ်မှု ကုန်ကျစရိတ်ကို လျော့နည်းသက်သာစေရန် ကြိုးပမ်းခဲ့ကြကြောင်း သိရှိရသည်။

အရှုံးကိုကာမိမှသာ ပိုမိုတိုးချဲ့ထုတ်လုပ်နိုင်

အရှုံးကို ကာမိစေရန်အတွက် ရေအားလျှပ်စစ်မှ ရရှိလာမည့်ဓာတ်အားကို ပိုမိုတိုးချဲ့ထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပြီး ရေအားလျှပ်စစ်ဖြင့် ဓာတ်အား ထုတ်လုပ်ခြင်းစနစ်သည် စရိတ်ပိုမိုသက်သာနိုင်ခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။ "လျှပ်စစ်လည်းပိုထွက်ပြီး ထုတ်လုပ်မှုကုန်ကျစရိတ်က ပိုသက်သာမှသာ အရှုံးကိုပိုပြီး ထိန်းနိုင်မယ်။ ပြည်သူတွေလိုတဲ့ လျှပ်စစ်ကိုလည်း ပိုထုတ်နိုင်မယ်ဆိုတဲ့ သဘောနဲ့ ဆောင်ရွက်ခဲ့တဲ့အတွက် အဲဒီနှစ်မှာ ငွေကျပ် ၁၆၂ ဘီလီယံလောက် အရှုံးကို သက်သာခဲ့ပါတယ်။ အမေရိကန်ဒေါ်လာနဲ့ဆိုရင် ဒေါ်လာ ၁၀၆ သန်း အရှုံးသက်သာတာဖြစ်ပါတယ်" ဟု အစိုးရသစ်၏ တတိယ (၁) နှစ်တာအတွင်း လုပ်ဆောင်ခဲ့သည့်အခြေအနေများကို ဒုတိယဝန်ကြီးက ပြန်လည်ရှင်းပြသည်။

ဘတ်ဂျက်စာရင်းအရ ခြောက်လတာဘတ်ဂျက်ဖြတ်သန်းချိန် အစဝယ်အရှုံးခန့်မှန်းတွက်ချက်မှုတွင် ငွေကျပ် ၃၀၉ ဘီလီယံအထိ ရှိနေသော်လည်း ငွေကျပ် ၇၆ ဘီလီယံခန့် အရှုံးသက်သာစေရန် ကြိုးပမ်းခဲ့ရကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရှိရသည်။

"ဒီကာလတစ်လျှောက်မှာ အများကြီး ရှုံးခဲ့ပါတယ်။ ဒီပမာဏတွေထဲက အများကြီးထပ်ပြီး အရှုံးသက်သာအောင် ကြိုးပမ်းနေပါတယ်။ အရှုံးပေါ်နေတဲ့အတွက် လျှပ်စစ်ဓာတ်အားကနေ ပြောင်းလဲရမယ်ဆိုတာကို ပြည်သူတွေသိအောင် အစဉ်တစိုက် ပြောကြားနေပါတယ်" ဟု ဒုတိယဝန်ကြီးက ဆိုသည်။

၂၀၁၈ ခုနှစ် မေလအတွင်း တစ်နေ့လျှင် ရေနံစိမ်းစည် ၁၆၀ စည်ခန့် တိုးတက်ထုတ်လုပ်နိုင်မှုကြောင့် ယခုအခါ ချောက်ရေနံမြေမှ နေ့စဉ် ရေနံစိမ်း ၁၁၉၀ စည်ခန့် ထုတ်လုပ်လျက်ရှိသည်။

ကြီးမားသည့်အရှုံးကိုပပျောက်အောင် မစွမ်းဆောင်နိုင်သေး

ဓာတ်အားခအရှုံးပေါ်တိုင်း ပြည်သူပေးဆောင်ရသည့် ဓာတ်အားခ မြင့်တက်မည် မဟုတ်ဘဲ အရှုံးပေါ်သည့် ပမာဏကို လုပ်ငန်းဆောင်ရွက်သည့်အခါ အရှုံးလျော့နည်းစေရေးကို ပထမဦးစွာ ကြိုးပမ်းခဲ့ကြောင်း၊ ထုတ်လုပ်မှုစရိတ် လျှော့ချခြင်း၊ ဓာတ်အားပျောက်ဆုံးမှုကို လျော့နည်းအောင်လုပ်ခြင်း၊ စဉ်ဆက်မပြတ်ဓာတ်အားပေးနိုင်ခြင်းဖြင့် ဝင်ငွေတိုးအောင် ကြိုးပမ်းရကြောင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကုန်ကျစရိတ်တွင် လျှပ်စစ်တစ်ယူနစ်ထုတ်တိုင်း ငွေကျပ် ၁၁၀ မှ ၁၁၅ အထိ ကုန်ကျသည့်အချိန်ဝယ် ပြည်သူလူထုအတွက် တစ်ယူနစ်လျှင် ငွေကျပ် ၃၅ မှ ၅၀ အကြားရောင်းချခြင်းသည် ထုတ်လုပ်မှုစရိတ်နှင့် ရောင်းချမှုစရိတ်တို့ များစွာကွာခြားသည့်အတွက် မည်မျှပင် ကြိုးစားပမ်းစားဆောင်ရွက်ထားသော်လည်း အရှုံးပမာဏကြီးမရှိအောင် ဆောင်ရွက်နိုင်ခြင်း မရှိသေးကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဌာနမှ သိရှိရသည်။

"ဒါကြောင့် သင့်တင့်မျှတတဲ့ ဓာတ်အားခတွေကို တောင်းခံမှသာ အရှုံးကို ကာမိအောင် ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။ ဒီအရှုံးဟာ လျှပ်စစ်မီးသုံးစွဲခွင့်ရနေတဲ့ ၄၄ ရာခိုင်နှုန်းသော ပြည်သူတွေအတွက် အရှုံးဖြစ်ပါတယ်။ ဒီငွေတွေဟာ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေလို့ ပြောပေမယ့် ၁၀၀ ရာခိုင်နှုန်းသော ပြည်သူများရဲ့ငွေကြေးဖြစ်ပါတယ်။ လျှပ်စစ်မရသေးတဲ့ ၅၆ ရာခိုင်နှုန်းနဲ့ သက်ဆိုင်တဲ့ဘဏ္ဍာငွေ ဖြစ်ပါတယ်။ သူတို့တွေ အကျိုးခံစားခွင့်မရပါဘူး။ ဒါကြောင့် လျှပ်စစ်ဓာတ်အားမရတဲ့သူတွေအတွက် ကြိုးပမ်း တည်ဆောက်ပေးတယ်။ ဒါကြောင့် လျှပ်စစ်ရရှိပြီး ပြည်သူတွေက လျှပ်စစ်မရသေးတဲ့ ပြည်သူတွေကို ကိုယ်ချင်းစာတရားထားပြီး ကိုယ်သုံးတဲ့ လျှပ်စစ်ရဲ့တန်ဖိုးကိုပေးသွင်းခြင်းဖြင့် ကျန်တဲ့လျှပ်စစ်မရသူတွေအတွက် အကျိုးဖြစ်ထွန်းပြီး၊ လျှပ်စစ်ကဏ္ဍ ဖူလုံပြည့်စုံလာအောင် ဆောင်ရွက်နိုင်မှာပဲဖြစ်ပါတယ်" ဟု လျှပ်စစ်ကဏ္ဍနှင့်ပတ်သက်၍ နိုင်ငံတော်မှ ဦးဆောင်ဖြေရှင်းပေးနေရသည့် အနေအထားကို ဒုတိယဝန်ကြီးက တတိယ (၁) နှစ်တာအတွင်း ဆောင်ရွက်မှုအဖြစ် ရှင်းလင်းပြောကြားသည်။

စွမ်းအင်ကဏ္ဍအဖြေရှာ

လျှပ်စစ်ကဏ္ဍကဲ့သို့ပင် စွမ်းအင်ကဏ္ဍသည် မြန်မာ့စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အရေးပါသည့် ကဏ္ဍတစ်ရပ်ဖြစ်ပါသည်။ စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် လျှပ်စစ်ဓာတ်အား ပိုမိုတိုးတက်ထုတ်လုပ်ပေးနိုင်မည် ဖြစ်သည့်အပြင် နိုင်ငံ၏ အဓိက ကျသည့်ဝင်ငွေကို စွမ်းအင်ကဏ္ဍမှ ရရှိဖြည့်ဆည်းပေးလျက်ရှိပါသည်။ နိုင်ငံ၏ စီးပွားရေး အခြေခံမြင့်မားစေရန်အတွက် စွမ်းအင်အရင်းအမြစ်များတူးဖော်ခြင်းမှ ပိုမိုရောင်းချရခြင်းဖြင့် ဖော်ဆောင်ကြရသည်။ စွမ်းအင်ကဏ္ဍ မြင့်မားတိုးတက်ရေးအတွက် အဓိကမှာ ရေနံရှာဖွေရေးပင်ဖြစ်သည်။ ထို့အပြင် သဘာဝဓာတ်ငွေ့ရှာဖွေမှုများကိုလည်း လုပ်ဆောင်ကြရသည်။ ယင်းကဲ့သို့ ရှာဖွေထုတ်လုပ်နိုင်ရန်အတွက် အစမ်းတွင်းပေါင်းများစွာကို ပထမဦးစွာရှာဖွေတူးဖော်ကြရသည်။

"အစိုးရသစ်တာဝန်ယူပြီး ယခုတတိယ (၁) နှစ်တာအတွင်းမှာ ကုန်တွင်းပိုင်း ရေနံ တွင်းပေါင်း ၂၂ တွင်းကို တူးဖော်ခဲ့ပါတယ်။ အဲဒီကုန်းတွင်း ရေနံတွင်း ၂၂ တွင်းကနေ ရေနံစည်ပေါင်း ၂ ဒသမ ၃၁ သန်းကို ထုတ်လုပ်နိုင်ခဲ့ပါတယ်။ သဘာဝဓာတ်ငွေ့ထုတ်လုပ်နိုင်မှုက ကုဗပေသန်း ၁၉၀၁၉ အထိ ထုတ်လုပ်ခဲ့ပါတယ်" ဟု ဒုတိယဝန်ကြီးက ပြောကြားသည်။

ကုန်းတွင်းပိုင်းအပြင် ကမ်းလွန်ရှာဖွေရေးများအနေဖြင့် ကမ်းလွန်တွင်း ၄၆ တွင်းကို တူးဖော်ခဲ့ပြီး ရေနံ(လေဆီ)စည်ပေါင်း ၁ ဒသမ ၀၂ သန်းနှင့် သဘာဝဓာတ်ငွေ့ ၆၀၄၈၁၈ ကုဗပေသန်းကို ထုတ်လုပ်နိုင်ခဲ့ကြောင်း တစ်နှစ်တာမှတ်တမ်းများအရ သိရှိရသည်။ ကုန်းတွင်းနှင့် ကမ်းလွန်ထုတ်လုပ်မှု ပမာဏစုစုပေါင်းမှာ ရေနံစည်ပေါင်း ၃ ဒသမ ၃၃ သန်းနှင့် သဘာဝဓာတ်ငွေ့ ၆၂၃၈၃၈ ကုဗပေသန်း ထုတ်လုပ်နိုင်ခဲ့ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ကိန်းဂဏန်းများအရ သိရှိရသည်။

ကမ်းလွန်လုပ်ကွက်များသည် နိုင်ငံအတွက် အလွန်အရေးကြီးသည့် စီးပွားရေးအခြေခံကောင်းများဖြစ်ကြပြီး ကမ်းလွန်တွင်ရှိနေသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့များ ရှာဖွေဖော်ထုတ်တွေ့ရှိခြင်းဖြင့် လတ်တလောတွင် ရှာဖွေနိုင်သမျှ စွမ်းအင်များကို ထုတ်လုပ် ရောင်းချနိုင်မည်ဖြစ်သည့်အပြင် ရေနံသိုက်များနှင့်သဘာဝဓာတ်ငွေ့သိုက်များကို ရှာဖွေတွေ့ရှိမည်ဆိုပါက မြန်မာနိုင်ငံသည် နောင်အနှစ် ၂၀ ခန့် ကြိုးစားရှာဖွေကြရမည့် ဝင်ငွေမျိုးကို အချိန်တိုအတွင်း တိုးတက်ရရှိနိုင်မည်ဖြစ်သည်။

ရွှေကမ်းလွန်သဘာဝဓာတ်ငွေ့စီမံကိန်း။

အချပ်ပို (ဃ) သို့

အချပ်ပို (ဂ) မှ

ဝင်ငွေရရှိခြင်းအပြင် ထွက်ရှိလာသည့် စွမ်းအင်အရင်းအမြစ်များကို အသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံများအနက် အရေးပါသော လျှပ်စစ်ဓာတ်အားရရှိရေး အားကောင်းလာသည်နှင့်အမျှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြှင့်လုပ်ဆောင်နိုင်ခြင်းကြောင့် ကမ်းလွန်လုပ်ကွက်အသစ်များကို ဝန်ကြီးဌာနမှ ရှာဖွေဖော်ထုတ်နေခြင်းဖြစ်ကြောင်း သိရှိရသည်။ အစိုးရသစ်လက်ထက် ယခုကာလအတွင်း ကမ်းလွန်စီမံကိန်းလုပ်ကွက်အသစ် လေးခုကို ဆောင်ရွက်လျက်ရှိသည်။ လုပ်ကွက်အသစ်များမှာ A6၊ AD1၊ AD7 နှင့် M3 တို့ဖြစ်ကြသည်။

"အစိုးရသစ်ရဲ့တတိယ (၁)နှစ်တာအတွင်းမှာ ဝန်ကြီးဌာနကနေ အလားအလာ ကောင်းတဲ့ လုပ်ကွက်သစ်ကို ပြသစရာ ရှိလာပါတယ်။ အဲဒါကတော့ ကျွန်တော်တို့ ကမ်းလွန်စီမံကိန်းလုပ်ကွက်လေးခုအနက်မှာ ဧရာဝတီတိုင်းဒေသကြီး အနောက် မြောက်ဘက်မှာရှိတဲ့ ကမ်းလွန်လုပ်ကွက်အမှတ် A6 မှာ တူးဖော်ခဲ့တဲ့ ရှာဖွေရေးတွင်းငါးတွင်း ရှိတဲ့အနက် ရွှေရည်ထွန်း (၂) တွင်းရဲ့ထူးခြားမှုဖြစ်ပါတယ်။ အဲဒီ ရွှေရည်ထွန်း (၂) တွင်းကို စမ်းသပ်ရှာဖွေတဲ့အခါ သဘာဝဓာတ်ငွေ့ခိုအောင်းနေတယ်ဆိုတဲ့ တွေ့ရှိချက်ကို ရရှိခဲ့ပြီး အဲဒီတွေ့ရှိချက်နောက်မှာ စီးပွားဖြစ်ထုတ်လုပ်နိုင်မယ့် အလားအလာကောင်း ရလဒ်တွေကိုရရှိခဲ့တာဟာ အင်မတန်ဝမ်းသာစရာကောင်းပါတယ်" ဟု ဒုတိယ ဝန်ကြီးက ပြောကြားသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ရည်မှန်းချက်များအနက် စွမ်းအင်ကဏ္ဍ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ရေနံနှင့် သဘာဝဓာတ်ငွေ့ကို ထပ်မံတိုးတက်ထုတ်လုပ်နိုင်ခွင့်ရရှိရေးကို အလေးထားဆောင်ရွက်နေကြောင်း သိရသည်။ လက်ရှိတွင် ရှာဖွေတူးဖော်လျက်ရှိသည့် လုပ်ကွက်များစွာရှိပြီး ယင်းတို့ကို ပိုမိုတိုးချဲ့ရှာဖွေနိုင်ရန် ဖော်ဆောင်နေသည့်အပြင် ရှာဖွေတူးဖော်ထုတ်လုပ်နိုင်ခြင်း မရှိသေးသည့် လုပ်ကွက်များကို ရှာဖွေရကြောင်းသိရသည်။

ကုန်းတွင်းပိုင်းလုပ်ကွက်များအနက်မှ ရေနံနှင့် သဘာဝဓာတ် ငွေ့ပိုမိုရရှိအောင်ဆောင်ရွက်နိုင်မည့် လုပ်ကွက် ၁၈ ကွက်ခန့်နှင့် ကမ်းရိုးတန်းပင်လယ်ပြင် ကမ်းလွန်လုပ်ကွက်အနေဖြင့် ၁၅ ကွက်ခန့် ရှိနေသေးကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရှိရသည်။

ကုန်းတွင်ပိုင်းနှင့် ကမ်းလွန်တို့ရှိ လစ်လပ်နေသည့် လုပ်ကွက်များကို ဝန်ကြီးဌာနမှ အပြည်ပြည်ဆိုင်ရာ တင်ဒါစနစ်ဖြင့် လုပ်ငန်းရှင်များအား အကျိုးတူပူးပေါင်း ဆောင်ရွက်နိုင်ရန်အတွက် ရည်ရွယ်လုပ်ဆောင်လျက်ရှိရာ ၂၀၁၉ ခုနှစ်အတွင်းမှာ ပွင့်လင်းမြင်သာသည့် တင်ဒါစနစ်ဖြင့် နိုင်ငံတကာက ရေနံနှင့် သဘာဝဓာတ်ငွေ့ကို နိုင်ငံတကာ ရေနံနှင့် စွမ်းအင်ကုမ္ပဏီကြီးများဖြင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်သည်။

"ကုန်းတွင်းမှာ ထုတ်လုပ်တဲ့ ရေနံစိမ်းတွေကို ကိုယ်တိုင်ချက်လုပ်ပါတယ်။ ချက်လုပ်တဲ့ အခါမှာ ယခုတတိယ(၁)နှစ်တာအတွင်းမှာ ချက်လုပ်ပြီးစီးတဲ့ ရေနံစိမ်းက မက်ထရစ်တန်ပေါင်း ၂၅၁၅၀၉ တန်ဖြစ်ပါတယ်။ အဲဒီလို ချက်လုပ်ခဲ့တဲ့အတွက် ဓာတ်ဆီ မက်ထရစ်တန် ၆၇၀၈၀ နဲ့ ဒီဇယ်ဆီ ၁၁၀၂၄၂ မက်ထရစ်တန်တို့ ရရှိခဲ့ပါတယ်။ ရေနံချက်လုပ်ပြီး ထွက်ရှိလာတဲ့ ရေနံထွက်ပစ္စည်းတွေကို ရောင်းချနိုင်ခဲ့တဲ့အတွက် ရောင်းချနိုင်တဲ့ဝင်ငွေဟာ အရင်နှစ်ကထက် ၃၈ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်ပြီး ဝင်ငွေရရှိအောင်ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ဒုတိယဝန်ကြီးက ရေနံစိမ်းများ ချက်လုပ်ရောင်းချမှုနှင့်စပ်လျဉ်း၍ ပြောကြားသည်။

လွန်ခဲ့သည့်နှစ်ပေါင်းများစွာကပင် ရေနံဓာတ်ငွေ့ရည်ကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ထုတ်လုပ်ရောင်းချလျက်ရှိသည်။ ကုန်းတွင်းပိုင်းဓာတ်ငွေ့ကို အသုံးပြု၍ ရေနံဓာတ်ငွေ့ရည်ကို ထုတ်လုပ်ခြင်းဖြစ်ပြီး ယင်းသို့ထုတ်လုပ်ရာတွင် LPG ဓာတ်ငွေ့ရည် ထုတ်လုပ်နိုင်မှုသည် အကန့်အသတ်များစွာရှိနေကြောင်း သိရသည်။ တိုးတက်ပြောင်း လဲလာသည့် လူမှုဘဝများအကြား LPG ဓာတ်ငွေ့ရည် ပိုမိုသုံးစွဲလာကြသည့် အချိန်တွင် ဝန်ကြီးဌာနမှ တာဝန်ယူ ထုတ်လုပ်ဖြန့်ဖြူးပေးနေသည့် ပမာဏသည် လက်ရှိဈေးကွက် အတွင်း လိုအပ်သည့်ပမာဏရရှိရန် မလွယ်ကူသည့်အတွက် ဖြည့်ဆည်းပေးနိုင်မည့် နည်းလမ်းများအနက်မှ ပုဂ္ဂလိက ကဏ္ဍ ပူးပေါင်းပါဝင်မှုကို ပိုမိုတိုးတက်နိုင်ရန်အတွက် တတိယ (၁) နှစ်တာအတွင်း ကြိုးပမ်းဆောင်ရွက်ပေးခဲ့သည်ကို မြင်တွေ့ရသည်။

သံတွဲမြို့ရှိ သူဌေးရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်ကို တွေ့ရစဉ်။

"လျှပ်စစ်လည်းပိုထွက်ပြီး ထုတ်လုပ်မှု ကုန်ကျစရိတ်က ပိုသက်သာမှသာ အရှုံးကိုပိုပြီး ထိန်းနိုင်မယ်။ ပြည်သူတွေလိုတဲ့ လျှပ်စစ်ကိုလည်း ပိုထုတ်နိုင်မယ်ဆိုတဲ့ သဘောနဲ့ ဆောင်ရွက်ခဲ့တဲ့အတွက် အဲဒီနှစ်မှာ ငွေကျပ် ၁၆၂ ဘီလီယံလောက် အရှုံးကို သက်သာခဲ့ပါတယ်။ အမေရိကန်ဒေါ်လာနဲ့ဆိုရင် ဒေါ်လာ ၁၀၆ သန်း အရှုံးသက်သာတာဖြစ်ပါတယ်"

ကုန်းတွင်းပိုင်းတွင် ထွက်ရှိသည့် သဘာဝဓာတ်ငွေ့ကို အသုံးပြုပြီး ရေနံဓာတ်ငွေ့ရည်ကို ထုတ်လုပ်ရာတွင် အများပြည်သူတွေ သက်သက်သာသာနဲ့ ချက်ပြုတ်သုံးစွဲကြချိန်များတွင် အသုံးပြုနိုင်အောင် ရည်ရွယ်ခြင်းဖြစ်ပြီး အစိုးရသစ်ရဲ့ တတိယ (၁)နှစ်တာအတွင်းမှာ ရေနံဓာတ်ငွေ့ရည် LPG တန်ချိန်ပေါင်း ၈၅၈ မက်ထရစ်တန်အထိ ထုတ်လုပ်ထားသည်ကို ဝန်ကြီးဌာန ကိန်းဂဏန်း အချက်အလက်များအရ သိရှိရသည်။

"ဒါကြောင့် ရေနံဓာတ်ငွေ့ရည် လုပ်ကိုင်ခွင့်တွေကို လိုင်စင်တွေ ချထားပေးခဲ့ပါတယ်။ လိုင်စင်တွေကို လုပ်ငန်းဆောင်ရွက်မှုအမျိုးအစားကို လိုက်ပြီး စုစုပေါင်း ခုနစ်မျိုး သတ်မှတ်ထားပါတယ်။ အစိုးရသစ်လက်ထက် တတိယ(၁)နှစ်တာအတွင်းမှာ ပုဂ္ဂလိက ကဏ္ဍကို လိုင်စင်တွေထုတ်ပေးထားခဲ့ရာမှာ အရေအတွက်အားဖြင့် ၆၂၉ ခုအထိ ရှိလာပြီဖြစ်ပါတယ်။ တစ်နိုင်ငံလုံးမှာ ကျယ်ကျယ်ပြန့်ပြန့် ဖွင့်လှစ်ရောင်းချနိုင်ဖို့အတွက် ရည်ရွယ်လုပ်ဆောင်တာလည်း ဖြစ်ပါတယ်" ဟု ဒုတိယဝန်ကြီးက ပြောကြားသည်။

အလားတူ လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွင်း မြေသြဇာအဖြစ် အသုံးပြုနိုင်ရေးအတွက် ယူရီးယားဓာတ်မြေသြဇာကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ယူ ထုတ်လုပ်ရောင်းချပေးလျက်ရှိကြောင်း သိရှိရသည်။ ဓာတ်မြေသြဇာ ထုတ်လုပ်မှု အပိုင်းတွင် တတိယ(၁) နှစ်တာအတွင်း မက်ထရစ်တန်ပေါင်း ၁၂၇၉၄၁ အထိ ထုတ် လုပ်ခဲ့သည်ကို မြင်တွေ့ရသည်။ အဆိုပါ ဓာတ်မြေသြဇာစက်ရုံမှ ထုတ်လုပ်ရောင်းချလျက်ရှိသည့် ဝင်ငွေသည် ပြီးခဲ့တဲ့နှစ်နှင့်နှိုင်းယှဉ်ပါက ငွေကျပ် ၇၁ ဘီလီယံကျော် တိုးတက်ရှာဖွေပေးနိုင်ခဲ့ခြင်း ဖြစ်သည်။

ယခင်က ဓာတ်မြေသြဇာ စက်ရုံထုတ်လုပ်ရောင်းချရမှုအခြေအနေသည် နှစ်စဉ်နှစ်တိုင်း ငွေကျပ်ဘီလီယံ ၅၀ နီးပါးခန့်အရှုံးပေါ်ခဲ့ကြောင်း သိရှိရပြီး ယင်းအခြေအနေကို အစိုးရသစ်၏ တတိယ (၁)နှစ်အတွင်း စိန်ခေါ်မှုတစ်ရပ်အနေဖြင့် ဖြေရှင်းအောင်မြင်ခဲ့သည့်အတွက် အောင်မြင်မှုရရှိသည့် အခြေအနေဟု ဆိုရပေလိမ့်မည်။

"ကျွန်တော်ပြောတဲ့ တိုးတက်တာတွေ၊ ပြုပြင်ပြောင်းလဲတာတွေက ဌာနရဲ့ အောင်မြင်မှုတွေနဲ့ ကြိုးပမ်းမှုတွေ ဖြစ်ပါတယ်။ ဒါတွေက အလွယ်တကူ ဖြစ်ခဲ့တာမဟုတ်ပါဘူး။ အဲဒီလို ရလဒ်ကောင်းတွေ ဖြစ်လာဖို့ ဝန်ထမ်းတွေ၊ မူဝါဒချမှတ်တဲ့သူတွေနဲ့ ပြည်သူတွေ ပူးပေါင်းပါဝင်မှုလည်း လိုအပ်ပါတယ်။ ယခုအခြေအနေရလဒ်က အကောင်းဖြစ် လာတဲ့အရာတွေရဲ့နောက်ကွယ်မှာ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေ အများကြီးကို ကျော်လွှားဖြေရှင်းခဲ့ကြရတာလည်းဖြစ်ပါတယ်" ဟု လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဆိုင်ရာ ဖြစ်ပေါ်ပြောင်းလဲမှုများအပေါ် ဒုတိယဝန်ကြီးက သုံးသပ်ပြောကြားသည်။

နိုင်ငံ၏ ဂျီဒီပီကို တိုးတက်စေသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုမို ရရှိရောင်းချနိုင်ရေး ကိစ္စရပ်ကို အဖြေရှာရန်အတွက် ဝန်ကြီးဌာနမှ ဦးဆောင်ကာ အစမ်းတွင်းနဲ့ ရှာဖွေရေးတွင်း အမြောက်အမြားကို တူးဖော်ခဲ့ကြရပြီး ယင်းသို့တူးဖော်ရာတွင် မထင်မှတ်ထားသည့် အခက်အခဲများ၊ အတားအဆီးများရှိကြောင်း သိရှိရသည်။

"ကုန်းတွင်းပိုင်းဆိုရင် လယ်ယာမြေကွက်တွေပေါ်မှာ သွားရောက်ပြီး တူးရတဲ့ကိစ္စတွေရှိတာမို့ လယ်မြေ၊ ယာမြေပိုင်ဆိုင်သူတွေနဲ့ သူတို့ရဲ့ပိုင်ဆိုင်တဲ့ လုပ်ကွက်မှာရှာဖွေရတော့ စေ့စပ်ညှိနှိုင်းဖြေရှင်းရတာတွေကို ဆောင်ရွက်ရင်းနဲ့ တိုင်းပြည်ရဲ့ ဝင်ငွေတိုးအောင် လုပ်ကိုင်ရတာ ဖြစ်ပါတယ်"ဟု ဝန်ကြီးဌာနမှ တာဝန်ရှိသူက ပြောကြားသည်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးလာစေရေးအတွက် အခြေခံအဆောက်အအုံဖြစ်သည့် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍသည် ပြည်သူများ အကျိုးစီးပွားနှင့်လည်း သက်ဆိုင်သည့် ကဏ္ဍတစ်ရပ်ဖြစ်ပါသည်။

နွေကာလသို့ ရောက်ရှိလာခဲ့ပြီဖြစ်သဖြင့် ရေအားကိုအခြေခံသည့် လျှပ်စစ်ဓာတ်အားကို အဓိကသုံးစွဲသော မြန်မာနိုင်ငံအတွက် ယခုကာလသည် ဓာတ်အားထုတ်လုပ်မှု လျော့နည်းကျဆင်းတတ်သည့် ကာလတစ်ခုဖြစ်ပါသည်။ သို့သော် နည်းပညာတိုးတက်မှုများနောက်ကို အမီလိုက်သည့်ကာလမို့ လေအေးပေးစက်များအပါအဝင် အခြားသော လျှပ်စစ်ဓာတ်အားဝန်ပိုအသုံးပြုမှုများသည်လည်း ပိုမိုသုံးစွဲလာဖွယ် ရှိနေပါသည်။ ပြည်သူများအနေဖြင့် မိမိတို့ မဖြစ်မနေလိုအပ်သည့် လျှပ်စစ်ဓာတ်အားကိုသာ သုံးစွဲပြီး အလဟဿဖြစ်စေမည့် လျှပ်စစ်ဓာတ်အားများကို ချိုးခြံချွေတာခြင်းဖြင့် လျှပ်စစ်ဓာတ်အား မရရှိသေးသည့် ဒေသများအတွက်ပါ ထည့်သွင်းစဉ်းစားပေးရန် လိုအပ်နေသည်ကိုလည်း မြင်တွေ့ရပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။

ဓာတ်အားလိုင်းကြိုးသွယ်တန်းခြင်း လုပ်ငန်းကို ဤသို့ သက်စွန့်ဆံဖျား ဆောင်ရွက်ကြရသည်။